www.burmeseclassic.com



www.burmeseclassic.com

သင်မြွှတ်နိုး




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်သန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
၌န်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၃လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဗိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၁၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
သင်မြတ်နိုး
သံယောဇဉ် တွယ်တာနေမိသည်/သင်မြတ်နိုး။ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၄။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) သံယောဇဉ် တွယ်တာနေမိသည်


11 JAN 2014

အခန်း ( ၁ )

အဖေ့မျက်နှာကို ဖွေးသီရိ ငေးကြောင်စွာ စိုက်ကြည့်နေမိသည်။

ဝိန်လှိုညိုးရော်နေတဲ့ အဖေသည် အဆုတ်ကင်ဆာ ဝေဒနာကို ပြင်းပြစွာ ခံစားနေရ၏။

အဖေနှင့် ဖွေးသီရိတို့ သားအဖသာ ရှိနေခဲ့သည်။

အိမ်လေးထဲမှာ ...

ချောင်းတဟွတ်ဟွတ် ဆိုးနေသော အဖေသည် ဝေဒနာကို ကြိတ်မှိတ်ခံစားနေရပုံပင်။

ဖွေးသီရိ သိပါတယ်။

အဖေ ဟန်ဆောင်နေတာပါ။

ဝေဒနာတွေ ပြင်းပြစွာ ခံစားနေရတာပဲ မဟုတ်လား။

"ဖွေးသီရိ"

"ရှင် ... အဖေ"

ဗိုးလပြည့်စာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အဖေ နေကောင်းပါတယ် ... သမီး ဘာမှစိတ်မကောင်း မဖြစ်ပါနဲ့ကွယ်"

အဖေသည် အမြဲတမ်း လိုအင်ဆန္ဒတွေကို မျိုသိပ်ထားနိုင်သော ဖခင်တစ်ယောက်သာ ဖြစ်သည်။

သားသမီးတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင် စွမ်းအားရှိသလောက် ကြိုးစားလုပ်ဆောင်ခဲ့၏။

မငြိုငြင်။

ပင်ပန်းနွမ်းနယ်မှု ကင်းမဲ့စွာ အဖေ ငွေကြေးတွေ ရှာဖွေပေးခဲ့သည်။

သားသမီးတွေကသာ အဖေ့အပေါ် တာဝန်မကျေခဲ့ပေ။

မမ ...

အစ်ကို ...

ငွေကြေး ပြည့်စုံပါလျက် အဖေ့ကို ပစ်ပယ်ထားခဲ့သည်။

ထောက်ပံ့ ကူညီခြင်းမရှိ။

အဖေက သားသမီးတွေအပေါ် တာဝန်ကျေခဲ့သော အဖေ ဖြစ်သည်။

သူမ စိတ်ထဲမှာ အဖေ့အတွက် စိတ်သောကတွေ ကြီးစွာ ခံစားနေရသည်။

ဆေးဝါးကုသပေးဖို့အတွက် ငွေမရှိ။

ဖွေးသီရိက ပညာသင်နေဆဲ။





မထင်မှတ်ဘဲ အဖေ့ရောဂါ ပေါ်လာသည်။

အဆုတ်ကင်ဆာတဲ့။

ဖွေးသီရိ အဖေ့ကို ဘယ်လိုဆေးကုပေးရမလဲ။

သူမ ... နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ ဖိကပ်ထားမိသည်။

"ဖွေးသီရိ ... "

"ရှင် ... အဖေ"

"အဖေ့အတွက် သမီးရင်ထဲမှာ ဘာတွေရှိနေပဲဆိုတာ အဖေ သိပါတယ် ... အဖေက အသက်ကြီးပြီ၊ သေလူပဲ ... သမီးလေးမှ တာဝန်မယူနိုင်တာဘဲကွယ်"

"အဖေ"

"ဟင်"

"သမီး ... မမဆီ သွားတွေ့မယ်"

"မတွေ့ပါနဲ့ကွယ် ... အဖေ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ဘူး"

ဦးမောင်ညိုကလည်း မိမိ ဒုက္ခတွေကြောင့် သားသမီးတွေ ဒုက္ခမရောက်စေချင်သောကြောင့် ဖြစ်သည်။

"အဖေ နေကောင်းပါတယ်"

"သမီး"

"ဖွေးသီရိအကြောင်း အဖေသိပါတယ်၊ မရှိတဲ့ငွေအတွက် စိတ်သောက မရောက်စေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဖေရယ်"

မဓ် နှင်းသီရိက ငွေကြေး ပြည့်စုံသူ ဖြစ်သည်။

အဖေ့ကို ဘာလို့ ပစ်ပယ်ထားတာလဲ။

ငွေကြေး ချမ်းသာသည်။

ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်နှင့် လက်ထပ်လိုက်၏။

အဖေပင် မသိလိုက်။

ဆင်းရဲနွမ်းပါးတဲ့ အဖေ့ကိုပင် အသိအမှတ်မပြုဘဲ ထားသည်။

ဖွေးသီရိ စိတ်မကောင်း ဖြစ်မိ၏။

အဖေ့ကို ဆေးကုချင်တယ်။

ဘယ်လိုလုပ်ရမလဲ။

"သမီး အလုပ်တစ်ခုတော့ လုပ်မှဖြစ်မယ်ထင်တယ် အဖေ"

သမီး အလုပ်ရှာရမယ်။

အဖေ့အတွက်ရော သီရိဘဝ ရပ်တည်ရေးအတွက်ရော အလုပ်တစ်ခုခုရဖို့ လိုအပ်သည်ဟု ထင်မိလာသည်။

"သမီးအပေါ် အဖေ တာဝန်မကျေခဲ့ဘူး ... အဟွတ် ... ဟွတ်"

အဖေ ချောင်းတွေဆိုးလာသည်။

"အဖေ နေမှမကောင်းတော့ဘဲ ... အနားယူတော့နော် အဖေ သမီးအတွက် ဘာမှမပူပါနဲ့"

"ဖွေးသီရိက လိမ္မာတယ် ... အဖေ သိပါတယ်၊ သမီးလတ်နဲ့





သားကြီးတုန်းက အဖေ တာဝန်ကျေခဲ့တာပဲ"

အဖေ စိတ်မကောင်းဖြစ်နေပုံပင်။

ဆရာဝန်က အဖေ့ကို ဆေးကောင်းကောင်း ကုသမယ်ဆိုရင်တော့ အများဆုံး သုံးလေးနှစ်လောက်တော့ အသက်ရှည်နိုင်တယ်တဲ့။

ဖွေးသီရိ ဆေးကုချင်တယ်။

မသေခင် အဖေ့ကို ချမ်းချမ်းသာသာ နေသွားစေချင်တယ်။

မမလတ်က ယောက္ခမတွေကို ကြောက်နေရတဲ့ဘဝ။

ကိုကြီးက မိန်းမစကားကို မလွန်ဆန်နိုင်။

ဆင်းရဲနွမ်းပါးပြီး ဂုဏ်မဲ့သော အဖေ့ကို ယောက္ခမတစ်ယောက်အဖြစ် သမက်ရော ချွေးမရောက လက်မခံချင်ကြ။

ဖွေးသီရိကတော့ မကျေနပ်ချင်။

အဖေ့အတွက် သီရိ ကြိုးစားရမယ်။

"အဖေ နေကောင်းအောင်နေနော် ... သမီး အပြင်သွားလိုက်ဦးမယ်"

"သမီး"

"ရှင်"

"မမလတ်နဲ့ ကိုကြီးဆီ မသွားနဲ့နော် ... သူတို့ဟာသူတို့ အဆင်ပြေမယ်ဆိုရင်ပဲ အဖေ ကျေနပ်ဝမ်းမြောက်မိပြီကွယ်"

အဖေ စေတနာတွေကို သီရိ နားလည်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနဲ့မမလတ် ဘာလို့ မသိကြတာလဲ။

အခု ...

အိမ်ထောင်ပြုသွားကြတာ နှစ်နှစ်လောက်ရှိနေကြပြီ။

တစ်ယောက်မှ မိဘဆီမလာ။

အဖေက တာဝန်ကျေသည်။

ပညာတွေ တတ်မြောက်အောင် အဖေ ကြိုးစားပြီး သင်ပေးခဲ့၏။

ဖခင်တစ်ယောက်၏ တာဝန်ကျေသည်။

သီရိကျမှ အဖေ နေမကောင်းဖြစ်ရတာပါ။

ဆယ်တန်းမှာ ဂုဏ်ထူးတွေနဲ့အောင်သော သီရိအတွက် ပညာဆက်သင်ခွင့် မရှိတော့။

ကိစ္စမရှိပါဘူး။

အဖေ အသက်ရှင်ဖို့ပဲ။

လူ့လောကကြီးထဲမှာ အဖေတစ်ရက်၊ တစ်စက္ကန့် အသက်ရှင်နေထိုင်သွားစေချင်သည်။

ပြီးတော့ ချမ်းချမ်းသာသာ နေစေချင်သည်။

"သီရိ အလုပ်သွားရှာဦးမယ်နော် ... အဖေ"

"အင်း"

အဖေ့ကို လိုအပ်တာတွေ လုပ်ပေးပြီး သူမထွက်လာခဲ့သည်။





သီရိ ဘာလုပ်ရမလဲ။

သူများတွေလို Computer တွေလည်း မတတ်။ LCCI လည်း မတတ်။

အဖေမှ ငွေမရှာနိုင်တော့တာ။

သီရိကတော့ အဖေ့ကို ဘယ်တော့မှ မပြစ်မတင်ပါဘူး။

ကံပဲပေါ့။

ကိုယ့်အစွမ်းအစနဲ့ ကြိုးစားမယ်။

တစ်ခုတော့ ရှိသည်။

ကိုကြီးနှင့် မမလတ်တို့ကို သွားတွေ့သင့်သည်ဟု ထင်မိသည်။

လောလောဆယ် ...

သီရိမှာ ငွေမှမရှိတာ။

မမလတ်တို့ဆီမှာ အကူအညီတောင်းရမှာပဲ ဖြစ်သည်။

အဖေ့အတွက်ပါ။

စိတ်ကို တင်းလိုက်သည်။

အောက်မကျချင်ပေမယ့် အဖေ့အတွက် တခြားနည်းလမ်းမှ မရှိတော့တာပဲဟာ။

သီရိ ရွေးချယ်ရမှာပဲလေ။

အရင်ဆုံး ...

ကိုကြီးဆီ သွားရမယ်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ နေမကောင်းတာတော့ သားသမီးတွေကိုအသိပေး သင့်သည်။

သီရိအပြစ်ဖြစ်နေမှာ စိုးရသည်။

အဖေက တားနေ၏။

မိဘ်ပဲ ...

မတွေ့ချင်ပဲ နေပါ့မလား။

သီရိအတွက် သားနဲ့သမီးလတ်ကိုတော့ အဖေ တွေ့ချင်နေ ပုံရသည်။

သွားတွေ့တာတော့ မမှားဘူး။

ဆုံးဖြတ်လိုက်ပြီ။

မမလတ်ထက် ကိုကြီးအား အရင်သွားတွေ့သည်။

ကြီးကျယ်ခမ်းနားသည့် ခြံကြီးတစ်ခြံဖြစ်နေ၍ သီရိ ဝင်တွေ့ ရမှာပင် တုန်လှုပ်ချောက်ချားသလိုကြီး ဖြစ်မိ၏။

ခြံဝမှာ ရပ်နေမိသည်။

လူခေါ် ဘဲလ်လေးကို ငေးကြောင်စွာ စိုက်ကြည့်နေမိ၏။

ခေါ်ရင် ကောင်းမလား။

ခြံကြီးရဲ့ ကြီးကျယ်ခမ်းနားမှုတွေက သူမရဲ့ စိတ်တွေကို ခြောက်လှန့်နေသလို။

အဖေကတော့ ဝမ်းသာမှာပဲ။

သားသမီးတွေ ချမ်းသာလျှင် အဖေ ဝမ်းသာပျော်ရွှင်နေ





တတ်သည်။

မိဘမေတ္တာပဲ။

မထူးတော့ ...

ရောက်လာပြီးမှပဲ။

လူခေါ် ဘဲလ်ကို အသာအယာနှိပ်ပစ်လိုက်မိသည်။

သီရိ ရင်တွေတုန်လာ၏။

အတော်လေး ထိန်းချုပ်ထားမိသည်။

ခြံကြီးထဲမှ လူကြီးတစ်ယောက် ထွက်လာ၏။

"မင်း ဘယ်သူနဲ့တွေ့ချင်လို့လဲ မိန်းကလေး"

"ကိုကြီး"

"ဘယ်သူ"

"ကိုကြီးခန့်လင်း"

"ဆရာ ခန့်လင်းလား ... ခဏနော်"

သူမ ...

ရင်တထိတ်ထိတ်နှင့် စောင့်နေမိသည်။

ကိုကြီးက မိန်းမကြောက်ရသည်ဟု သတင်းကြားထား၏။

သူ လာခဲ့တာ မှားပြီလား။

အဖေ့အတွက်ပါ။

ခဏကြာတော့ ...

ကိုကြီး ထိတ်ထိတ်ပြာပြာနှင့် ထွက်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သီရိ ... နင် ဘာလာလုပ်တာလဲ"

"ကိုကြီး ... အဖေ နေမကောင်းဘူးလို့ လာပြောတာပါ"

"ဘာရောဂါလဲ"

"အဆုတ်ကင်ဆာ"

"ဟင်"

ကိုကြီးမျက်နှာက စိုးရိမ်သောကတွေတော့ ရှိနေသည်။

အဖေ့ကြောင့်တော့ မဖြစ်နိုင်။

အိမ်ကြီးဘက်သို့ လှည့်ကြည့်ပြီး ထိတ်ထိတ်ပြာပြာ ဖြစ်နေသည်။

"အဖေ့ကို ဆေးကုချင်တယ်"

"သွား ... သွား ... နင်ပြန်တော့ ... နောက်မှလာခဲ့မယ်"

ကိုကြီးသည် သူ့ငွေးပုံစံတော့ အပြည့်အဝ ဖြစ်နေသည်။

ချမ်းသာနေ၏။

အရင်နှင့်မတူအောင် ဖြူနုချောမောနေသည်။

"ကိုကြီး"

"ဟင်"

"အဖေ့ကို"

"သီရိ"

"ရှင်"

"နင့်ဟာနင် လာတာမဟုတ်လား"





"အင်း"

"ဒီမှာ ကိုကြီးအဆင်မပြေဘူး။ ချမ်းသာတဲ့စည်းစိမ်တွေအားလုံး ယောက္ခမပစ္စည်းတွေပဲဟာ ... အစ်ကိုကြီးကို မနှောက်ယှက်ပါနဲ့"

"ဟင်"

မနှောက်ယှက်ပါနဲ့တဲ့။

အဖေ နေမကောင်းလို့ လာပြောတာပဲ။ နှောက်ယှက်တာလား။

သီရိ စိတ်မကောင်းဖြစ်ရသည်။

သူမ လာတာကိုပင် အိမ်ထဲသို့မခေါ်ရဲ။

ကိုကြီးမှာ ဘာအစွမ်းအစမှ မရှိသလို ဖြစ်နေသည်။

"သီရိ"

"ဟင်"

"ပြန်"

"ကိုကြီး"

"ငါ ဘာမှမကူညီနိုင်ဘူး သီရိ"

"ဟင်"

ကိုကြီးရယ် ...

ရက်စက်လိုက်တာ။

အဖေ့လို တာဝန်ကျေပွန်လွန်းသော ဖခင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အခေါ်မှာ ကိုကြီး တာဝန်မဲ့သင့်ပေ။

ကိုကြီးသည် အင်ဂျင်နီယာ ဘွဲ့ရရှိပြီး ယောက္ခမတွေရဲ့ ကုမ္ပဏီကို ဦးစီးနေရသော လူတစ်ယောက်ဖြစ်သည်။

အဖေ့ကြောင့် ကိုကြီး ပညာတတ်တစ်ယောက် ဖြစ်ခဲ့ရ၏။

တစ်သက်လုံး ... အလုပ်မျိုးစုံလုပ်ပြီး သားသမီးတွေကို ပညာသင်ခဲ့သည်။

"ကိုကြီး သိပ်ရက်စက်တာပဲ"

"ဘာ"

"အဖေ့ကြောင့် ကိုကြီး ပညာတတ်တစ်ယောက် ဖြစ်လာတာ မဟုတ်လား"

"နင် မသိပါဘူး သီရိ ... အိမ်ထောင်ကျလာတဲ့အခါမှ နင် သိမယ် ... ကိုကြီး ချမ်းသာလာတာ ကိုကြီးအစွမ်းအစကြောင့်မှ မဟုတ်တာဘဲ"

"အဖေက ... "

"လောလောဆယ် ယောက္ခမအလုပ်မှာ ကိုကြီးက ဦးစီးနေရတာပဲ သီရိ ... ကိုယ်ပိုင်ဝင်ငွေမှ မရှိသေးတာပဲ၊ ငါ ဘယ်လို ထောက်ပံ့ရမလဲ သီရိ"

ကိုကြီး ကြည့်ရတာ မိန်းမဘက်က အသိုင်းအဝိုင်းတွေကို ကြောက်နေပုံရသည်။

ချမ်းသာတဲ့ဘဝကို မက်မောနေသလိုပင်။

ဖိုးလပြည့်စာပေ



"တော်ပြီ ... သီရိ သွားတော့မယ်၊ ကိုကြီးဟာ အစွမ်းအစ မရှိတဲ့ ယောကျ်ားတစ်ယောက်ပဲဆိုတာ သိသွားပြီ ... အဖေတစ်ယောက်ကိုတောင် တာဝန်မယူနိုင်ဘူး"

"သီရိ နင် အိမ်ထောင်ကျမှ သိမယ် ... ကိုကြီးကို နားလည်ပေးပါဟာ ... မိန်းမက ... "

"တော်ပြီ ... သီရိ ပြန်မယ်"

"သီရိ"

"ဟင်"

"ရော့"

အိတ်ထဲမှ ငါးထောင်တန် နှစ်ရွက်အား ထုတ်ပြီးပေးနေသည်။

"မယူပါဘူး"

ခပ်ပြတ်ပြတ်ပြောပြီး ကိုကြီးအား ကျောခိုင်းထွက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"မလတ်"

"ဟင်"

"နင် ဘာဖြစ်နေတာလဲ"

မလတ်နှင့်သီရိက အသက်ချင်း သိပ်မကွာလှပေ။

ချောမောသော မလတ်သည် ဝတ်စားပြင်ဆင်ထားပေမယ့် မျက်ဝန်းတွေက ရွှန်းလဲ့တောက်ပမှုတွေ ကင်းမဲ့နေသည်။

"အဖေ နေမကောင်းဘူး ... အဆုတ်ကင်ဆာတဲ့"

"ဟင်"

ကိုကြီးကဲ့သို့ပင် မမလတ်ကလည်း ခြံနှင့်တိုက်နှင့် နေရသည်။

ချမ်းသာ၏။

ယောက္ခမတွေနှင့် နေတာမဟုတ်ပေမယ့် ယောက္ခမတွေရဲ့





အုပ်စီးမှုကို ခံနေရသူပင် ဖြစ်သည်။

"အဖေ့ကို ဆေးကုဖို့ နင်တို့မှာ တာဝန်ရှိတယ်လို့ထင်တယ် မလတ်"

မလတ် မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လာသည်။

"သီရိ"

"ဟင်"

"ငါ ငွေမကိုင်ရဘူး"

"ဟင်"

"မောင်က အိမ်ထဲက အိမ်ပြင်ထွက်တာလည်း မကြိုက်ဘူး"

"အဖေ့ဆီ လာတာပဲ"

"မရဘူး"

"မလတ်တို့က ချမ်းသာတဲ့လူတွေကိုယူပြီး ကိုယ့်အဖေကို တောင် အသိအမှတ် မပြုရဲတဲ့ဘဝမှာ နေရတာ မကောင်းပါဘူး"

ကိုကြီးကလည်း ဒီလိုပဲ ပြောခဲ့သည်။

သူမ ဒေါသတွေဖြစ်နေမိသည်။

မကျေမနပ်လည်း ဖြစ်ရသည်။

ကိုကြီးရော မလတ်ရော အဖေ့အပေါ် တာဝန်မဲ့ချင်ကြတာ ဟု ထင်မိသည်။

အဖေ နေမကောင်းဘူး။

လူ့လောကကြီးထဲက ထွက်ခွာသွားရတော့မယ့်လူကို

www.burmeseclassic.com



ယောက် ဖြစ်နေသည်။

ရက်စက်တယ်။

"နင် ပြန်တော့"

မလတ်ကလည်း အိမ်ထောင်ပြုလိုက်တာ မှားပြီဟု ထင်မိနေသည်။

မောင်က သူမအား လက်ထပ်ယူခဲ့ပြီး မောင့်အမိန့်သြဇာအောက်မှာ ငြိမ်ဝပ်ပိပြားစွာ နေခဲ့ရ၏။

အိမ်ရှင်မ တစ်ယောက်ဖြစ်ပြီး ဘာအခွင့်အာဏာမှ မရှိ။

မောင် ထားရာနေ စေရာသွား။

အိမ်ထဲမှာ တစ်ယောက်တည်း နေရတဲ့ဘဝ။

ယောက္ခမတွေကလည်း ဆင်းရဲနွမ်းပါးသော ချွေးမဖြစ်၍ နှိမ်ချင်သည်။

ဆေးကျောင်းတက်နေဆဲ မောင်နှင့်လက်ထပ်ခဲ့၏။

ဘာမှ မတတ်နိုင်။

သူ့ကို ကျောင်းဆက်မတက်ရတော့ဘူးတဲ့။

"မလတ်"

"ဟင်"

"မလတ် ကျောင်းဆက်တက်သေးလား"

"ဟင့်အင်း"

"ဘာ"





မမသည် စာအလွန်တော်သူ ဖြစ်သည်။

ဆေးကျောင်းတက်ရင်း ယောကျ်ားယူသွား၏။

အဖေသည် ကိုကြီးနှင့် မမလတ်အတွက် ဘယ်လောက်အထိ အလုပ်တွေ ကြိုးစားလုပ်ဆောင်လာခဲ့ရလဲ။

အလုပ်မျိုးစုံ လုပ်ခဲ့သည်။

နေပူမရှောင် မိုးရွာမရှောင် အဖေ အလုပ်လုပ်နေခဲ့ရ၏။

"မောင်က ချမ်းသာလို့ မမ ပညာဆက်သင်စရာ မလိုတော့ဘူးတဲ့၊ အိမ်ရှင်မကောင်းတစ်ယောက်ဖြစ်ဖို့ပဲ လိုလားတယ်တဲ့"

"မမ ပညာတွေ ..."

"မတတ်နိုင်ဘူး"

"အဖေသာသိရင် စိတ်မကောင်းဖြစ်မှာပဲ"

"ငါက အိမ်ထောင်ကျသွားပြီလေ ... မတတ်နိုင်ဘူး၊ ယောကျ်ားထားရာနေ စေရာသွားရမှာပဲ"

"သိရဲ့"

"ဟင်"

"နင်ရော"

"ဘာကိုလဲ"

"ကျောင်းဆက်တက်ဖို့လေ"

"အဖေမှ နေမကောင်းတာပဲ ... ကျောင်းဆက်တက်ဖို့ထက် အလုပ်တစ်ခုခု ရှာမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"မလတ်လည်း စိတ်သားစုကို ဘာတစ်ခုမှ မကူညီနိုင်ဘူး ဟယ်"

မမ ဘာမှမကူညီနိုင်ပေ။

ယောက်ျားနှင့်ပတ်သက်ပြီး ချမ်းချမ်းသာသာ နေရပေမယ့် ငွေမကိုင်ရ။

ယောက်ျားက ဘာမှမပြောပေမယ့် မောင့်အမေက မယုံဘူးတဲ့။

"မမက ဆင်းရဲတယ် မဟုတ်လား"

မိဘဆွေမျိုးတွေကိုခိုးပြီး ထောက်ပံ့မှာစိုးတယ်တဲ့။

မမကို လက်ခံတာပင် ဆေးကျောင်းသူဆိုတဲ့ ဂုဏ်ဒြပ်ရှိနေ၍ ဖြစ်သည်။

"မလတ် ဘာမှမတတ်နိုင်ဘူး"

"မလတ်"

"ဟင်"

"အိမ်ပြန်လာခဲ့ပါလား"

"မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"မောင့်ကို မလတ် ချစ်တယ်"

"မမ စိတ်မညစ်ဘူးလား"

"ဟင့်အင်း"





မမ အမှန်အတိုင်း ဝန်ခံရလျှင် မောင် ထားရာနေ စေရာသွားရသော ဘဝကိုပဲ နှစ်သက်စွာ လက်ခံချင်နေမိသည်။

အပြင်လည်း မထွက်ရဘူး။

အိမ်ထဲမှာနေပြီး မောင့်အတွက်ပဲ အိမ်ရှင်မ ပီသစွာဖြင့် နေထိုင်ရသည်။

မောင့်ကိစ္စဝိစ္စတွေကိုပဲ လုပ်ဆောင်ပေးရ၏။

မမက မောင့်ရဲ့ ပွဲတက်မယားပင် မဟုတ်။

ကုမ္ပဏီပိုင်ရှင်ကြီးတစ်ယောက်ဖြစ်သော မောင်သည် ဘယ်ပွဲပဲတက်တက် တစ်ယောက်တည်းပဲ သွားတက်ခဲ့သည်။

"မမကို သူများတွေကြည့်တာ မောင် မကြိုက်ဘူး … ယောက်ျားတွေနဲ့ မမ ပတ်သက်နေမှာ မောင်မကြိုက်ဆုံး … အကောင်းဆုံးက မောင့်မိန်းမ အိမ်ထဲမှာနေတာပဲ"

မမကို ချစ်လို့တဲ့။

တည်ကြည်ခန့်ညားသော မောင်သည် မမကိုပင် ခပ်စိမ်းစိမ်းနေတတ်သော လူတစ်ယောက် ဖြစ်နေသည်။

မမ စိတ်မညစ်။

ကျေနပ်သည်။

မောင့်ကို ချစ်၏။

ဘယ်လိုအနေအထားမျိုးပဲ ဖြစ်နေပါစေ မမနေခဲ့သည်။

"နှင်း တာဝန်တွေကို မောင် ယူသွားပြီပဲ … နှင်းအဖေ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပေါ့သွားတာပဲ မဟုတ်လား ... ပြီးရောပေါ့"

မောင်က ပြောခဲ့သည်။

မမ ဘာမှ စောဒက မတက်ခဲ့။

အခုတော့ ...

အိမ်မှာ မမတစ်ယောက်တည်းရှိနေ၍ ညီမလေး ဖွေးသီရိကို စကားပြောနိုင်ခြင်း ဖြစ်သည်။

"သီရိ နင်ပြန်တော့"

"မလတ် ... အဖေ့ကို လာကြည့်သင့်တယ် ထင်တာပဲ"

"မောင်က"

"ကိုကြီးရော မမရော သိပ်ရက်စက်ကြတာပဲ ... သိပ်ပြီး အတ္တကြီးကြတယ်၊ အဖေက မမတို့အပေါ် ဘယ်လောက်ထိ တာဝန်ကျေခဲ့လဲ ... ဘယ်လောက်အနစ်နာခံခဲ့လဲ ... "

"မမ သိပါတယ်၊ ဒါပေမယ့် ... မောင်က ... "

"အဖေ့အတွက်ရော မမထည့်ပြီး စဉ်းစားပါဦးလား"

"မမ ဘာမှမတတ်နိုင်လို့ပါဟယ် ... ငွေကြေးဆိုလို့လည်း တပြားတစ်ချပ်မှ မမမှာမရှိဘူး၊ မောင်က အိမ်မှာအပြည့်အစုံ ဝယ်ပေးထားတော့ ... "

"သီရိ ပြန်တော့မယ်"

"သီရိ"

"ဟင်"





"မလတ်ဘာဝကို နင်တစ်နေ့ နားလည်လာမှာပါ"

"သီရိကတော့ ဘယ်လိုဘဝမျိုးပဲနေရနေရ အဖေ့ကိုတော့ ဘယ်တော့မှ မပစ်ပယ်ဘူး"

ဖွေးသီရိ ရဲဝင့်စွာဖြင့် မလတ်ကို စေ့စေ့ကြည့်ပြီး ပြောပစ်လိုက်မိသည်။

လွန်တယ် ...

ကိုကြီးရော မလတ်ပါ အတ္တကြီးမားသူတွေ ဖြစ်ကြသည်။

တစ်ကိုယ်ကောင်း ဆန်ကြ၏။

ဖွေးသီရိကတော့ အဖေ့ကို ပစ်ပယ်ထားရမယ့်ဘဝမျိုး ဘယ်လိုဘဝမှာမှ မနေဘူး။

လူတွေ ...

တော်တော်ရက်စက်ကြတယ် ...

ကိုကြီး မိန်းမရော အသိုင်းအဝန်းတွေရော မမလတ်ယောကျ်ားအသိုင်းအဝန်းတွေရော လူစိတ်မှ ရှိကြသေးရဲ့လား။

ယုတ်မာကြသည်။

"သီရိ ပြန်မယ်"

"နင်နဲ့အဖေ့အတွက် မလတ် ပိုက်ဆံပေးလိုက်ချင်ပါတယ်"

"နေပါစေ ... မလတ်ပဲ အဆင်ပြေအောင် နေပါတော့"

"အေး အေး ... နင်အမြန်ပြန်တော့ ... တော်ကြာနေ ငါ့ယောကျ်ားကြီး လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သီရိ ပြန်ထွက်မည့်အပြုတွင် ခြံဝမှ ကားဟွန်းသံ ကြားလိုက်ရသည်။

“တီ ... တီ”

“တီ”

“ဟင် ... မာမီလာပြီ၊ ဒုက္ခပါပဲ ... တော်ကြာ နင့်ကို ငါခိုးပေးတယ် ထင်တော့မှာပဲ”

မလတ်သည် အတော်လေး တုန်လှုပ်ချောက်ချားနေသလိုပင်။

စိတ်ပျက်လိုက်တာ ...

“မလတ်မှာ ငွေမှမရှိတာဘဲ၊ ဒီလောက်ထိကြောက်ဖို့ မလိုပါဘူးဟာ”

သီရိ ပြောပစ်လိုက်မိသည်။

“နင် မသိပါဘူး”

သီရိအား မီးဖိုခန်းထဲက အိမ်သာထဲတွင် ပုန်းနေရန်ပြောသည်။

“နင် မီးဖိုခန်းထဲက အိမ်သာထဲမှာ ခဏပုန်းနေစမ်းပါ၊ အဲဒီအိမ်သာ သူတို့မတက်ဘူး”

“မမ”

“သွားစမ်းပါဟယ် ... မာမီနဲ့ပြဿနာ မဖြစ်ချင်ဘူး သီရိ သူတို့ပြန်မှ နင်ပြန် ...”





“သီရိ မနေဘူး ... ဘာမှမလုပ်ဘဲနဲ့ မမက ဘာဖြစ်လို့ ကြောက်နေရတာလဲ”

“သီရိရယ် မမကို သူတို့တစ်မျိုးထင်မှာ မမအကြောက်ဆုံးပဲ ... နေလိုက်ပါ သီရိရယ် ... မမ တောင်းပန်ပါတယ်”

မမ စိတ်ချမ်းသာစေရန် သူမ အိမ်သာထဲ ဝင်နေရသည်။

ဖြစ်မှဖြစ်ရလေ မမရယ်။

ဘာဖြစ်လို့ ... ဒီလောက်ထိ ကြောက်နေရတာလဲ။

သီရိ နားမလည်။

နင် အိမ်ထောင်ကျမှ သိမယ်တဲ့။

သီရိလည်း သူတို့လိုပဲ အဖေ့ကိစ္စနဲ့ ပစ်ထားခဲ့ပြီး ယောကျ်ားနှင့်ယောက္ခမကို ကြောက်နေမှာလား။

မဖြစ်သင့်ဘူး။

လုံးဝ မဖြစ်သင့်တာပဲ။

မုန်းလိုက်တာ ...

မလတ်ဘကြီးကို မုန်းမိသည်။

ရင်ထဲမှာ နာကြည်းနေမိသည်။

အိမ်သာထဲမှာနေရတာ အသက်ရှူပင် မွန်းကျပ်လာမိ၏။

မမလတ်အဖြစ်က ဆိုးလွန်းသည်။

စိတ်ညစ်လိုက်တာ ...

အပြင် ဘယ်တော့ထွက်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ချွတ် ... ချွတ် ..."

"ချွတ်"

ခြေသံတွေက မီးဖိုခန်းထဲမှာ လှုပ်ရှားသွားလာနေသည်။

"နှင်းသီရိ ... ညည်းကို အိမ်ဖော်တစ်ယောက်တော့ ငှားပေးချင်တယ် ... ဒါပေမယ့် ညည်း အပျင်းထူသွားမှာလည်း စိုးရသေးတယ်အေ့"

မမ ငြိမ်သက်နေသည်။

ယောက္ခမကြီးရဲ့ အထက်စီးကနေ ပြောနေသော လေသံတွေဖြစ်၏။

သူမ ကြားနေရသည်။

ဒေါသတွေ ဖြစ်ရ၏။

သက်သက် နှိမ်နေတာ။

ကိုယ့်ချွေးမပဲ ...

လူလူချင်း ဒီလောက်ထိ နှိမ်ချဆက်ဆံနေတာ မကောင်းပါဘူး။

"ကျွန်မအတွက် အိမ်ဖော်မလိုပါဘူး၊ မာမီ့ အိမ်မှုကိစ္စတွေ အားလုံး နှင်းတစ်ယောက်တည်း နိုင်နင်းပါတယ်"

မမက ပြောနေသည်။

"ငါ့သားရဲ့ ဂုဏ်သိက္ခာအတွက်ပါ ... တော်ကြာ ညည်းကို အိမ်ဖော်လို့တောင် ထင်သွားနိုင်တယ်"





"တောက်"

သူမ ...

ဒေါသတကြီး တောက်ခေါက်ပြီးမှ သတိရမိသွားသည်။

"နှင်း"

"ရှင် ... မာမီ"

"မာမီ့ကို ဆေးလိမ်းပေးစမ်း ... တစ်ကိုယ်လုံး ညောင်းနေလို့"

"ဟုတ်ကဲ့ မာမီ"

"ဒီနေ့ မာမီ အေးအေးဆေးဆေးနေမယ် ... သားငယ်လည်း ပါလာတယ် ... သားကြီးပြန်လာမှ မာမီပြန်တော့မယ်"

ဘုရားရေ ...

အကြာကြီး နေမှာပါလား။

သီရိ ဘယ်လိုထွက်ရမလဲ။

အလုပ်ကိစ္စတွေအတွက် လူကြီးတွေနှင့်သွားတွေ့ဖို့ရှိသည်။

"သားငယ်ရေ ... မင်းသွားစရာကိစ္စရှိရင် သွားတော့၊ မာမီ ဒီမှာ အေးအေးဆေးဆေးနေမယ် ... နှင်းကို ဆေးလိမ်းခိုင်းမလို့၊ သားကြီးလာမှပဲ ပြန်မယ် ... မင်း လာမကြိုနဲ့တော့"

"ဟုတ်ကဲ့ မာမီ ... သားလည်းအလုပ်ကိစ္စတွေ ရှိသေးတယ်၊ ပြန်တော့မယ် ... ဒီမှာ ကော်ဖီသောက်လိုက်ဦးမယ်နော်"

"ကိုငယ် ... မမနှင်း ကော်ဖီဖျော်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါမမ ... မာမီနဲ့သာ အေးအေးဆေးဆေးနေပါ"

"အေး ... အေး"

အသံတွေ ကြားနေရသည်။

သူမ ...

ဘယ်လိုပြန်ထွက်ရမလဲ။

သေချင်တာပဲ ...

အခုလောက်ဆိုရင် မမလည်း ဘယ်လောက်ထိ စိတ်သောကကျွေ ရောက်နေရမလဲ မသိဘူး။

သိရုပင် ဓာချွေး ပျံချင်လာရသည်။

မမနှင့် ယောက္ခမကြီး အပြင်ထွက်သွားတဲ့ အသံတွေ ကြားရ၏။

## အခန်း ( ၃ )

"ချောက်"

"ဟင် ... အမေ့"

ဘုရားရေ ...

အိမ်သာအဖုံးက ရုတ်တရက် ချောက်ခနဲ ပြန်ပိတ်သွားသည်။

သူမ လန့်သွားမိ၏။

ပါးစပ်မှလည်း လန့်ပြီး အမေ့ဟု အော်သံထွက်သွားရသည်။

"ဖျတ် ... ဖျတ်"

လူတစ်ယောက်ရဲ့ ခြေသံ။

ခပ်သွက်သွက်လျှောက်လာပြီး သူမရှိတဲ့ အိမ်သာရှေ့မှာ ရပ်သွားသည်။

သွားပြီ ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သိသွားသည်။

"ဒေါက် ... ဒေါက်"

"တံခါးဖွင့်စမ်း ... အိမ်သာထဲက ဘယ်သူလဲ"

မဖြစ်တော့ ...

ရင်ဆိုင်လိုက်တာပဲ အကောင်းဆုံးဟု သူမ ဆုံးဖြတ်လိုက်မိသည်။

ထိုလူမှတစ်ဆင့် အပြင်ထွက်ဖို့ သူမ ကြိုးစားရမည်ဖြစ်သည်။

ဒီလူလည်း စိတ်ကောင်းရှိမှာ မဟုတ်ဘူး။

ဒါပေမဲ့ ...

ရင်ဆိုင်လို့မဖြစ်ဘူး။

သူ သိသွားပြီ။

"ဟိတ် ... တံခါးဖွင့်လေ ... အထဲမှာ တစ်ယောက်ယောက် ရှိနေတယ် ... မဖြစ်ဘူး ... ရဲကို ဖုန်းဆက်မှဖြစ်မယ်"

သူမ အထိတ်တလန့် ဖြစ်သွားပြီး တံခါးကို ဖွင့်လိုက်ရသည်။

"ကျွီ ..."

"ဟင် ... မင်း ... မင်း ..."

"တိုးတိုးပြောပါရှင့် ... ကျွန်မ သရဲတစ္ဆေ မဟုတ်ပါဘူး။ လူပါ"

"မင်း ... မင်း"

မိန်းမချောလေးတစ်ယောက်။

ဗိုးလပြည့်တာပေ



သူ ...

အံ့သြသွားမိသည်။

ဘယ်လိုအိမ်သာထဲ ရောက်နေရတာလဲ။

ပြီးမှ ...

စဉ်းစားမိသွားသည်။

မမနှင့်ပတ်သက်နေမှာပဲဟု။

"မင်း ဘယ်သူလဲ ..."

"မမနှင်းသီရိရဲ့ ညီမ ..."

"ဟင်"

"ကျွန်မနာမည် ဖွေးသီရိပါ ... မမနှင်း ညီမပါ။ အဖေ နေမကောင်းတာ လာပြောရင်း ရှင်တို့ရောက်လာလို့ ကျွန်မကို ဒီအထဲမှာ ပုန်းခိုင်းနေတာပါ"

အဖြစ်အပျက်တွေအားလုံးကို ရှင်းပြလိုက်မိသည်။

"မင်းလာတာကို မမနှင်းက ဘာလို့ မာမီသိမှာ စိုးရတာလဲ"

"ဟွန်း ... ရှင်တို့မိသားစုဝင်တွေက ကျွန်မအစ်မကို မတရား နှိပ်စက်နေကြတာပဲ ... ထားပါတော့လေ ... ကျေးဇူးပြုပြီး ကျွန်မကို အပြင်ထွက်နိုင်အောင် ကူညီပါ ... ကျွန်မတို့က ဆင်းရဲပေမယ့် ရိုးသားကြသူတွေပါရှင့်"

မမနှင်းကို မာမီနှင့်ကိုကိုက နှိမ်ချဆက်ဆံတာကိုတော့ သူ သိထားသည်။

ဗိုးလပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com

သူ ...

မနှစ်သက်ပေမယ့် ဘယ်လိုမှပြော၍ မရပေ။

မာမီက အဆိုးဆုံး။

သားကြီးအိမ်ထောင်ရေးမှာ မာမီ ဝင်ပြီးစွက်ဖက်နေသည်။

သူက ဖျောင်းဖျဖေးမ၏။

မရပေ။

"ဒီမှာ"

"ဟင်"

"ကျွန်မ ပြန်ထွက်ပါရစေ ... ရှင့်အမေက ဟော်တော်နဲ့ပြန်မှာ မဟုတ်ဘူး ... ကျွန်မကို ကူညီပါ"

"ကောင်းပြီလေ ... ကိုယ်ပြန်မှာပဲ မင်းလိုက်ခဲ့ပေါ့"

"ကျွန်မကို မမက ဘာမှမပေးလိုက်ဘူးနော် ... ရှင် သက်သေပဲ ... မမမှာလည်း ပေးစရာ ဘာမှမရှိဘူးလေ"

သူမက လက်ကလေးတွေကို ခါပြနေသည်။

"ကိုယ် မယုံဘူး"

"ဘာရှင့်"

"မင်းထမီကြားထဲမှာ ဖွက်ထားရင်ရော"

"ရှင်နော် ... မရှိဆင်းရဲသားဆိုပြီး အထင်မသေးနဲ့ ရှင်တို့လို စိတ်ဓာတ်အောက်တန်းမကျဘူး ... အဖေ နေမကောင်းဖြစ်နေလို့ အစ်မတစ်ယောက် သိသင့်တယ်ထင်ပြီး လာပြောတာပဲ၊ မမ ဒီလို





အဖြစ်မျိုးတွေ ရင်ဆိုင်နေရဘာ တကယ့်ကို နာကြည်းကြေကွဲစရာပဲ ... ဟင်း ..."

သူမ ရန်တွေ့ဖြစ်လိုက်မိသည်။

အခြောက်တိုက် ဘဝင်မြင့်နေတဲ့ဟာတွေ။

သီရိကတော့ အထင်မကြီးပါဘူး။

သူ ...

အေးဆေးစွာ ကော်ဖီသောက်နေသည်။

သီရိ စိတ်ညစ်လာမိ၏။

ခြိတံခါးကြီးက သော့ခတ်ထားသည်။

သူ့ရှေ့မှာသော့။

ဒုက္ခပါပဲ ...

"ဒီမှာ"

"ပြော"

"ရှင် သောက်လို့ မပြီးသေးဘူးလား"

"ဖြည်းဖြည်းပေါ့"

"ရှင့်အမေ အပေါ်ထပ်မှာရှိတုန်း ကျွန်မ အပြင်ထွက်ပါရစေ"

သူ ထသည်။

ကောင်မလေးမျက်နှာလေးက မာနတွေနှင့် မာထန်နေ၏။

မမနှင်းနှင့် ဆင်နေသည်။

အရမ်းလှတဲ့ ကောင်မလေးတစ်ယောက်ပဲ။ စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေးမိနေ၏။

ရန်စွာနေသည်။

သူ့ထက်ငယ်မည့်ပုံပင်။

မင်းရဲ့ ရိုးသားတဲ့ မျက်ဝန်းလေးတွေကို ကိုယ်သဘောကျနေမိသလိုပဲ ဖွေးသီရိ။

"ဒီမှာ"

"ဟင်"

"ရှင် ဘာအကောက်ကြံဖို့ စဉ်းစားနေတာလဲ"

"ဟာ ... ဘာမှအကောက်မကြံပါဘူး ... မင်းကို အပြင်ထွက်လို့ရအောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေတာပါ ဖွေးသီရိ"

ကောင်မလေးကို နောက်ပြောင်နေ၍ မဖြစ်မှန်းသိ၍ စကားကို အတည်ပြောဖို့ ကြိုးစားရသည်။

ဖွေးသီရိက မမနှင်းနှင့်မတူပေ။

မာန်မာနရှိပုံပင်။

နှုတ်ခမ်းရဲရဲစိုစိုလေးတွေက တင်းတင်းလေး စေ့ကပ်နေသည်။

သူ့အပေါ် လုံးဝအထင်မကြီးတဲ့ မျက်ဝန်းတွေနှင့် ကြည့်နေ၏။

"သွားစို့"

အပြင် ထွက်လာခဲ့သည်။

ဗိုးလပြည့်စာပေ



မာမီနှင့် မမက အပေါ်မှာ ...

သူ ...

တံခါးဖွင့်ထွက်ပြီး သော့ပိတ်ထားခဲ့ပြီး သော့ကို ခြံထဲပစ်ထားခဲ့ရုံပင်။

တခါတလေတော့လည်း ကိုကို့လုပ်ရပ်တွေက မတရားဘူးဟု ထင်မိနေသည်။

မမနှင်း သနားပါတယ်။

တစ်ယောက်တည်း နေရသည်။

အိမ်ဖော်ထားပေးဖို့ မာမီက လက်မခံ။

ဘဝမှေ့ပြီး အကျင့်ပျက်မယ်တဲ့။

မာမီ မကြာခဏ ရောက်လာပြီး မမနှင်းကို ခိုင်းစေတတ်သည်။

အခြေအနေကို အကဲခတ်တတ်၏။

မမနှင်းက ရိုးသားသည်။

ယောကျ်ား ထားရာမှာနေ စေရာသွားတတ်တဲ့ မိန်းမ ဖြစ်၏။

"ကိုကို့အိမ်ထောင်ရေးကိစ္စ မင်းဝင်ပြီး မဝေဖန်နဲ့သားငယ်တော်ကြာ သားကို မယုံသင်္ကာဖြစ်သွားဦးမယ် ... သားကြီးက သဘောထားနုတယ်နော်"

သူ ...

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဘာမှမပြောတော့။

ကိုကို့ထက် မာမီရဲ့ဝင်ရောက်စွက်ဖက်မှုတွေများနေသည်ဟု ထင်မိသည်။

နှစ်ယောက်သား ခြံထဲသို့ ရောက်လာခဲ့ကြ၏။

"အမိ ကားပေါ်တက်နေ … ကိုယ် ကားအပြင်ထုတ်ပြီး သော့ပိတ်ဦးမယ်"

"ဟုတ်ကဲ့"

သူမ …

ကားထဲဝင်ပြီး ပုန်းနေမိသည်။

မစားသာဘူး။

ဘာမှလည်းမရဘဲနဲ့ အခြောက်တိုက် ဒုက္ခတွေရောက်နေသည်။

ကားခြံပြင်ကိုရောက်မှ အသက်ကို ဝဝရှူနိုင်ရတော့၏။

"ဟူး"

ခြံကြီးနှင့် ခပ်လှမ်းလှမ်းရောက်မှ ကားရပ်ပေးရန် အော်ပြောလိုက်သည်။

ကားက ရပ်သွား၏။

"ဖွေးသီရိ"

"ဟင်"

"ကိုယ် လိုက်ပို့ပေးမယ် … မင်း အိမ်ပြန်မှာလား"





"မဟုတ်ဘူး … ကျွန်မအလုပ်အတွက် အင်တာဗျူး အခုသွားဖြေရမယ်လေ … ရှင်လိုက်ပို့စရာမလိုပါဘူး … ကျွန်မ ဘတ်စ်ကားနဲ့ပဲ သွားတော့မယ်"

သူမ …

ကားပေါ်မှ ဆင်းဖို့ ပြင်လိုက်မိတော့သည်။

"နေဦး

"ဘာရှင်"

"ဒီနေရာမှာ ဘတ်စ်ကား မှတ်တိုင် မရှိဘူး … တက္ကစီတွေ ဆိုင်းလာမှာမဟုတ်ဘူး … ဒီမှာက ကိုယ်ပိုင်ကားတွေနဲ့ သွားလာကြတာ"

ဟုတ်သားပဲ။

ခြံကြီး ဝင်းကြီးတွေနှင့် တိတ်ဆိတ်ငြိမ်သက်နေသည်။

"မင်း … ကိုယ်နဲ့ဆက်လိုက်ခဲ့ပါ … ဘတ်စ်ကားမှတ်တိုင် ပို့ပေးမယ်၊ ဒါမှမဟုတ် မင်းသွားချင်တဲ့နေရာကို လိုက်ပို့ပေးရမလား ဖွေးသီရိ …"

"မလိုပါဘူး … ဘတ်စ်ကားဂိတ် တစ်ခုခုရောက်ရင် တော်ပြီ …"

"မင်း ဘယ်သွားမှာလဲ ဖွေးသီရိ"

"ဗိုလ်ချုပ်လမ်းမကြီးပေါ်ပါ"

"မထူးပါဘူး … ကိုယ်ပဲလိုက်ပို့ပေးပါ့မယ်၊ ဒီနေရာက



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားစီးဖို့ မလွယ်ဘူး … ဘယ်လိုလဲ …”

တကယ်တော့ …

သူမ …

ပြန်ဖို့ခက်နေသည်။

အလာတုန်းက အငှားကားဖြင့် သူမ ရောက်လာခြင်း ဖြစ်၏။

သူ လိုက်ပို့တာပင် လက်ခံရတော့မလို ဖြစ်နေသည်။

မပတ်သက်ချင်ပါဘူး။

လူစိတ်မရှိတဲ့ဟာတွေ။

မမအပေါ် အနိုင်ကျင့်ရက်စက်တာတွေကိုတွေး၍ မုန်းတီးနေမိသည်။

“ဖွေးသီရိ”

“ဘာလဲ”

“မင်းအဖေ ဘာဖြစ်လို့လဲ”

“ရှင်နဲ့မဆိုင်ပါဘူး”

“သိချင်လို့ပါ”

“မလိုဘူး”

“ကိုယ်က ဆရာဝန်”

“ဟင်”

ဆရာဝန်တဲ့။





ဒါပေမဲ့ …

ရှင့်မှာ အကြင်နာတရားတွေ ကိုယ်ချင်းစာတရားတွေရှိမှာ မဟုတ်ပါဘူး။

မမ ဘယ်လောက် အနှိပ်စက်ခံနေရလဲ။

ကိုယ်ချင်းစာတရား မရှိတဲ့ဟာတွေ။

ဆေးကျောင်းသူမမသည် ပညာတစ်ပိုင်းတစ်စနှင့် ပညာဆက်သင်ခွင့် မရှိတော့။

ဘယ်လောက်ရင်နာစရာ ကောင်းလဲ။

“ကိုယ် တောင်းပန်ပါတယ် … မမနှင်း ဘယ်လိုအခြေအနေတွေနဲ့ ရင်ဆိုင်နေရလဲ ကိုယ်သိပါတယ်”

ရှင် ဘာသိတာလဲ။

မမကို ဘယ်သူမှ မစာနာခဲ့ကြ။

ရှင့်အစ်ကိုက ကျွန်မရဲ့မမကို နှိပ်စက်နေတာ။ ရှင် တားဆီးနိုင်လို့လား။

သူမ နှုတ်ခမ်းတွေက တင်းမာခက်ထန်နေသည်။

“ကိုယ် ကူညီပေးရမလား”

“မလိုပါဘူး”

“ကိုယ်က စေတနာနဲ့ပြောတာပါ ဖွေးသီရိ”

“ရှင်တို့ဆီက ဘာအကူအညီမှ မလိုပါဘူး”

ဖွေးသီရိက တင်းမာပြတ်သားစွာ ငြင်းဆန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်မမေးလိုတော့။

မမအဖေ အခြေအနေကို သူ သဘောပေါက်မိသည်။

ကိုကို လွန်တယ်။

မဖြစ်သင့်ပါဘူး။

"ကားရပ်တော့ ..."

"ရောက်ပြီလား"

"ရောက်ပြီလေ"

"ဟုတ်သားပဲ ... မင်းအဖေအကြောင်းတွေးပြီး ကိုယ်ကား ရပ်ဖို့တောင် မေ့သွားတယ်"

ဖွေးသီရိ ကားပေါ်မှ ဆင်းလိုက်သည်။

နှုတ်ဆက်မနေတော့။

သူနှင့်ထပ်ပြီး ပတ်သက်စရာအကြောင်းမှ မရှိတော့တာပဲ။

မုန်းစရာကောင်းတဲ့လူတွေ။

"ဖွေးသီရိ"

သူမ ဆတ်ခနဲ ကြည့်လိုက်သည်။

"ကျေးဇူးတင်စကားလေးတောင် မပြောတော့ဘူးလား"

"ကျွန်မနဲ့ရှင် ထပ်ပြီး ပတ်သက်စရာအကြောင်းမှ မရှိတော့တာ ... အကြင်နာတရားကင်းမဲ့တဲ့ ရှင်တို့မိသားစုကို ကျွန်မ မုန်းတယ်"

သူမ ...





ဆင်းသွားသည်။

နောက်ကိုပြန်၍ လုံးဝလှည့်မကြည့်တော့ပေ။

မင်းမှာ လုံးဝအပြစ်မရှိပါဘူး ဖွေးသီရိ။

ကိုကို မတရားဘူး။

မာမီကလည်း အဆင့်အတန်းခွဲခြားလွန်းသည်ဟု ထင်မိသည်။

သူ့စိတ်ထဲမှာ အလိုမကျသလို ဖြစ်နေရ၏။

ကားကို နှေးကွေးစွာဖြင့် ပြန်ပြီး မောင်းထွက်ခဲ့မိသည်။

သူငယ်ချင်းဆေးခန်းရောက်တော့ စိတ်မောစွာဖြင့် ခြေလှမ်းတွေ နှေးကွေးနေ၏။

"မင်း ဘာဖြစ်လာတာလဲ တိမ်တဆ ... ကြည့်ရတာ ရည်းစားပူမိနေပြီ ထင်တယ်"

အမှတ်တမဲ့ အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်ကြုံတွေ့လိုက်ရသည်။

ဘယ်သူမှ ပြောမပြချင်။

ဂုဏ်ပကာသနတွေနှင့် မာန်မာနတွေတက်နေသော မာမီသည် သာမန်မိန်းကလေးတစ်ယောက်ကို ချွေးမတော်ထားရတာ ရှက်စရာဟု ထင်မှတ်နေသည်။

မမကို နှိမ်ထားခဲ့၏။

အခွင့်အရေးမှန်သမျှ ပိတ်ပင်တားဆီးထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို မဒီက အမိန့်ပေးနေခဲ့ခြင်းသာ ဖြစ်၏။

"တိမ်တဆ"

"ဟင်"

"မနက်ဖြန်ကစပြီး ငါ့ဆေးခန်းမှာ ခဏဝင်ထိုင်ပေးပါဦး၊ ငါ တစ်လလောက် ခရီးထွက်စရာရှိတယ်"

သူ ...

ခေါင်းညိတ်ပြမိသည်။

အမြဲတမ်း ...

ကူညီနေကျပါ။

အရင်နှင့်မတူအောင်ပင် သူ့စိတ်တွေ လေးလံထိုင်းမှိုင်းနေမိသည်။

❀



အခန်း ( ၄ )

အဖေ့အတွက် သားနဲ့သမီးက အားကိုးစရာမရှိတော့ကြောင်း ဖွေးသီရိ သိလိုက်ပြီး ဖြစ်သည်။

ကိုကြီးကလည်း မိန်းမအသိုင်းအဝိုင်းတွေကို မလွန်ဆန်နိုင်ပေ။

မမက ကြောက်နေရသည်။

အိမ်ထဲကပင် မထွက်ရ။

အဖြစ်ဆိုးလွန်းသည်။

အပြင်ထွက်ခွင့်မရှိ။

သော့တစ်ချောင်းကိုင်ပြီး အိမ်ထဲမှာနေရသည်။

သားနှင့်သမီးအဖြစ်တွေကို အဖေသာသိလျှင် စိတ်ထိခိုက်ကြေကွဲရမည်ဖြစ်သည်။

သီရိ ...

ကိုယ့်အားကိုယ်ကိုးရတော့မည်။

အလုပ်ရှာရတော့မယ်။

ဒီနေ့ ...

အင်တာဗျူးတစ်ခု ဝင်ရမည်။

အဆင်ပြေပါစေ။

သီရိ အလုပ်ရမှ အဖေ့ကို ဆေးကုနိုင်တော့မည် ဖြစ်သည်။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖေ့ဆေးဖိုးပဲ အရေးကြီးတာပါ။

သီရိလက်ထဲတွင် မမလတ်ကို ဆယ်တန်းတုန်းက ဂုဏ်ထူးတွေနှင့်အောင်ခဲ့စဥ်က အဖေ ကုတ်ကပ်ဝယ်ပေးထားသော ဆွဲကြိုးလေးရှိသည်။

"သီရိ နင်ဆယ်တန်းအောင်လို့ မမလတ်က လက်ဆောင်ပေးတာ"

"မယူပါဘူး ... မလတ်က ကျောင်းတက်နေတာပဲ၊ ဝတ်ထား ..."

"ပေးချင်တော့လို့ပါ ... တစ်နေ့ကျရင် အဖေနဲ့နင့်အတွက် အသုံးဝင်တဲ့ပစ္စည်း ဖြစ်လာမှာပါ"

"မလတ်"

"ယူထားစမ်းပါဟယ် ... နင့်အတွက်ပဲ၊ သိမ်းထားနော်၊ ငါက အဖေ့အတွက် ဘာမှအထောက်အပံ့ မပေးနိုင်တဲ့ သမီးတစ်ယောက်လည်း ဖြစ်သွားနိုင်တယ် သီရိ ..."

"မမ ဘာပြောတာလဲ"

"သီရိ သိလာမှာပါ"

မမလတ်ကို ကြည့်ရတာ တစ်မျိုးဖြစ်နေသည်ဟု ထင်မိသည်။

ပြောင်းလဲနေ၏။

အဖေ့ကို ဂရုစိုက်ဖို့ မှာသည်။





"မမက မိုက်မဲတဲ့ သမီးတစ်ယောက်အဖြစ်ကို မခံယူချင်ပါဘူး သီရိရယ် ..."

မမမှာ အကြောင်းတွေရှိနေတာကို သီရိ သတိမထားမိပေ။

ဆေးကျောင်းတက်နေသည့် မမတစ်ယောက် ဒီလောက်အထိ မိုက်မဲလိမ့်မည်ဟု သူမ လုံးဝမထင်မှတ်မိ။

ယောကျ်ားနောက် လိုက်သွားသည်။

အဖေ့ဆီ ဘယ်လိုနည်းနဲ့မှ လာရောက်နိုင်ခြင်း မရှိတော့ပေ။

သူမ ရင်ထဲမှာ နာကျင်နေသည်။

အဖေ့အတွက် တစ်ခုခုလုပ်ပေးနိုင်အောင်တော့ ကြိုးစားရမည် ဖြစ်၏။

အင်္ကျီ ဝင်ရမည်။

စိတ်တွေတော့ အတော်လေး လှုပ်ရှားနေမိသည်။

လှေကားထစ်တွေအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့မိ၏။

အခန်းတစ်ခုရှေ့မှာ ရပ်မိသည်။

"ညီမက ဖွေးသီရိလား"

"ဟုတ်ကဲ့"

"ဝင်လေ"

"ဟုတ်"

သူမ အထဲဝင်လာမိခဲ့သည်။

ကုမ္ပဏီရဲ့ အမ်ဒီရှေ့သို့ ခပ်သွက်သွက် ခြေလှမ်းများဖြင့် သူမ



www.burmeseclassic.com

www.burmeseclassic.com

လှမ်းလာခဲ့မိသည်။

နွေးကွေးလေးလံထိုင်းမှိုင်းနေတဲ့ မိန်းကလေးတစ်ယောက်ကို သဘောကျမှာမဟုတ်ပေ။

"ထိုင်"

သူမ ...

ဝင်ထိုင်လိုက်သည်။

"မင်းနာမည်"

"ဖွေးသီရိပါ ... "

"မင်း ဆယ်တန်းမှာ ဂုဏ်ထူးတွေအများကြီးနဲ့ အောင်လာခဲ့တာပဲ ... ဘာလို့ ကျောင်းဆက်မတက်တာလဲ"

"ကျွန်မ ဆင်းရဲလို့ပါ"

ထိုမေးခွန်းကို မေးစရာပင် မလိုဟု ထင်မိသည်။

ဆင်းရဲလို့ပေါ့။

ကျွန်မ ...

ဆေးကျောင်းအမှတ်မီတာ သေချာသည်။

"အဖေက နေမကောင်းဘူး ... ကျွန်မ ဆေးကုပေးချင်တယ်၊ ကျွန်မအနေနဲ့ ဒီအလုပ်ကို မဖြစ်မနေ လိုအပ်နေလို့ပါ"

မထူးတော့ ...

အလုပ်ရှင်ကို အောက်ကျို့ပြီး တောင်းတောင်းပန်ပန်နှင့် ပြောမိသည်။





"ဖွေးသီရိ"

"ရှင်"

"မင်းအတွက် အလုပ်တစ်ခုတော့ ခန့်ပေးရတော့မှာပေါ့၊ ကျုပ် ကူညီတာပါ ... မင်းဘဝအမှန်ကို ဟန်မဆောင်ဘဲ မရှက်မကြောက်ဖွင့်ပြောရဲတာ လေးစားပါတယ်"

"ကျွန်မ အဖေအတွက်ကလွဲပြီး ဘာမှမရှိတော့ပါဘူး ... အဖေ့ကို ဆေးကုချင်တဲ့စိတ်နဲ့ အလုပ်ကိုကြိုးစားပြီး လုပ်ပါ့မယ်"

"ကောင်းပြီလေ ... မင်းကို အလုပ်ခန့်လိုက်ပြီ ... "

အလုပ်ရှင်သည် တည်ငြိမ်အေးချမ်းသော လူကြီးတစ်ယောက် ဖြစ်သည်။

သူမ ...

ကျေးဇူးတင်တဲ့ မျက်ဝန်းတွေနဲ့ မော့ကြည့်နေမိသည်။

အကြည့်ချင်း ဆုံမိနေ၏။

"ကျေးဇူးတင်ပါတယ်"

"မင်းသွားလို့ရပါပြီ ... ခဏနေရင် မင်းအတွက် အလုပ်ကိစ္စတွေကို ကိုယ့်တပည့်မျက်ခြယ်က သင်ပေးလိမ့်မယ်"

ချက်ချင်းကြီး အလုပ်စဆင်းရမယ်လို့ မတွေးထားမိ။

"ဟုတ်"

"ဖွေးသီရိ"

"ရှင်"


www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ကျုပ်လက်အောက်မှာ အလုပ်လုပ်ရမှာ ... ကျုပ်နာမည်က ဦးရဲလင်းထက်ပါ"

ဦးရဲလင်းထက်တဲ့။

သူမ ...

အလုပ်ရှင်ကို လေးစားစွာဖြင့် မော့ကြည့်မိသည်။

ကျေးဇူးတင်ပါတယ်။

အဖေ့စားဝတ်နေရေးအတွက် ကျွန်မ အလုပ်လုပ်မှဖြစ်မှာမို့လို့ပါ။

"ကျွန်မ ဘာပဲလုပ်ရလုပ်ရ လုပ်ပါ့မယ် ... အဖေ့အတွက်ကျွန်မ ကြိုးစားပါ့မယ်"

သူမ ...

ဝမ်းမြောက်စွာဖြင့် ကတိပေးမိသည်။

"မင်းသွားနိုင်ပြီ"

"ဟုတ်"

သူမ ထွက်သွားသည်။

အေးချမ်းတည်ငြိမ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေ၏။

သူ ...

ကောင်မလေးကို သနားသွားမိသည်။

အစ်ကိုနှင့်အစ်မ အိမ်ထောင်ရေးအကြောင်းတွေလည်း ပြောပြခဲ့သည်။





အဖေက အဆုတ်ကင်ဆာဖြစ်နေတာတဲ့။

ရဲလင်းထက်နှင့် ဘဝတူပဲ။

တစ်ချိန်က ...

ဖွေးသီရိလိုပဲ ဆင်းရဲဒုက္ခ ရောက်ခဲ့သည်။

ပညာဆက်သင်ခွင့်ရအောင် အတော်လေးကြိုးစားခဲ့ရ၏။

ကူညီထောက်ပံ့မည့် မွေးစားမိဘတွေနှင့်တွေ့ပြီး စီးပွားရေးလုပ်ငန်းတွေနှင့် အောင်မြင်နေခဲ့ရသည်။

သူ ...

ကူညီမယ်။

ဒီမိန်းကလေးရဲ့ ပညာရေးရော စီးပွားရေးပါ။

"ရှင် ... ဆရာ"

"ဟိုကောင်မလေးကို မင်းကူညီပေးလိုက်ပါ ... နာမည်ကဖွေးသီရိတဲ့"

"ဟုတ်ကဲ့ ... "

"လိုအပ်တာရှိရင် ငါ့ကိုလာပြော"

"ဟုတ်ကဲ့"

သူ ...

ထွက်လာခဲ့မိသည်။

ဆင်းရဲနွမ်းပါးစွာဖြင့် ဖြတ်သန်းခဲ့ရသော ဘဝတွေကို အမှတ်[illegible]ာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ကိုယ်ကူညီစောင့်ရှောက်မှာပါ ဖွေးသီရိ။

အခုမှ တွေ့ကြပေမယ့် ...

ဖွေးသီရိကို အားပေးကူညီချင်နေမိသည်။

## အခန်း ( ၅ )

ညီမလေး ဘယ်ရောက်သွားပြီလဲ။

မာမီ ပြန့်သွားတော့ သူမ အောက်ထပ်မှာရှာသည်။

မတွေ့ပေ။

စိတ်ပူမိသည်။

"သီရိ ... သီရိရေ ... "

သီရိ ဘယ်လိုထွက်သွားတာလဲ။

မမနှင်း စိတ်ပူလိုက်တာ။

အဖေရယ် ...

နှင်း စိတ်မကောင်းလိုက်တာ။

ဆေးကျောင်းတက်ဖို့ အဖေကြိုးစားပံ့ပိုးပေးခဲ့ပေမယ့် ဆုံးတိုင်အောင်တော့ မသင်ခဲ့ရ။

မောင်က လက်မခံပေ။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်သောမောင်သည် နှင်းရဲ့ပညာကို သိပ်ပြီး တန်ဖိုးမထားခဲ့။

"မလိုတော့ဘူး ... မင်း စားဝတ်နေရေးအတွက် မောင်တာဝန်ယူထားပြီပဲ"

မောင် ...

နှင်းကို နှိမ်ချထားတာလား။

မိန်းမတစ်ယောက်အနေနှင့် မောင့်အတွက် ကျွန်မ ဘာအရေးမှ မပါခဲ့ပေ။

အိမ်ထဲမှာတစ်ယောက်တည်း နေရသည်။

မောင့်မာမီက မျက်စိဒေါက်ထောက် ကြည့်နေ၏။

နှင်းကို မယုံသင်္ကာ ဖြစ်နေသည်။

ဆင်းရဲတော့ အထင်သေးချင်၏။

အဖေနှင့်မိသားစုကို ဆက်သွယ်ခွင့် မပေး။

"မမ ... အဖေ အဆုတ်ကင်ဆာဖြစ်နေတယ်၊ ဆေးကုချင်တယ် ... သီရိ ဘာမှမတတ်နိုင်လို့ပါ"

သီရိ ပြောသွားခဲ့သည်။

မမရော ဘာတတ်နိုင်မှာလဲ။

မတတ်နိုင်ပါဘူး။

အိမ်ပြန်လိုက်သွားဖို့လည်း နှင်း သတ္တိနည်းနေမိသည်။

မောင့်ကို ချစ်မိနေ၏။





သံယောဇဉ် တွယ်နေမိသည်။

မောင် နှင်းအပေါ် အကြင်နာကင်းမဲ့စွာ ရက်စက်နေခြင်းများသည် မောင့်မာမီရဲ့ စီစဉ်သွန်ကြားမှုတွေဆိုတာ သိနေသည်။

နှင်း ဘာတတ်နိုင်မှာလဲ။

မောင့်ကို လက်ထပ်မိပြီ။

ဆေးကျောင်းသူဖြစ်သော ကျွန်မကို မောင်လမ်းမှာဆုံပြီး နှစ်သက်မြတ်နိုးစွာဖြင့် ခွတ်အတင်း မိတ်ဆက်ခဲ့သည်။

ခင်မင်ရင်းနှီးအောင် ပတ်သက်ခဲ့၏။

တဖြည်းဖြည်း ...

ချစ်သူတွေဖြစ်ဖို့ မောင် ကြိုးစားခဲ့သည်။

"နှင်းက ဆင်းရဲတယ်မောင် ... အဖေက နှင်းကို ပညာသင်ပေးရတာ လွယ်တာမဟုတ်ဘူး၊ မောင်နဲ့နှင်းဘဝက အဆင့်အတန်းချင်း အရမ်းကို ကွာခြားလွန်းနေတယ်၊ မျက်နှာပြင် မတူညီတဲ့ မောင်နဲ့နှင်းရဲ့ ရိုက်လင်းတန်းနဲ့ ပြန်လင်းတန်းကလည်း ဘယ်တော့မှ တူညီမှာမဟုတ်ဘူး"

မောင်က လက်မခံ။

ကျွန်မဘဝတွင် ယောကျာ်းလေးတစ်ယောက်နှင့် စတင်ပတ်သက်ခဲ့ဖူးတာ မောင်တစ်ယောက်တည်း ရှိခဲ့ဖူးသည်။

မောင်ခေါ်ရာနောက်သို့ နှင်းကောက်ကောက်ပါအောင် လိုက်ခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို မေ့ခဲ့သည်။

ယောက္ခမတွေက လက်မခံ။

နှင်းကို ပိုင်းလုံးမတဲ့။

အပိုင်ချုပ်တာတဲ့။

"ညည်းလို သာမန်မိန်းကလေးတစ်ယောက်ကို ချွေးမတော်ရလိမ့်မယ်လို့ ကျုပ်ဘယ်တုန်းကမှ မထင်မှတ်ထားခဲ့ဘူး၊ ကိုရဲ မင်းဟာ မင်းဟာ ... မိန်းမ တော်တော်ရှားတာပဲ"

သားကို မစွန့်ပစ်နိုင်ကြတော့ သူမအား ချွေးမအဖြစ် မလွှဲသာ မရှောင်သာ လက်ခံလိုက်ရတော့သည်။

နှင်းနှင့်နေသည်။

မာမီက အရိပ်ပမာ ထက်ကြပ်မကွာ အုပ်မိုးနေတော့၏။

မိခင်စကားကိုသာ မြေဝယ်မကျ နားထောင်တတ်သော မောင်သည် နှင်းအပေါ် နှိမ်ချဆက်ဆံလာတတ်တော့သည်။

အခွင့်အရေးမှန်သမျှ ပိတ်ပင်တားဆီးနေခဲ့၏။

နှင်းကလည်း ဘာမှမပြောတတ်။

မောင့်ကို ချစ်တာပဲ သိနေသည်။

နှင်း အိမ်ထောင်ရေး ပြိုကွဲမှာကို သူမ အကြောက်ဆုံးဖြစ်နေ၏။

အဖေနှင့်ညီမလေး ဖွေးသီရိကို ပစ်ပယ်ထားသလို ဖြစ်နေရသည်။





သီရိရော ...

ဘယ်ကနေ ထွက်သွားပြီလဲ။

ဒုက္ခပါပဲ ...

နှင်း စိတ်ညစ်နေမိသည်။

ဖုန်းသံ မြည်လာ၏။

သူမ ...

ကောက်ကိုင်ပြီး နားထောင်လိုက်သည်။

"မမနှင်း"

"ဟင် ... တိမ်တဆ"

"မမ စိတ်ပူနေမှာစိုးလို့ တဆပြောတာ ... မညီမလေးကို အဆ ခေါ်ထုတ်သွားတာပါ"

"ဟင်"

တဆ ခေါ်သွားတယ်ဆို၍ သူမ အထိတ်တလန့်ဖြစ်သွားရသည်။

မာမီသိသွားရင် ...

နှင်းကို တစ်သက်လုံး အထင်သေးနှိမ်ချတော့မှာပဲ ဖြစ်သည်။

"မမနှင်း"

"ဟင်"

"မပူပါနဲ့ ... တဆ ဘယ်သူ့ကိုမှ မပြောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တဆရယ်"

"တဆ စိတ်မကောင်းပါဘူး ... မမတို့အိမ်ထောင်ရေးမှာ မာမီဝင်စွက်ဖက်နေတာလည်း ဘယ်လိုမှ ပြောလို့မရဘူးဖြစ်နေတယ်"

တိတ်တဆက တခြားသူတွေနှင့် မတူအောင် စိတ်သဘောထား ဖြူစင်သူဖြစ်သည်။

ဒေါက်တာ တိမ်တဆ။

မောင်က ရဲရင့်နေလှုင်။

"မမ"

"ဟင်"

"ဘာမှစိတ်မပူပါနဲ့ ... တဆ ဘယ်သူ့မှ မပြောပါဘူး"

"ကျေးဇူးပါပဲ တဆ ... ဟိုလေ မမအနေနဲ့က အိမ်ထောင်ရေး ပြိုကွဲမှာကိုပဲ အဓိကထား စဉ်းစားနေရပြီ"

"မမ"

"ဟင်"

"မမအဖေ ဘာဖြစ်တာလဲ"

"အဆုတ်ကင်ဆာတဲ့ တဆ ... အသိနောက်မကျသေးလို့ ဆေးကုမယ်ဆိုရင် သုံးနှစ်လောက်တော့ လူ့လောကကြီးထဲမှာ အဖေ နေရမယ်လို့ သီရိက ပြောသွားတာပဲ"

တိတ်တဆ သဘောပေါက်သွားပြီ ဖြစ်သည်။





"တဆ"

"ဗျာ"

"ဒီအတွက် စိတ်မကောင်းမဖြစ်ပါနဲ့၊ မမကြောင့် ဘယ်သူ့ကိုမှလည်း အတိုက်အခံမလုပ်ချင်ဘူး တဆ"

တဆက သနားကြင်နာတတ်သည်။

မမနှင်းဘက်မှ အမြဲတမ်းကာကွယ်ပြောပေးတတ်လေ့ရှိ၏။

"မမဘဝနဲ့ မမပါ တဆ ... အိမ်ရှင်မဖြစ်လာပြီပဲ၊ အိမ်ထောင်ရှင် လင်ယောကျ်ားရဲ့ ထားရာနေ စေရာသွားရမှာပဲလေ ... မမ ကျေနပ်ပါတယ်"

"မဟုတ်သေးဘူး မမ"

"ဟင်"

"ကိုကို့ကို ပြောရမယ်၊ ဖခင်တစ်ယောက်လုံး ကျန်းမာရေးချို့တဲ့နေတာပဲ၊ ကိုကို့အနေနဲ့ ဆေးကုပေးသင့်တယ်"

"နေပါစေ တဆ ... မောင်က လက်ခံမှာမဟုတ်ဘူး၊ မမကို မယုံသင်္ကာဖြစ်နေမယ်၊ မောင့်ကို စိတ်အနှောက်အယှက် မဖြစ်စေချင်ဘူး တဆရယ် ... မမက လင်ယောကျ်ားကို မှီခိုနေရတဲ့ဘဝပါ"

တဆ စိတ်မကောင်း ဖြစ်ရသည်။

ကိုကို ဘယ်လိုဖြစ်တာလဲ။

စိတ်သဘောထား ပြည့်ဝသူပါ။

မာမီကြောင့် ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



မမနှင်းကို နိမ့်ကျတဲ့ချွေးမအဖြစ် မာမီ လက်မခံချင်ပေ။

ကိုကိုနှင့် ကွဲစေချင်နေသည်။

ပြဿနာတွေ တက်အောင်ပင် မာမီက ဖန်တီးနေ၏။

"တဆ သွားပြီး ဆေးကုပေးရမလား မမ"

"တဆ"

"ဗျာ"

"အဖေ့ကိုတော့ မမ ဆေးကုပေးချင်တာအမှန်ပဲ တဆ ... ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါကိုတော့ မမနားလည်သဘောပေါက်ပါတယ် ... ကိစ္စမရှိပါဘူး၊ တဆ မမဘဝနဲ့ မမပဲရှိပါစေတော့"

တဆ ပါဝင်ပတ်သက်မှာကို မမနှင်း မလိုလားမိပေ။

မောင့်မာမီရဲ့ အဆင့်အတန်းခွဲခြားနေတာကို သိထား၍ ဖြစ်သည်။

ဖွေးသီရိက ချော၏။

ယောက်ျားလေးတွေကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိသည်။

မဖြစ်ဘူး ...

သူမလို ဘဝမျိုး သီရိရောက်သွားလို့ လုံးဝမဖြစ်ပါဘူး။

မမနှင်းသီရိ စိတ်ပူမိသည်။

ကြီးကျယ်ခမ်းနားတဲ့ မိသားစုအသိုင်းအဝိုင်းထဲသို့ သီရိသည် သူမကဲ့သို့ ရောက်မလာစေချင်၍ ဖြစ်သည်။

"တဆ"





"ပြောပါ မမ"

"မင်းမပြောပါနဲ့ ... သီရိကိုလည်း သွားပြီးမပတ်သက်ပါနဲ့ကွယ် ... မမ တောင်းပန်ပါတယ်"

မမကို လေးစားမိသည်။

ယောက်ျားတစ်ယောက်ကို ငွေကြေးကြောင့် မြူဆွယ်ဖျားယောင်းယူလိုက်တဲ့ ဆန္ဒတွေ မရှိပေ။

ရိုးသားဖြူစင်သည်။

ညီမနှင့်ပတ်သက်မှာပင် မမက အကြောက်ကြီးကြောက်နေ၏။

"တဆရယ် ... မင်းရဲ့ကူညီတတ်တဲ့ စိတ်ဓာတ်ကို မမ လေးစားပါတယ် ... ဒါပေမယ့် မမတို့ မိသားစုကိစ္စတွေကို မင်းမေ့ပစ်လိုက်စေချင်တယ်"

မမအနေနှင့် ထိုစကားတွေကလွဲပြီး ဘာမှမပြောလိုတော့ပေ။

အိမ်ရှင်မ ဗီသစ္စာဖြင့် မောင်ကျေနပ်စေရန် နေထိုင်ပြောဆိုချင်နေခဲ့သည်။ ဖုန်းချလိုက်၏။

နှင်း အိမ်မှုကိစ္စတွေ လုပ်ဦးမယ်။

မောင် ပြန်လာတော့မယ်။

အိမ်ကြီးထဲမှာ နှင်းတစ်ယောက်ထဲနေရသည်။

နှင်းက မောင့်ဇနီးမယားဖြစ်ပေမယ့် ပွဲတက်ခွင့်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



မောင့် Secretary မလေး ဝင်ဒီနှင့်မောင် ပွဲတက်တယ်တဲ့။

ညစာကိုလည်း သူမနှင့်အတူ မစားရသောရက်တွေက များနေသည်။

မချက်ထားနဲ့တဲ့။

မင်းပဲ စားထားတဲ့။

သူမဘဝက ဘာလဲ။

အဖေရယ် ...

သမီး သတိရတယ်။

သမီးမိုက်ကို အဖေ နားလည်ခွင့်လွှတ်နိုင်ပါ့မလား။

နှင်း မျက်ရည်တွေ ကျလာရသည်။

စိတ်ချောက်ချားစရာကောင်းတဲ့အချိန်တွေကို တစ်ယောက်ထဲ နေ့စဉ် ဖြတ်သန်းနေခဲ့ရ၏။

"မညံ့တယ် ... ကိုယ့်အစွမ်းအစကို ဘာလို့မပြရတာလဲ တကယ်ဆို မမက ဆေးကျောင်းသူ၊ ပညာဆက်သင်ခွင့်ကို တောင်းဆိုသင့်တယ်နော်"

သီရိက ပြောသည်။

အမှန်အတိုင်း ဝန်ခံရလျှင် နှင်းသည် အေးစက်ညှိုးဖျင်းသော မိန်းမတစ်ယောက်သာ ဖြစ်နေရသည်။

သီရိလိုမဟုတ်။

သတ္တိမရှိ။





မောင့်ကို ဆန့်ကျင်လွန်ဆန်နိုင်တဲ့ အင်အားတွေ ကင်းမဲ့နေရသည်။

အိမ်ကြီးထဲတွင် တစ်ယောက်ထဲရှိနေ၏။

ည ရောက်နေပြီ။

အမှောင်ထုက လွှမ်းမိုးလျက်ရှိသည်။

မောင် ...

အပြင်မှာပဲ ညစာ စားလိုက်ပြီ ဖြစ်သည်။

ထုံးစံပါပဲ။

ကျွန်မကတော့ မောင်မလာတာ သေချာမှ တစ်ယောက်တည်း ညစာ စားဖြစ်သည်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကပ်ထားမိ၏။

ညစာ ဆက်မစားတော့။

အဖေ့ကို သတိရလာမိသည်။

တိုက်ကြီးနှင့်နေရပြီး ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားတစ်ယောက်ကို သမီးလက်ထပ်ထားရပေမယ့် သမီးဘဝက တစ်နေ့မှ စိတ်ပျော်ရွှင်ချမ်းသာမှု မရခဲ့ပါဘူး အဖေ။

အဖေ့ကို သတိရတယ်။

ဆေးကုပေးချင်တယ်။

သမီးက ဆေးကျောင်းသူတစ်ယောက်ပါ အဖေရယ်။

လူနာတွေကို ဆေးကုပေးချင်လို့ သမီးဆေးကျောင်းတက်



www.burmeseclassic.com

www.burmeseclassic.com



တာပါ။

ဒါပေမဲ့ ...

သမီး ပညာဆက်ပြီး သင်ကြားနိုင်ခြင်းမရှိတော့တာ အဖေ သိရင် စိတ်ထိခိုက် ကြေကွဲရမှာပဲ။

သူမ ...

တစ်ယောက်တည်း ရှိနေသည်။

ယောက္ခမကြီးက သူမ မောင့်အနားကနေ ထွက်ခွာသွား စေချင်နေ၏။

မတန်ဘူးတဲ့။

ငါ့သား နစ်နာတယ်တဲ့။

သူမ ...

မြို့ထဲ ဆင်းလာခဲ့မိသည်။

မောင့်ကိုမျှော်နေမိတာ ထုံးစံလိုဖြစ်နေရပြီ ဖြစ်၏။

ညဦးနက်နေပြီ။

မောင် မလာသေးပေ။

ညစာ စားပွဲတစ်ခုမှာ မောင်သည် သူ့အတွင်းရေးမှူးမလေး ဝင်ဒီနှင့် ပွဲတက်နေတော့မယ်ဆိုတာ သိနေသည်။

ဝင်ဒီက ငယ်ရွယ်ချောမောတဲ့ မိန်းကလေးတစ်ယောက် ဖြစ်၏။

နေပါစေ ...

ဖိုးလပြည့်စာပေ



မောင်ပျော်ရင် ပြီးတာပဲ။

"ဒီလောက်အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ဘဝကို မမ ဘာလို့ ဖက်တွယ်ထားချင်ရတာလဲ ... လူချမ်းသာတာထက် စိတ်ချမ်းသာ ဖို့ပဲ လိုအပ်တာပါ မမရယ်"

ဖွေးသီရိက ပြောခဲ့သည်။

မမ ပျော်နေတာပါ။

မောင်ထားရာနေ စေရာသွားရတဲ့ဘဝကို နှင်း နှစ်သက် တယ်။

"တီ ... တီ"

"တီ"

မောင် ပြန်လာသည်။

နှင်း ဝမ်းသာအားရဖြင့် မောင့်ကို ထွက်ကြိုခဲ့၏။

"မင်း မအိပ်သေးဘူးလား နှင်း ... "

"ဟင့်အင်း ... "

"ညစာ စားပြီးပြီလား နှင်း ... "

"အင်း"

"မင်း မစားရသေးဘူးဆိုတာ မောင်သိပါတယ် ... လာ အထဲဝင်ကြမယ်၊ ပြီးတော့ ... နှင်း ညစာစားတာ မောင်ထိုင်ကြည့် နေမယ်လေ"

"မောင်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတော့လည်း သူမအား အကြင်နာစကားတွေ ဆိုတတ်သည်။

'နှင်းကို မောင် ချစ်ပါတယ်။

မောင့်အချစ်တွေကို နှင်း ယုံကြည်အားကိုးနေဆဲပါ။

အဖေ့အကြောင်းတွေ ပြောပြလိုက်ရင် ကောင်းမလား။

မပြောတော့ပါဘူးလေ။

မောင့်ရဲ့ ပျော်ရွှင်ကြည်နူးနေတဲ့ အချိန်တွေကို သူမနှောက်ယှက်ဖြစ်ရန် ဝန်လေးနေမိတာတော့ အမှန်ပဲဖြစ်သည်။

အခန်း ( ၆ )

"အဖေ"

"ဟင်"

"ဆေးခန်းပြရအောင်"

"နေပါစေကွယ် ... အဖေ့အတွက် သမီးမပူပါနဲ့ ... အဖေ ဘာမှမဖြစ်ပါဘူး"

အဖေကတော့ မိမိအတွက်နှင့် သမီးကို ဒုက္ခမပေးချင်ပေ။

"သမီးမှာ ပိုက်ဆံရှိပါတယ် ... သမီး အလုပ်ရနေပြီပဲ အဖေ အားမငယ်ပါနဲ့"

အဖေ အားငယ်နေသည်။

"သီရိ"

"ရှင် ... အဖေ"

"သမီးကို အဖေ တစ်ခုတော့ တင်းတင်းကျပ်ကျပ် မှာထား



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်"

"ပြောပါ အဖေ"

"အဖေ့အတွက် ငွေရှာတာ တရားနည်းလမ်းကျတဲ့ငွေကြေး
ပဲ ဖြစ်ပါစေ ... သန့်ရှင်းပါစေ ... "

သမီးကို အဖေတစ်ယောက်အနေနှင့် ဘာမှမပြောချင်ပေ
မပြောလို့ မဖြစ်ဘူး။

မိန်းမချောလေးတစ်ယောက်ရဲ့ အန္တရာယ်ကို မိမိသိနေ
သည်။

သမီးငယ်ကို စိတ်မချပေ။

မိမိ တာဝန်မကျေဘူး။

ဘာကြောင့် ရောဂါတွေ ဖြစ်နေခဲ့ရတာလဲ။

အားမလို အားမရ ဖြစ်မိသည်။

"အဖေရယ် ... သီရိကို ယုံပါ ... အဖေ့ရောဂါတွေ ပျောက်
အောင် အထူးကုသမားတော်ကြီးတွေနဲ့ ပြချင်တာပါ။ အခု ရိုးရိုး
ဆရာဝန်နဲ့ပြရတာ ... အဖေ့ကို သမီး ပစ်မထားနိုင်ဘူး"

"အဖေ့အတွက် သမီးမှာ တာဝန်ရှိတယ်"

"သီရိ"

"အဖေ ဆေးခန်းပြပါ"

"သမီးအတွက် တာဝန်လေးလံမှာ အဖေ မလိုလားမိတာ
တော့ အမှန်ပဲ"





"အဖေ့သမီးတစ်ယောက်အနေနဲ့ သမီးတတ်နိုင်သလောက်
ဆေးကုပေးပါရစေ"

"သမီးရယ်"

အဖေ တာဝန်မကျေဘူးဆိုပြီး စိတ်မကောင်းဖြစ်နေတော့
မှာ သေချာသည်။

"အဖေ ဆေးခန်းသွားရအောင်နော်"

သမီး ကျေနပ်အောင် အဖေက လိုက်လျောမှု ပြုသည်။

ဆေးခန်းလိုက်ရတာပဲ သီရိ ကျေနပ်နေရှာ၏။

"အဟွတ် ... ဟွတ် ... "

ဆေးခန်းရောက်တော့ လူတွေပင် ရှင်းနေသည်။

"ဦးမျိုးသန့် ဝင်ပါ"

"လာ ... အဖေ"

အဖေ့ကိုခေါ်ပြီး ဆေးခန်းလေးထဲ ဝင်လိုက်တော့သည်။

"ဟင်"

သူ ...

မမနှင်း ယောက်ျားရဲ့ညီ။

ဒေါက်တာ တိမ်တဆ။

"မင်းကိုး ... "

အဖေ ပြနေကျဆရာဝန်က သူမှမဟုတ်တာ။

သီရိတို့ ဆေးခန်းလည်း မမှားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပြတဲ့ ဆရာဝန်က ခဏခရီးထွက်သွားလို့ ကိုယ်က အစားထိုးဝင်ပေးတာပါ ဖွေးသီရိ"

အဖေက အံ့သြနေသည်။

မဆီမဆိုင် ...

ဒီလူနှင့်မှ လာတိုးရတာပင် သီရိ အံ့သြနေမိသည်။

"ထိုင်ပါ"

ဒုက္ခပါပဲ။

အဖေ့ကို သူနှင့် မပတ်သက်စေချင်ပေ။

လူယုတ်မာတွေ ...

မမကို မတရားနှိမ်ချဆက်ဆံနေကြ၍ သူမ အမြင်ကတ်နေမိသည်။

"အန်ကယ် ဘာဖြစ်တာလဲ ... "

သူ ...

မေးနေသည်။

အဖေ့ကို သေချာစွာ စမ်းသပ်နေတော့၏။

"အန်ကယ်"

"ပြောပါ ဒေါက်တာ"

"ကျွန်တော်က မမနှင်းသီရိ ခင်ပွန်းရဲ့ညီ ဒေါက်တာ တိမ်တဆပါ"

"ဩော်"





အဖေ အံ့သြသွားသည်။

"အန်ကယ့်ကို မမနှင်း လာမကြည့်နိုင်တာကို ကျွန်တော် စိတ်မကောင်းပါဘူးဗျာ"

"အန်ကယ်ကတော့ သမီးလေး ကောင်းကောင်းမွန်မွန်နေထိုင်စားသောက်ရတယ်ဆိုရင် ကျေနပ်ပါပြီ ဒေါက်တာရယ် ... "

"မာမီ့ကြောင့်ပါ ... ကျွန်တော့်မာမီက နည်းနည်းဇီဇာကြောင်တာပါ"

တဆ အနေနှင့် မမနှင်း ဖခင်ကို သနားကြင်နာနေမိသည်။

ဆင်းရဲနွမ်းပါးပုံရ၏။

"အန်ကယ် ဘာမှအားမငယ်ပါနဲ့နော် ... ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်"

"ကျေးဇူးပါပဲကွယ် ... အန်ကယ်ကတော့ ဒုက္ခမပေးချင်ပါဘူး ရပါတယ် ဒေါက်တာ ... သမီးနှင်းကိုလည်း ဘာမှမပြောပါနဲ့"

အထူးသဖြင့် ...

သမီးကြီးနှင်းသည် စိတ်ထားနူးညံ့သိမ်မွေ့သူ။

သည်းခံ ခွင့်လွှတ်တတ်၏။

အဖေ သိပါတယ်။

သမီးနှင်းဟာ ဘယ်တော့မှ အဖေ့အပေါ် ရက်စက်တတ်တဲ့သူ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်"

"ပြောပါ ဒေါက်တာ"

"မမနှင်းနဲ့ ပတ်သက်ပြီး ကျွန်တော် ကိုကို့အစား တောင်းပန်ပါတယ်"

"မလိုပါဘူးကွယ် ... သမီးလေး ကောင်းကောင်းမွန်မွန် နေရတာပဲ အန်ကယ်က ဝမ်းသာကျေနပ်နေပြီ"

"အန်ကယ့်ကို ကျွန်တော် ဆေးကုပေးပါရစေ"

"အခုလည်း အန်ကယ် ဆေးကုနေတာပဲ"

"ဒီထက်ပိုပြီး ဆေးကုသပေးချင်လို့ပါ ... မမနှင်းကိုယ်စား ဦးကို ကျွန်တော် စောင့်ရှောက်ပါရစေနော်"

"သိပ်တော့မလိုဘူးထင်တယ်ဒေါက်တာ ... ကိစ္စမရှိပါဘူး၊ အန်ကယ်က ဘယ်သူ့ကိုမှ တာဝန်မပေးချင်တာပါ"

ဖွေးသီရိအဖေကလည်း မာနရှိနေသည်။

သူ့ကို ပတ်သက်ဆက်ဆံလိုခြင်းမရှိ၍ ဖြစ်နိုင်၏။

စိတ်ဓာတ်တွေကို သဘောကျမိသည်။

ငွေကြေးချမ်းသာတဲ့ သူ့ကို ကင်းရှင်းစွာနေကြသော မိသားစုတွေရဲ့ မာန ဖြစ်၏။

"ဒေါက်တာ ... ကျေးဇူးတင်ပါတယ်၊ အဖေ့အကြောင်း မမသိတာပဲ ... ထပ်ပြီး ဘာမှမတိုက်တွန်းပါနဲ့၊ မမ စိတ်မကောင်းဖြစ်





လိမ့်မယ် ... မမက အိမ်ထောင်ရှင် ဖြစ်သွားပါပြီ၊ ကျွန်မတို့ ဘာမှ မတောင်းဆိုလိုပါဘူး"

သူမ ...

အပြတ်ပြောလိုက်မိသည်။

ချမ်းသာတဲ့သူတွေနှင့် အကင်းရှင်းဆုံးနေသင့်သည်ဟု ထင်မိ၏။

ရှင်တို့မိသားစုဝင်တွေကို လုံးဝအထင်မကြီးပါဘူး။

မမဘဝကိုပဲ ကြည့်။

ဘယ်လောက်ရက်စက်ကြလဲ ...

ချမ်းသာတယ်ဆိုပြီး အပေါ်စီးကနေ ဆက်ဆံနေခဲ့သည်။

မုန်းလိုက်တာ ...

တော်ပြီ ...

အဖေ့ကို သူ့ဆေးခန်းမှာ မပြတော့ဘူး။

ပြနေကျ ဆရာဝန် ပြန်ရောက်လာမှပဲ ပြဖို့ စိတ်ကူးထားသည်။

"သီရိ"

"ဟင်"

"ကိုယ်တောင်းပန်ပါတယ် ... ခေါင်းမမာပါနဲ့၊ အန်ကယ့်ကို ဆေးကုပေးပါရစေ"

"မလိုဘူး ... ကျွန်မ ရှင်တို့မိသားစုကို မုန်းတယ်၊ လူစိတ်



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့ဟာတွေ ... ဘာအကူအညီမှလည်း မလိုဘူး"

သီရိ ပြောပစ်လိုက်သည်။

ဟုတ်တယ်လေ ...

တော်ကြာ ...

ကြီးကြီးကျယ်ကျယ်တွေပြောနေတာကို သီရိ မခံနိုင်။

အဖေရော သီရိပါ မာနကြီးသည်။

တိမ်တာဆနှင့် မပတ်သက်လိုပေ။

"အဖေ ... ပြန်မယ်"

ပြန်လာခဲ့ကြသည်။

အိမ်ရောက်တော့ သူမ အလုပ်ရှင် ဦးရဲလင်းထက် ရောက်နေ၏။

"အန်ကယ် နေမကောင်းဘူးဆိုလို့ အစ်ကိုလာကြည့်တာပါ ဖွေးသီရိ"

"ဟင်"

သီရိ အားနာမိသည်။

အလုပ်ရှင်ဖြစ်၍လည်း သီရိမျက်နှာပူမိ၏။

"အန်ကယ် ကျွန်တော်က ဖွေးသီရိရဲ့ အလုပ်ရှင်ပါ ... သီရိဘဝက ကျွန်တော့်ငယ်စဉ်ဘဝနဲ့တူလို့ ကိုယ်ချင်းစာမိသွားတာပါ"

"ကျေးဇူးပါပဲ မောင်ရင်ရယ် ... ဦးကတော့ အဆုတ်ကင်ဆာတဲ့လေ ... သမီးငယ်ကျမှ ဦးဘာတာဝန်မှ မကျေနိုင်တော့ဘူး"





"စိတ်မကောင်းမဖြစ်ပါနဲ့ ဦးရယ် ... ကျွန်တော်လည်း အတတ်နိုင်ဆုံး ကူညီပါရစေ၊ ကျွန်တော် ငယ်စဉ်ကလည်း အမေ ဝေဒနာတွေဖြစ်တာကို ဆေးကုသခွင့် မပေါ်လာခဲ့ရဘူး"

မိမိဖခင် သေဆုံးသွားတဲ့အထိ ဆင်းရဲချို့တဲ့ခဲ့ရသည်။

သတိရတိုင်း စိတ်မကောင်း ဖြစ်ရ၏။

"ဦး"

"ဟင်"

"ကျွန်တော် ဆေးကုပေးပါရစေ"

"ဆရာ"

"သီရိ ... အစ်ကို့ကို နားလည်ပေးပါ ... အစ်ကိုဖခင်အတွက် အစ်ကို ဦးကို ကူညီစောင့်ရှောက်ပါရစေ"

သီရိ လက်မခံချင်။

အဖေ့အတွက် ယောကျ်ားတစ်ယောက်ဆီက ဘာအကူအညီမှ မလိုချင်တာတော့ အမှန်ပဲဖြစ်သည်။

ဘယ်လိုငြင်းရမလဲ။

အေးဆေးတည်ငြိမ်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်သည်။

သူမရဲ့ အလုပ်ရှင်။

"ကျွန်မ အားနာပါတယ်ဆရာ ... အဖေ့အတွက် ကျွန်မ လုပ်အားခနဲ့ပဲ ဆေးကုလို့ရနိုင်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး သီရိ ... မင်း ခေါင်းမမာပါနဲ့၊ ကိုယ် ဘာအခွင့်အရေးမှ မျှော်လင့်ပြီး ဆေးကုပေးတာ မဟုတ်ပါဘူး ... ကိုယ့်ဘဝမှာ မင်းလိုပဲ အဖေကို ဆေးကုချင်ပါလျှက်နဲ့ မကုခဲ့ရဘူး၊ အခုထိ ကိုယ် ဝမ်းနည်းလို့ကို မဆုံးတော့ဘူး"

အလုပ်ရှင်ဖြစ်နေ၍ သီရိ ငြင်းဆန်ဖို့ အခက်ဖြစ်နေတော့သည်။

"မနက်ဖြန်ကစပြီး ဦးရဲ့ဝေဒနာကို ကြပ်မတ်ဆေးကုပေးရမယ့် အထူးကုသမားတော်နဲ့ ပြရမယ်၊ ကျွန်တော့်ကို ဘာမှအားမနာပါနဲ့၊ ကျွန်တော့် စေတနာကို လက်ခံပေးပါ"

သူမလည်း မငြင်းသာ။

အဖေကတော့ အားနာနေသည်။

"ဦးအနေနဲ့ကတော့ သေလူလို့ သဘောထားပြီးပြီ မောင်ရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တော့ဘူး ... သမီးငယ်အပေါ်မှာလည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်တာပါ"

"ဦး နားနားနေနေ နေပါတော့ ... ဘာအကြောင်းမှ မတွေးပါနဲ့၊ ကျွန်တော် ကုသိုလ်လုပ်တာပါ"

"မောင်ရင်"

"ဦး လက်ခံပါ"

"ဦးတို့က ဆင်းရဲတယ်၊ သမီးပျိုလေးတစ်ယောက်ရှိနေ





တယ်၊ ပတ်ဝန်းကျင်မှာ ကဲ့ရဲ့ဝေဖန်စရာတွေ ဖြစ်လာမှာကိုတော့ မလိုလားတာ အမှန်ပဲ"

"မဆိုင်ပါဘူး ဦး ... အချိန်အတိုင်းအတာတစ်ခုက အဆုံးအဖြတ်ပေးပါလိမ့်မယ်"

ရဲလင်းထက်ကတော့ ဦးမျိုးသန့်ကို မဖြစ်မနေ ဆေးဝါးကုသပေးချင်သည်။

အကြပ်ကိုင်ရမှာပဲ။

"ကျွန်တော့်ကို အထင်သေးတာလား ဦး ... "

"မဟုတ်ပါဘူးကွယ် ... ဦးတို့အနေနဲ့က ပက်ဝန်းကျင်အမြင်မကောင်းအောင် ... "

"ကျွန်တော် လူကိုယ်တိုင် မလာတော့ပါဘူးဦး၊ ဆေးဝါးကုသဖို့တော့ ငွေကြေးအလုံအလောက် ထောက်ပံ့ပါရစေ"

"မောင်ရင့်စေတနာတွေကို ဦးလေးစားပါတယ် ... ဦး လက်မခံချင်ဘူး၊ ဒါပေမယ့် အတိုင်းအတာတစ်ခုလောက်တော့ လက်ခံပါ့မယ်"

"ကျေးဇူးပါပဲ ဦးရယ် ... ကျွန်တော် ငယ်စဉ်လေးထဲက အဖေ့ကို ဆေးကုသခွင့် မရလိုက်တဲ့အဖြစ်နဲ့ ရင်ဆိုင်လိုက်ရတယ်၊ ဘယ်လိုဖြေလို့မရဘူး ... ဖွေးသီရိကိုလည်း ဒီလိုအဖြစ်မျိုးတွေနဲ့ ရင်မဆိုင်စေချင်တာပါ"

ဦးမျိုးသန့်ကို အတော်လေး ဖျောင်းဖျလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မွေးသီရိဘဝကို သူ ထောက်ပံ့ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်ရ၏။

"ကိုယ် ပြန်တော့မယ်"

ဦးမျိုးသန့် အနားယူနေသည်။

အဆုတ်ရောဂါဖြစ်၍ လှုပ်ရှားတာနှင့် မောပန်းနွမ်းနယ်နေ၏။

"ဆရာ"

"သီရိ"

"ကိုယ့်ကို မင်းနားလည်မှု ပေးစေချင်တယ်"

"ကျေးဇူးကင်ပါတယ် ဆရာ"

"ကိုယ်သွားမယ် ... ကိုယ့်မှာ တကယ်ပဲ ခံစားချက်ရှိနေလို့ပါ သီရိ ... မင်းဘဝနဲ့ ကိုယ့်ဘဝ အခြေခံချင်းတူနေတယ်၊ ကိုယ်မင်းကို ကိုယ်ချင်းစာမိတယ်၊ မင်းခံစားချက်တွေကိုလည်း ကိုယ်နားလည်မိနေတယ်"

"သီရိကတော့ အဖေ့ကို သီရိရဲ့ကြိုးစားမှုတွေနဲ့ပဲ ဆေးကုပေးချင်တာပါ။ ဒါပေမယ့် ... မဖြစ်နိုင်ဘူးဆိုတာ သီရိ သိနေပါတယ်"

"သီရိ"

"ရှင်"

"မင်း ပညာရေးအတွက် ကိုယ်ထပ်ပြီးထောက်ပံ့ကူညီပေးချင်တယ်"

မဖြစ်နိုင်ကြောင်း သီရိ ပျာပျာသလဲ ခေါင်းယမ်းပြမိ၏။

ပိုးလပြည့်တပေ



ယောက်ျားတစ်ယောက်ရဲ့ အထောက်အပံ့ကို သီရိ လက်မခံလိုပေ။

"ကျွန်မ ကျောင်းဆက်မတက်တော့ပါဘူး၊ အဖေ့ကိုပဲ အချိန်ပြည့် ပြုစုစောင့်ရှောက်နေတော့မယ်"

"သီရိ ကိုယ့်ကိုယုံပါ ... မင်းအတွက် ကိုယ် ကူညီပါရစေ"

သီရိ ခေါင်းပဲ ခါယမ်းပြမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

"သီရိ"

"ဟင် ... ရှင် ... ရှင်"

"ကိုယ် လူကြီးလူကောင်းတစ်ယောက်ပါ၊ သီရိကို ကိုယ့် စကားနည်းနည်းလောက် ပြောပါရစေ"

"ရှင်နဲ့ကျွန်မ ဘာမှပြောစရာမလိုဘူး၊ ကျွန်မအဖေအတွက် လည်း ရှင် ဘာမှပူစရာ မရှိပါဘူး ... အရှင်းဆုံးပြောလိုက်မယ် ရှင်တို့ မိသားစု အသိုင်းအဝိုင်းတွေနဲ့ ကျွန်မ လုံးဝမပတ်သက်ချင် ဘူး"

အားမနာတော့။

မမကို တစ်ဖက်သတ် နှိမ်ချဆက်ဆံနေတာတွေကို သူ မုန်းတီးနေမိသည်။

"ကျွန်မ အစ်မက ဆေးကျောင်းသူ၊ ပညာအရမ်းတော်တယ်





ရှင်တို့ဘာဖြစ်လို့ ကျွန်မ အစ်မရဲ့ တိုးတက်မှုတွေကို ဟန့်တားဖျက် ဆီးပစ်ရတာလဲ"

သူ ဘာမှမပြောနိုင်။

ကိုကို့ထက် မာမီက ပိုပြီး ကိုကိုတို့မိသားစုအား လွှမ်းမိုးနေ သည်။

"မမနှင်းအတွက် ရှင်တို့ကို ကျွန်မ ဘယ်တော့မှ မကျေဘူး၊ မုန်းတယ် ... ပတ်လည်း မပတ်သက်ချင်တော့ဘူး၊ ရှင် နောက်တစ် ခါ ကျွန်မကိုလာပြီး မပတ်သက်နဲ့"

သူမ ...

လှည့်ထွက်လာခဲ့သည်။

"သီရိ"

"ရှင် ကျွန်မကိုလိုက်ပြီး မနှောက်ယှက်နဲ့နော်"

"မင်းအဖေအတွက် ... "

"ရှင် ပူစရာမလိုဘူး ... ကျွန်အဖေကို ဆေးကုပေးမယ့်သူ ရှိတယ်"

"ဘယ်သူလဲ သီရိ"

"သူ့နာမည်က ဦးရဲလင်းထက်တဲ့ ... ကျွန်မ အလုပ်ရှင်လေ"

တမင် ...

ပြောလိုက်တာ ...

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက ရှစ်သွားသည်။

"မင်း ဘယ်သွားမှာလဲ … ကိုယ် လိုက်ပို့ပေးပါရစေ"

"မလိုဘူး"

"သီရိ"

"ရှင် သွားတော့နော်"

"ကိုယ် မင်းကို လိုက်နှောက်ယှက်နေတာမဟုတ်ဘူး သီရိ၊ မမနှင်းသီရိက ရိုးအတယ် … ကိုကို့ဆီက ဘာအခွင့်အရေးမှ မတောင်းဆိုဘူး၊ ဒါကြောင့်ပါ … ကိုယ်က တောင်းဆိုရင် မမနှင်း ပိုပြီး စိတ်အနှောက်အယှက်ဖြစ်မှာစိုးတယ်"

"ဒေါက်တာ ကျေးဇူးပြုပြီး ကျွန်မကို မနှောက်ယှက်ပါနဲ့၊ မမနှင်းကို ကျွန်မ ခေါင်းငုံ့ခံတတ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးနော်"

"ကိုယ် သိစေချင်တာက မင်းအဖေအတွက် ဆေးကုဖို့ပဲ"

"မလိုတော့ဘူး"

သူမ ထွက်သွားသည်။

တဆ ကျန်ခဲ့၏။

သီရိက မာနကြီးလွန်းသည်။

သူမအဖေကို ဆေးကုပေးမယ့်သူ ရှိနေပြီဟု ပြောခဲ့သည်။

ဦးရဲလင်းထက်တဲ့ …

သီရိ အလုပ်ရှင်တဲ့။





မင်း ဘာတွေလုပ်နေတာလဲ သီရိ၊

မဖြစ်သင့်တာတွေဖြစ်သွားမှာ သူစိတ်ပူပင်သွားရသည်။

"ကျွန်မကိစ္စ ရှင်နဲ့ဘာမှမဆိုင်ဘူးနော် … ရှင်နဲ့လည်း မပတ်သက်ချင်ဘူး … ရှင့်ကိုမုန်းတယ်"

မုန်းတယ်တဲ့။

ကိုယ်ကတော့ ချစ်နေပြီပဲ။

ဖူးစာပဲ သီရိ၊

မင်းကို မြင်မြင်ချင်းပဲ ကိုယ်ရင်ဘတ်ထဲက ချစ်မိခဲ့တာ။

ဒုက္ခပါပဲကွာ။

ဖွေးသီရိကိုမှ သူ့စိတ်တွေက စွဲလမ်းနေမိသည်။

မာနခဲမလေး …

မမနှင်းနဲ့ တခြားစီပဲ။

အေးဆေးတည်ငြိမ်တဲ့ မမနှင်းသည် ကိုကို့ထံမှ အခွင့်အရေးတစ်ရာမှ မတောင်းဆိုရဲတာလည်း ပါသည်။

သီရိ … မုန်းမယ်ဆိုလည်း မုန်းစရာ။

သူ့မိသားစုဝင်တွေရဲ့ အဆင့်အတန်းခွဲခြားတတ်တဲ့ အကျင့်တွေကို မနှစ်သက်မိတာတော့ အမှန်ပဲဖြစ်၏။

ဆေးရုံကို ဆက်သွားသည်။

ဦးရဲလင်းထက် ကုမ္ပဏီနှင့်ပတ်သက်ပြီး သတင်းအစအနရှာသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲလင်းထက်ဆိုတဲ့လူကို မင်းသိလား ရဲကြီး"

သူငယ်ချင်းကို မေးမိသည်။

"သိတယ် သူက မိန်းမနဲ့ကွာရှင်းထားတာ တစ်ခုလပ်[illegible]
မိန်းမ နည်းနည်းပွေတယ်လို့ သတင်းကြားရတာပဲ"

"ဟင်"

သူ စိတ်ပူသွားသည်။

"စားနေကျ ကြောင်ဖားကြီးလား"

"သတင်းတော့ ထွက်နေတာပဲ"

"ဒုက္ခပါပဲကွာ"

"မင်းနဲ့ဘာဆိုင်လို့လဲ"

သူ ...

မပြောပေ။

မွေးသီရိအကြောင်း သူဘယ်သူ့မှ မပြောမိ။

မာနမင်းသမီးလေးပဲ။

သူ့အပေါ် မာနကြီးနေသလောက် ဦးရဲလင်းထက်ဆို[illegible]
လူကြီးနဲ့တော့ တွဲနေတာလား။

ဦးရဲလင်းထက်က တစ်ခုလပ်တဲ့။ မိန်းမနှင့်ကွာရှင်းထား[illegible]
တဲ့။ သီရိကို သတိပေးရမယ်၊ သိရောသိရဲ့လား။

"ဦးရဲလင်းထက်က အပြောကြီးတယ်တဲ့၊ မိန်းကလေး[illegible]
ကိုလည်း စွဲဆောင်နိုင်စွမ်းရှိတယ်တဲ့၊ ပြီးတော့ ... အသည်းနှ[illegible]





[illegible]တဲ့ လူကြီးတဲ့"

"ဟင်"

တစ်ချက်မှမကောင်း။

ငွေကြေးချမ်းသာတာပဲ ရှိသည်။

သီရိကို ကူညီထောက်ပံ့နေ၏။

မဖြစ်ဘူး ...

တားဆီးရမယ်။

သူက သီရိနှင့်ဆွေမျိုးနီးစပ် တော်နေပြီပဲ။

ညနေ ...

သီရိကို သွားတွေ့ရမယ်။

ဆေးခန်းတော့လာမှာ မဟုတ်တော့။

သူတို့မိသားစု အသိုင်းအဝိုင်းတွေကလည်း မမနှင်းအပေါ်
[illegible]ရားလုပ်လွန်းသည်။

မမနှင်းကပဲ အလို့လား။

တဆကတော့ သီရိနှင့်ဘယ်လိုပတ်သက်ရမလဲဆိုတာပဲ
[illegible]ားနေမိသည်။

မမနှင်းကို ခေါ်သွားမယ်။

ဦးရဲလင်းထက်နဲ့ တွေ့ရမယ်။

ကိုကို့ကိုလည်း ပြောရမယ်။

သီရိ ကျေနပ်စေရန် သူအတတ်နိုင်ဆုံး ကြိုးစားရမည် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

မမနှင်းဆီ ဖုန်းဆက်၏။

"မမနှင်း"

"တဆ"

"မမနှင်းကို တဆ တစ်ခုလောက်ပြောစရာရှိလို့"

"ပြောလေ တဆ"

"မမရပိုင်ခွင့်တွေကို ကိုကို့ဆီမှာ တောင်းဆိုပါလား"

"ဟင်"

နှင်း အံ့ဩသွားသည်။

တိမ်တဆ ဘာတွေလာပြောနေတာလဲ။

ကိုကို့ဆီက မမနှင်းရသင့်တဲ့ အခွင့်အရေးတွေကို တောင်း ပါတဲ့။

"သော် ... ဘာတွေလာပြောနေတာလဲ၊ မမ ဘာမှမလို ပါဘူး၊ မမ ဘာမှမတောင်းဆိုချင်ဘူး"

"တောင်းဆိုရမှာပဲ မမ၊ ဥပမာ ဖခင်ကြီး နေမကောင်း နေတဲ့အချိန်မှာ မမသွားပြီး တွေ့သင့်တယ်"

"မမလည်း တွေ့ချင်ပါတယ်၊ ဒါပေမယ့် မောင်နဲ့ပဋိ ဖြစ်ရမှာကိုတော့ မလိုလားဘူး တဆ"

"ဖြစ်ရမှာပဲ မမ၊ သတ္တိရှိစမ်းပါ ... အဖေ သေသွားရင် ပိုပြီး နာကြည်းကြေကွဲရမှာနော်"





တဆ ပြောတာလည်း ဟုတ်သည်ဟု နှင်း တွေးမိသည်။

အဖေ့အတွက် နှင်း စိတ်ထိခိုက်နေရ၏။

တွေ့ချင်နေသည်။

သမီးကို ဆေးကျောင်းတက်စေချင်သော အဖေသည် ဘာပဲ ဖြစ်ဖြစ်သမီးကို တွေ့ချင်နေမှာပဲ ဖြစ်၏။

သူမမှာ သွားပိုင်ခွင့်မရှိ။

အဖေ့ကို ပစ်ပယ်ထားနေသည်။

စိတ်ထဲမှာ သောကတွေနှင့် မအေးအောင် ဖြစ်နေရ၏။

"မမနှင်း"

"ဟင်"

"မမ အဖေ နေမကောင်းဘူး"

"တဆ သွားတွေ့ပြီးပြီလား"

"အင်း"

"မမ ဘာတတ်နိုင်မှာလဲ တဆရယ်"

"ကိုကို့ကိုပြော"

"မပြောတော့ပါဘူး"

"ကိုကိုကြောင့် မမဘဝကို အနစ်မွန်းခံတော့မှာလား"

မမနှင်းကို တိမ်တဆ အားမလိုအားမရ ဖြစ်နေမိသည်။

သတ္တိ မရှိပေ။

ယောကျ်ားကို ဆန့်ကျင်ရဲတဲ့သတ္တိတွေ ကင်းမဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ပြောလိုက်တာ မမှားဘူးနော် မမ"

"နေပါစေ တဆာ၊ မောင့်ကို စိတ်ဆင်းရဲအောင် မမ ဘာမှ မလုပ်ချင်ဘူး"

"ဒုက္ခပါပဲ"

မမနှင်းက ပြော၍မရ။

ကိုကို့ကို သူကိုယ်တိုင်ပြောဖို့ ဆုံးဖြတ်လိုက်သည်။

သူတို့အသိုင်းအဝိုင်းက မတရားလွန်းရာ ကျနေသည်။

ညနေအထိ သူ့စိတ်တွေ မတည်ငြိမ်။

ဖွေးသီရိ အထင်သေးစေမယ့် အပြုအမူတွေကို ရှောင်ရှားရမည်ဖြစ်သည်။

ဆေးခန်း ထိုင်၏။

သီရိအဖေ လာမပြတော့။

အင်းလေ ...

ရပ်ကွက်ဆေးခန်းလေးကို သီရိက ဘယ်စိတ်ဝင်စားတော့မှာလဲ။

အထူးကုဆေးခန်းကြီးတွေကို သွားပြမှာပဲ ဖြစ်သည်။

သူ ...

မရှိဆင်းရဲသားတွေကို အခမဲ့ ဆေးကုသပေးခဲ့သည်။

စေတနာဆရာဝန်အဖြစ် နာမည်ထွက်နေခဲ့၏။

"ဒေါက်တာရယ် ကျွန်မမှာ ဆေးကုစရာ မရှိပါဘူး ...





အဟွတ် ... အဟွတ် ..."

"ကိစ္စမရှိပါဘူး ... ဆေးဖိုးမပေးနဲ့၊ ကျွန်တော်ပဲ စိုက်ပေးပါ့မယ် ... အခေါ် ဘာမှအားမငယ်ပါနဲ့နော်၊ နောက်နေ့လည်း ဆေးလာထိုးနော်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ ဆရာ ... စိတ်သဘောထား ဖြူစင်လိုက်တာ"

သီရိရယ် ...

မင်းကရော ကိုယ့်ကို ဘာဖြစ်လို့ အထင်သေးနေရတာလဲ။

ကိုယ်က ကိုကို့လို မဟုတ်ဘူး။

အဖေတူသားပါ။

ဒက်ဒီသည် မာမီလိုမဟုတ်။ စိတ်ထားကောင်းသည်။ ဒက်ဒီက UK မှာ။

အသက်ကြီးလာတာတောင် ဒက်ဒီက မိသားစုအတွက် စီးပွားရှာနေခဲ့သည်။

ည အတော်နက်မှ သူပြန်၏။

မာမီ အနားရောက်လာသည်။

"သားငယ်"

"ဗျာ ... မာမီ"

"မင်း ဘယ်ကပြန်လာတာလဲ"

ရပ်ကွက်ဆေးခန်းလေးကနေ ပြန်လာတာဆိုရင် မာမီ စိတ်



www.burmeseclassic.com

www.burmeseclassic.com



အတော်ဆိုးသွားမှာပဲ ဖြစ်သည်။

"သူငယ်ချင်းတစ်ယောက်အိမ်ကနေ ပြန်လာတာပါ မာမီ"

"သားငယ်ကို မာမီပြောရဦးမယ်၊ မင်း ဦးဆောင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ဖို့ မာမီ စီစဉ်နေတယ်"

"ဗျာ"

သူ ...

မလုပ်ချင်ဆုံးပဲ။

ဆေးပညာကို အသုံးချပြီး ငွေမရှာလိုပေ။

ငွေကြေး ပြည့်စုံနေတဲ့ မိသားစုပဲ။

မာမီက လောဘကြီးသည်။ စည်းစိမ်ဥစ္စာတွေ ဘယ်လောက်ပဲများပါစေ ငွေရှာနေ၏။

ငွေရမယ့် အလုပ်တွေကိုပဲ မာမီ လုပ်နေခဲ့သည်။

ကိုကို့စီးပွားရေးအတွက်လည်း မာမီပဲ အုပ်စိုးထား၏။

"အထူးကုဆေးခန်းကြီး မာမီဖွင့်မယ်"

"မာမီ"

"မင်းက စေတနာ့ဆရာဝန် လုပ်ချင်လို့လား"

"ကျွန်တော်တို့မှာ ငွေကြေးပြည့်စုံနေတာပဲ၊ ဆေးပညာနဲ့တော့ သားငွေမရှာချင်ဘူး"

"တိမ်တဆ ... မင်းက ဘယ်လောက်အထိ ချမ်းသာပါစေ ငွေဆိုတာ လိုအပ်တယ်၊ အလုပ်လုပ်ရမယ် ... ကိုကိုလည်း စီးပွားရေးလုပ်နေတာပဲ"

"မာမီ"

"ပြော"

"မမနှင်းအတွက် ... "

"မင်းနဲ့မဆိုင်ဘူး"

"မမနှင်း ပညာရေးရော၊ လူမှုရေးပါ ... တဆတို့ဘက်က မတရားလုပ်နေမိတယ်"

"တိမ်တဆ ... မင်းနဲ့မဆိုင်ဘူးနော်၊ ဒီလိုမိန်းကလေးမျိုးတွေ က ငွေမက်တယ်၊ သားကြီးကိုယူတာ အချစ်စစ် အချစ်မှန် မဖြစ်နိုင် ဘူး"

"မမနှင်းက ကိုကို့ကိုချစ်ပါတယ် မာမီ ... ဘာအခွင့်အရေးမှ တောင်းဆိုတတ်တဲ့ မိန်းကလေးမှ မဟုတ်တာ"

"မာမီ စောင့်ကြည့်ရဦးမယ် တဆ ... ဒီလိုမိန်းကလေးမျိုးကို မာမီက ချွေးမအဖြစ် မြောက်စားနေရမှာလား"

"မေမေ့ချွေးမပဲ"

ဒေါ်ရွှေထိပ်ထား ဝင်ဒီလို မိန်းကလေးမျိုးကိုပဲ ချွေးမအဖြစ် လက်ခံလို့ရသည်။

ဝင်ဒီက ချမ်းသာတယ်။

သားနဲ့နီးစပ်အောင်ထားပေမယ့် မနီးစပ်ဘဲ နှင်းသီရိလို မိန်းကလေးမျိုးနှင့် နီးစပ်သွားတာ အဖြေကရှင်းနေသည်။







www.burmeseclassic.com

www.burmeseclassic.com



ဒင်း ... မြူဆွယ်တာ။

ဒေါ်ရွှေထိပ်ထား လက်မခံနိုင်။

တမင် နှိပ်စက်ထားတာ။

မနေနိုင် သွားတော့ပေါ့။

တိမ်တဆက သားကြီးနှင့်မတူပေ။

ဖခင်စိတ် ...

တဆကို သူ့အစ်ကိုလို မဖြစ်စေရန် တားဆီးရမည်။

အခန်း ( ၈ )

ကိုကိုနှင့်တွေ့သည်။

တဆ ပြောစရာရှိတာတွေကိုတော့ ပြောရမှာပဲ။

မမနှင်းအပေါ် မတရားမလုပ်သင့်ဟု ထင်မိသည်။

"ကိုကို"

"ဘာလဲ ညီ"

"ညီ ပြောစရာရှိလို့"

"ပြောလေကွာ"

ကိုကိုနှင့်သူ ရုံးခန်းတွင် နှစ်ယောက်တည်း လွတ်လပ်စွာ တွေ့နေခြင်း ဖြစ်သည်။

"မမနှင်း အဖေ နေမကောင်းဘူး"

"ဟင်"

နှင်းက ဘာမှမပြောပေ။

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆေးကုစရာလည်း ငွေမရှိဘူး၊ ကိုကို ... မမနှင်းအခ်နေနဲ့ သွားကြည့်သင့်တယ်လို့ ညီထင်တယ်"

"သူကတောင်းဆိုလို့လားညီ ... မင်းနဲ့က ဘယ်လိုလုပ်သိတာလဲ"

ကိုကိုသည် သူ့ကိုစူးစမ်းတဲ့အကြည့်တွေနှင့် ကြည့်နေသည်။

"ကျွန်တော့်ဆေးခန်းကို လာပြတာ"

"ဟင် ... မင်းက"

"သူငယ်ချင်း ခရီးထွက်နေလို့ ကူညီတာပါ"

အကျိုးအကြောင်း ပြောပြမိသည်။

"မာမီ မသိနိုင်ဘူး ကိုကိုရာ ... တစ်ခါတလေ အမှန်တရားဘက်က ရင်ဆိုင်လိုက်ပါလား"

ရဲရင့်နေလွှင်ကတော့ နှင်းသီရိကို ဇနီးမယားတစ်ယောက်အဖြစ် လက်ထပ်လိုသည်။

ဒါပေမဲ့ ...

မာမီက လက်မခံ။

ပွဲတက်မယားအဖြစ် မထားဖို့ သူ့ကိုတင်းကျပ်စွာ တားမြစ်ခဲ့သည်။

"မင်းမိန်းမကို မာမီ့ချွေးမအဖြစ် လက်မခံနိုင်ဘူးသား၊ မာမီ့စကားကိုနားထောင်ပါ"

သူ ...





ငယ်စဉ်ကပင် မာမီ့စကားတွေကို မြေဝယ်မကျ နားထောင်ခဲ့သည်။

တစ်ခုပဲ ရှိ၏။

အိမ်ထောင်ပြုတော့ ... မာမီကသဘောမကျသော မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ခဲ့မိသည်။

နှင်းကိုချစ်၏။

မြတ်နိုး၏။

ဝင်ဒီနှင့် တွဲနေရတာက မာမီ့ဆန္ဒပဲဖြစ်၏။

"ဖခင်တစ်ယောက်လုံး ကျန်းမာရေးချို့တဲ့နေတဲ့အချိန်မှာ မနှင်းအပေါ် ကိုကိုနားလည်မှုတွေပေးသင့်တယ်"

မာမီက ရှိနေသည်။

ရဲရင့်အနေနှင့် မိခင်စိတ်ဆိုးမှာကို စိုးရိမ်နေခဲ့၏။

"မာမီက သဘောကျမှာမဟုတ်ဘူး ညီ ... မိန်းမဆိုတာ ဘယ်နှစ်ယောက်ယူယူ ရတာပဲ ... အမေဆိုတာ ... "

"ကိုကို့ အယူအဆမှားနေပြီ"

"ညီ ... မင်း"

"မမနှင်းရဲ့အခွင့်အရေးကို လေးစားသင့်တယ် ကိုကို ... မာမီက မတရားလုပ်နေတာပဲ၊ မမနှင်းဟာ ပညာဆက်သင်ခွင့်မရှိဘူး ... ကိုကိုဘာဖြစ်လို့ ဝင်ဒီကို မယူတာလဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဒီကို သူတာမင် မရွေးချယ်ခဲ့တာပဲဖြစ်သည်။

ခေတ်ရေစီကို လွန်နေသော မိန်းကလေးဖြစ်နေ၏။

ချမ်းသာတာပဲရှိသည်။

နှင်းသီရိလိုမဟုတ်။

နူးညံ့သိမ်မွေ့သော မမနှင်းသည် ... ယောကျ်ားကိုလည်း ရိုသေလေးစားသည်။

မိခင်ကောင်းပီသသည့်မိန်းမ။

"ကြာရင် ကိုကို့ကို မမနှင်းက မုန်းတီးနာကြည်းသွားလိမ့်မယ် ... ကိုကို့အိမ်ထောင်ရေး ပြိုကွဲရလိမ့်မယ်"

သူ ...

စိတ်တော့ပူသွားသည်။

နှင်းလိုမိန်းကလေးမျိုးကို သူလုံးဝ အဆုံးရှုံးမခံနိုင်ပေ။

"မမနှင်းကို ကိုကိုဘာလို့နှိမ်ထားရတာလဲ ... ဘာအပြစ်ရှိလို့လဲ ... ကိုကိုမချစ်ဘဲ မမနှင်းကမြူဆွယ်ပြီး ... "

"တော်စမ်း ညီ"

ဆက်ပြီး မကြားချင်တော့ ...

နှင်းကိုသူချစ်မြတ်နိုး၍ လက်ထပ်ခဲ့ခြင်းဖြစ်သည်။

မကွဲချင်ပေ။

အဆုံးရှုံးမခံနိုင်။

"မမနှင်းမှာ ဘာအပြစ်တွေရှိလို့လဲ ကိုကို"

ဖိုးလပြည့်စာပေ



"ကိုကိုသွားတော့မယ် အလုပ်ကိစ္စတစ်ခုအတွက် ကိုကိုသွားစရာရှိတယ်"

သူထသည်။

"ကိုကို"

"ဘာလဲ ညီ"

"မမနှင်းအတွက် နည်းနည်းလောက်စဉ်းစားပေးပါ ... ကိုကို့ဆီက ဘာအခွင့်အရေးမှ မတောင်းဆိုတတ်တဲ့ မိန်းမတစ်ယောက်ပါ ... ကိုကိုထားရာနေ၊ စေရာသွားတဲ့မိန်းမ"

"ညီ ... မင်းပြန်တော့"

"ကိုကို့အနေနဲ့ ... "

"မာမီက ကိုကို့ဘဝအတွက် အရေးကြီးဆုံးပဲ ညီ"

ညီ့စကားတွေကို သူနာခံနိုင်ခြင်းမရှိပေ။

မာမီ စိတ်အနှောက်အယှက်ဖြစ်မှာကိုတော့ သူဘယ်တော့မှ မလုပ်ချင်။

ညီ့ကို ထားခဲ့သည်။

စိတ်ထဲမှာ ရှုပ်ထွေးစွာဖြင့် ... စားသောက်ဆိုင်မှာ ... တစ်ယောက်တည်း ထိုင်နေမိ၏။

နှင်းရယ် ...

ကိုယ်ဘာလုပ်ရမလဲ ...

မင်းကိုချစ်တယ် ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတယ် ...

မာမီ့ကိုတော့ ကိုယ်မလွန်ဆန်နိုင်တာတော့ အမှန်ပဲ။

အရက်သောက်သည်။

နှင်းက အိမ်မှာ ...

သူဘာလို့ နှင်းကိုပစ်ပယ်ထားမိလဲ။

မာမီ့ကြောင့်လား။

ဝင်ဒီက သူနှင့်တွဲ၍ ပွဲတက်နေရသည်။

"မင်းမိန်းမကို ဘယ်မှခေါ်မသွားရဘူး ... မာမီ အခြေအနေကိုစောင့်ကြည့်ရဦးမယ် ... မင်းမိန်းမက ဘယ်လောက်အထိ အနစ်နာခံနိုင်မလဲဆိုတာ မာမီ စောင့်ကြည့်နေတယ်"

မာမီက ပြောသည်။

သူအခြေအနေကို စောင့်ကြည့်နေခဲ့သည်။

နှင်းကိုသူလက်ခံလာတဲ့အထိ သူကြိုးစားနေ၏။

မာမီ့သဘောဆန္ဒအတိုင်းပဲ နေထိုင်စေခဲ့သည်။

မောင် ရက်စက်တာမဟုတ်ပါဘူး။

မင်းကိုချစ်တယ် ...

နှင်းထံဖုန်းဆက်ပြီး သူနောက်ကျမယ့်အကြောင်း ပြောလိုသည်။

မပြောဖြစ်။

မာမီက ရှိနေသေးသည်။





နှင်းကမာမီ့ကို ... မလေးမစားလုပ်ရင်လည်း ပြဿနာကကြီးသွားနိုင်၏။

မဖြစ်သေးပါဘူး။

"မမနှင်းဖခင် နေမကောင်းတာ သွားကြည့်သင့်တယ် ... ဒါကြာ မမနှင်းက ကိုကို့အပေါ် မုန်းတီးနာကြည်းသွားလိမ့်မယ်"

သူစိတ်တော့ပူသွားမိသည်။

မာမီ့ကြောင့် နှင်းကိုအရေးမပေးနိုင်ခဲ့ဘဲ နှိမ်ပြီးဆက်ဆံခဲ့ရသည်။

မဖြစ်စေချင်ပါဘူး။

နှင်းကိုမောင် အရမ်းချစ်တယ်။

မြတ်နိုးတယ်။

အရက်ကို တစ်ခွက်ပြီးတစ်ခွက် ဆက်ကာဆက်ကာသောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"ရှင် အရမ်းမူးနေပြီပဲ ... ဘယ်လိုဖြစ်လာတာလဲရဲရင့်ရယ် ဘာကြောင့်အရက်တွေကို အရမ်းသောက်နေရတာလဲ"

ဝင်ဒီ အသံကြားရသည်။

လှပချောမောသော မိန်းမချောလေးတစ်ယောက်သည် တင်းကျပ်နေသော ဘောင်းဘီအရှည်နှင့် ... စပို့ရှပ်အပျော့စားကို ကိုယ်မှာချပ်ရပ်နေအောင် ဝတ်ဆင်ထား၏။

သူ ...

သဘောမကျမိ ...

ဝင်ဒီပဲ ...

ယောက်ျားတွေရဲ့စိတ်ကို နိုးထလှုပ်ရှားလာအောင် မြူဆွယ်ဖျားယောင်းနိုင်သော ဝတ်စားပြင်ဆင်မှုမျိုးကို ... သူဘယ်တော့မှ သဘောမကျနိုင်ခဲ့ပေ။





နှင်းကို ရွေးချယ်ခဲ့သည်။

စာအလွန်ကြိုးစားသော ပညာတတ်မိန်းကလေး။

ဣန္ဒြေသိက္ခာကြီးမားလွန်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

"ရဲရင့်"

"ဟင်"

"ဘာတွေဖြစ်နေတာလဲ"

သူ ...

ထလိုက်သည်။

"ဘာမှမဖြစ်ပါဘူးဝင်ဒီ ကိုယ်ပြန်တော့မယ်"

ဝင်ဒီသည်သူ့ရဲ့ Secretary တစ်ယောက် ဖြစ်သည်။

မာမီခန့်ထားတာလေ။

မိန်းမထက်စာလျှင် ဝင်ဒီနှင့်ပို၍အတွဲများခဲ့ရသည်။

ပွဲတက်ခဲ့ရ၏။

မာမီ့ အစီအစဉ်တွေ။

"ရဲရင့် မူးနေပြီလား"

"မမူးပါဘူး"

ဝင်ဒီလိုက်ပို့မှာကို ရဲရင့်မလိုလားဆုံးပင်ဖြစ်သည်။

ညီပြောတာ မှန်တယ်။

နှင်းက အပြစ်ကင်းတဲ့သူ ...



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ကိုယ်တိုင် နှင်းကို အတင်းအကျပ် ရယူခဲ့ခြင်းသာဖြ
သည်။

မာမီ ထင်သလိုမဟုတ်ပါဘူး။

နှင်းဘက်ကသူ့ကို လုံးဝမမြူဆွယ်ခဲ့ပါဘူး။

အမှန်တရားပဲ ...

သူ ...

ဘာဖြစ်လို့ မပြောခဲ့ရတာလဲ ...

နှင်းကိုဘာလို့ ဥပေက္ခာပြုထားရတာလဲ။

ရက်စက်နေရတာလဲ။

အကြင်နာတွေ မဲ့ပြခဲ့ရတာလဲ။

"ကိုယ်ပြန်မယ်"

"ဝင်ဒီ လိုက်ပို့ပေးမယ်လေ"

"မလိုပါဘူး"

"ရှင် အရမ်းမူးနေပြီ"

မူးတာတော့မူးနေသည်။

ဝင်ဒီနှင့်ပြန်နေကျ။

ဒီနေ့မှ ...

သူတစ်ယောက်တည်းပဲ ပြန်ချင်နေတဲ့ဆန္ဒတွေပြင်းပြနေ
သည်။ နှင်းကို စိတ်အနှောက်အယှက်မဖြစ်စေလို၍ဖြစ်၏။

"မဖြစ်ပါဘူး ရဲရင့် ... ဝင်ဒီလိုက်ပို့ပါ့မယ်၊ အန်တီက ရှင့်





အပ်ထားတာ ရှင်တစ်ခုခုဖြစ်မှာ ကျွန်မအရမ်းစိုးရိမ်တယ်"

"နေပါစေ ... ဝင်ဒီ ... ကိုယ်တစ်ယောက်ထဲပြန်မယ်၊ ရပါ
တယ်"

သူကားပေါ်တက်သည်။

"မဖြစ်ဘူး ရဲရင့်ကိုစိတ်မချဘူး ... ဝင်ဒီပဲလိုက်ပို့မယ်"

ဝင်ဒီကို ပြောလို့မရမှန်း သူသိနေသည်။

မတတ်နိုင်တော့။

စိတ်တွေလျော့ပစ်လိုက်သည်။

နှင်းရယ် ...

မောင်မင်းကိုချစ်ပါတယ်။

မတတ်နိုင်တော့ဘူး။

မာမီ့ကို မောင်ဘယ်လိုမှ မလွန်ဆန်နိုင်ဘူးနှင်း။

"ရဲရင့်"

"ဟင်"

"ရှင်ဘာတွေစိတ်ညစ်စရာရှိလို့လဲဟင်"

"မရှိပါဘူး ဝင်ဒီ"

သူ ...

စကားသိပ်မပြောချင်။

အိမ်ရောက်ရင်တော့ နှင်းကသူ့ကို အထင်လွဲတော့မှာပဲ။

"မင်းမိန်းမကို သိပ်ပြီးအရေးအရာလုပ်နေတာမျိုး ... မာမီ



www.burmeseclassic.com

www.burmeseclassic.com



လက်မခံဘူးနော် ... သိပ်မြောက်စားလွန်းရင် ရောင့်တက်သွားမယ်၊ မာမီသိတယ် မင်းမိန်းမကငွေမက်ပြီး မင်းကိုအပိုင်ကြံလိုက်တာပဲ"

မာမီ့ကို သူဘယ်တော့မှ ဆန့်ကျင်ဘက်မလုပ်ခဲ့ပေ။

နှင်းနှင့်ပတ်သက်ခဲ့တာတစ်ခုပဲ ဆန့်ကျင်မိခဲ့သည်။

ထို့ကြောင့်ပင် ...

မာမီဆူပွတ်သမျှ ငြိမ်ခံပြီး မာမီ့အစီမံတွေတိုင်း နေထိုင်ခဲ့သည်။

နှင်းအပေါ် ဥပေက္ခာပြုခဲ့၏။

ရက်စက်ခဲ့သည်။

အကြင်နာမဲ့ခဲ့၏။

မောင့်ရင်ထဲမှာ နာကျင်တဲ့ဝေဒနာတွေကို အမြဲခံစားခဲ့ရပါတယ်နှင်းရယ်။

"မင်းယူလာတဲ့မိန်းမကို ... မာမီဘယ်လုပ်ပြီး ချွေးမအဖြစ် လက်ခံနိုင်မှာလဲ၊ ကွာပစ်လိုက်ပါသားရယ်"

သူ ...

လက်မခံနိုင်ခဲ့ပေ။

နှင်းကို မကွာနိုင်။

ချစ်သည်။

မြတ်နိုး၏။

ဒါပေမဲ့ ...





မာမီ့သဘောကျလည်း နေထိုင်ပြုမူမိသည်။

တစ်နေ့ကျရင်

နှင်းအပေါ် မာမီ သဘောပေါက်နားလည်လာမည်ဟု ထင်ထားခဲ့သည်။

"ကိုကိုဘာလို့ မမနှင်းကို နှိပ်စက်နေရတာလဲ၊ မိန်းမတစ်ယောက်ရဲ့ခံစားချက်တွေကို ဥပေက္ခာပြုထားတယ် ... ဘာအခွင့်အရေးမှမတောင်းဆိုတတ်တဲ့ မိန်းမတစ်ယောက်အပေါ် ကိုကိုအနိုင်ကျင့်နေတယ်"

ညီက ပြောခဲ့သည်။

အမှန်တရားတွေကို သူရင်မဆိုင်ရဲဘဲ ဖြစ်ခဲ့ရ၏။

"ရဲရင့်"

"ဟင်"

"ငြိမ်လှချည်လား ... ရဲရင့်ရင်ထဲမှာ ... တစ်ခုခုဖြစ်နေလို့ တစ်ယောက်တည်း အရက်သောက်တာပဲ"

သူ ...

ဘာမှမပြောချင်။

ဝင်ဒီဆိုတဲ့မိန်းမမျိုးက သူ့ကိုဘာလို့ စိုးမိုးခြယ်လှယ်ခဲ့ရတာလဲ ...

မကြိုက်ဘူး ...

ကိုယ်လုံးဝသဘောမကျတာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ဒီဟာ မင်းအတွက် အလိုအပ်ဆုံး အဖော်မွန်ပဲလို့ မာမီ ထင်တယ်သားကြီး ... မာမီ့ရဲ့အလိုအပ်ဆုံးချွေးမလည်း ဖြစ်နေတယ်"

ဝင်ဒီနဲ့ နီးစပ်မှုရှိရန်သူ့ကို စီစဉ်ခဲ့သည်။

နှင်းကိုမထင်မှတ်ဘဲ တွေ့ခဲ့၏။

သိမ်မွေ့တဲ့ဆေးကျောင်းသူ နှင်းသီရိကို ... သူ့မိတ်ဆွေရဲ့ မွေးနေ့တွင်တွေ့ဆုံခဲ့ရသည်။

သူ့မိတ်ဆွေ နိုင်နိုင်ကျော်ရဲ့ညီမ သူငယ်ချင်း။

နှင်းသီရိကိုတွေ့တွေ့ချင်းပဲ သူချစ်မြတ်နိုးသွားမိတော့၏။

ခင်မင်ရင်းနှီးအောင် ဖွတ်အတင်းကြိုးစားခဲ့သည်။

ချစ်ရေးဆိုခဲ့၏။

"နှင်းက အရမ်းဆင်းရဲတယ် ... ပညာသင်ဖို့တောင် အဖေဟာ အနိုင်နိုင်ကြိုးစားခဲ့ရတာပါ၊ ကျွန်မ အချစ်ရေးကို လုံးဝမစဉ်းပါရဘ နဲ့"

နှင်းက အတန်တန်ငြင်းဆန်နေခဲ့သည့်ကြားမှပင် ချစ်သူဖြစ်ခဲ့သည်။

လက်ထပ်ယူခဲ့၏။

မာမီပြောသလို နှင်းမှာ လုံးဝအပြစ်မရှိခဲ့ပါဘူး။

မောင်အသိဆုံးပါ နှင်းရယ်။

ခေါင်းထဲမှာ အရှိန်ကအစုမှတက်လာပြီး မူးလာသည်။





မထူနိုင်တော့။

အရက်ကို ဘယ်နှစ်ခွက်မှန်းမသိအောင်ပင် သောက်ခဲ့သည်။

"နှင်းရယ်"

"ဟင်"

ဝင်ဒီလည်း ရဲရင့်ဘာတွေခံစားနေရလဲဆိုတာသိသည်။

နှင်းကိုချစ်နေ၏။

မိခင်ကြောင့် မလွဲသာမရှောင်သာပဲ ဝင်ဒီနဲ့ပတ်သက်နေရတာပါ။

ရဲရင့်ရယ် ...

ဝင်ဒီ့မှာ မျှော်လင့်ချက်တွေ ရှိနေပါသေးတယ်။

ရဲရင့် အိမ်ရောက်လာသည်။

ခေါင်းမထူနိုင်လောက်အောင် မူးနေပြီဖြစ်သော ရဲရင့်သည် ဘာမှမသိတော့။

နှင်းက တံခါးလာဖွင့်ပေးသည်။

ဝင်ဒီကရဲရင့်ကို ကားထဲမှတွဲထုတ်ရ၏။

"အရက်မူးလာတယ် ... နေရာတကာကြောက်ရွံ့တုန်လှုပ်နေတာပဲ ... မာမီက ထက်မြက်တဲ့ချွေးမမျိုးကိုမှ လက်ထပ်စေချင်တာ"

အန်တီရွှေထိပ်ထားရဲ့စကားသံတွေက ... သူမကိုရည်ညွှန်းကြောင်းသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ကို သူမချစ်ခဲ့၏။

မျှော်လင့်ခဲ့သည်။

ဒါပေမဲ့ ...

ရဲရင့်က ခေတ်ရှေ့ပြေးနေတဲ့ မိန်းကလေးတွေကိုသဘော မကျတတ်။

နှင်း နောက်မှလိုက်လာသည်။

သူမ ရဲရင့်ကိုထားပြီး ထွက်လာခဲ့၏။

နှင်း ဘယ်လိုထင်မလဲ။

ထင်ပါစေ။

သူမ တမင်လုပ်ခဲ့တာ ...

ကားကိုမကျေမနပ်နှင့် တအားစွတ်မောင်းလာခဲ့မိသည်။

နှင်းကတော့ လူမှန်းမသိတော့တဲ့မောင့်ကို ငေးစိုက်ကြည့်နေမိ၏။

မောင် ဘာတွေလုပ်နေလဲ။

ကျွန်မကြောင့် မောင်နောင်တတွေ ရနေပြီထင်တယ်။

ဘဝမှာ ပြည့်စုံကြွယ်ဝစွာ လိုအင်ဆန္ဒတွေပြည့်ဝလာခဲ့သော မောင်သည် သူမနှင့်လက်ထပ်ပြီးမှ စိတ်သောကတွေရောက်နေတာလား။

မောင်အိပ်စက်နေသည်။

တုတ်တုတ်မလှုပ်တော့။





ကျွန်မကြောင့် မောင်စိတ်သောကတွေရောက်နေပြီလား။

ဝင်ဒီက မောင်နှင့် ဂုဏ်ဒြပ်တူညီသောမိန်းကလေးဖြစ်သည်။

မောင်နှင့်တွဲနေသေး၏။

ကျွန်မက အဟန့်အတား အနှောက်အယှက်တစ်ခုများဖြစ်နေမလား။

မောင့်ကိုစိတ်ချမ်းသာစေချင်ပါတယ်။

နှင်းစိတ်ထိလိုက်ကြေကွဲစွာဖြင့် မောင့်ဘေးနားမှာဝင်အိပ်မိသည်။

မနက်မိုးလင်းတော့ ...

အိမ်ရှင်မပီသသော နှင်းသည် အစောကြီးနိုးနေသည်။ မောင်နိုးလျှင် မျက်နှာသစ်ဖို့ စားသောက်ဖို့အတွက် ပြင်ဆင်နေ၏။

နံနက်စာကိုတော့ နှင်းနှင့်အတူ မောင်စားသောက်တတ်သည်။

အစားအသောက်တွေပြင်ဆင်ပြီး စောင့်နေစဉ် နေအတော်မြင့်မှ မောင်နိုးလာ၏။

"အား ... မောင် ညကအရမ်းများသွားတယ်ထင်တယ် ... ခေါင်းတအားကိုက်တာပဲ နှင်းရယ်"

"နေဦး ... မောင် ... နှင်းဆေးတိုက်မယ်၊ မောင်အရမ်းခေါင်းတွေကိုက်နေလားဟင်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆူဖရှာယာခုတ်နေသည်။

သူ ...

ငေးစိုက်ကြည့်နေမိ၏။

"မောင်မျက်နှာသစ်ဖို့ နှင်းအဆင်သင့်လုပ်ပေးမယ်နော်၊ စားစရာတွေလည်း အပေါ်ပဲယူလာခဲ့တော့မယ် ... အကိုက်အခဲ ပျောက်ဆေးတွေက အစားခံသောက်မှကောင်းမယ်"

နှင်းရယ် ...

မင်းဘက်ကတာဝန်ကျေသလောက် ... မောင့်ဘက်က ဥပေက္ခာတွေပဲရှိခဲ့တယ်။

သူ့အိမ်ထောင်ရေးက ဘယ်လောက်များအဆင်ပြေချမ်းမြေ့ စရာကောင်းလဲ။

နှင်းက သူ့ဆန္ဒတွေပဲ ဦးစားပေးတတ်တဲ့မိန်းမ။

သူ့စိတ်တွေက ပျော်ရွှင်ချမ်းမြေ့မှုတွေပဲပေးခဲ့သည်။

အိမ်ထောင်ရေးကို စိတ်သောကတွေနှင့် မချမ်းမြေ့အောင် ဖန်တီးခဲ့သူက သူပဲ။

နှင်း ပြန်ရောက်လာသည်။

မျက်နှာသစ်ဖို့

ဆေးသောက်ဖို့ အားလုံးစီစဉ်သည်။

ချောမောလှပသော နှင်းသည် နှစ်သက်မြတ်နိုးဖွယ်သော မိန်းမဖြစ်၏။





"မောင်"

"ဟင်"

"မျက်နှာသစ်မယ်နော်"

"မောင့်ဟာမောင်သစ်ပါ့မယ် ... အရမ်းလည်းစိတ်မပူပါနဲ့ ...ရယ် ... မောင်ဘာမှမဖြစ်ပါဘူး"

နှင်းကို နှစ်သိမ့်အားပေးစကားတွေ ပြောလိုက်မိသည်။

ချစ်၍ယူထားသောဇနီးကို သူယုယကြင်နာပြချင်၏။

မာမို့ကြောင့် ...

"မောင်"

"ဟင်"

"မောင့်စိတ်ထဲမှာ ဘာဖြစ်ချင်လဲဟင်"

"မောင်ဘာဖြစ်ချင်ရမှာလဲ နှင်း"

"နှင်းကြောင့် မောင့်စိတ်တွေ အနှောက်အယှက်တွေဖြစ်နေ ...းလို့ပါ"

နှင်းကို အထိတ်တလန့်နှင့် သူကြည့်ဖြစ်သည်။

မောင်က မေးရမှာပါ။

ဖခင် နေမကောင်းဖြစ်နေတာ မောင့်စိတ်တွေအနှောက်အ ...ဖြစ်မှာစိုးလို့ မောင့်ကိုမပြောတာမဟုတ်လား။

"နှင်းကြောင့် မောင်စိတ်ညစ်နေမယ်ဆိုရင်လည်း နှင့်မောင် ...ကနေ ..."

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နှင်းရယ် ... ဇဆိုင်တာကွာ၊ နောက်တစ်ခါ မောင့်ကိုခွဲခွာမယ့်စကားတွေ မပြောနဲ့နော်"

နှင်းကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်ထားမိသည်။

မျက်နှာလှလှလေးအနှံ့ မြတ်နိုးစွာဖြင့် နမ်းမိ၏။

နှင်းဖခင် နေမကောင်းဖြစ်နေတာ လူမှုရေးအရသွားကြည့်သင့်သည်။

သူ ...

သိနေသည်။

မာမီက လက်ခံမှာမဟုတ်။

နှင်းရင်ထဲမှာ ဘယ်လောက်ခံစားနေရမလဲဆိုတာ မောင်သိပါတယ်။

"နှင်းရယ် ... မောင့်ကြောင့်ပဲ နှင်းစိတ်သောကတွေရောက်နေမှာ မောင်စိုးရိမ်မိတာပါ"

နှင်းကို ဖခင်နေမကောင်းဖြစ်နေတာ ... သွားကြည့်ဖို့ပြောမယ်။

ဆေးကုသဖို့ငွေလည်း ပေးရမယ်။

"တီ ... တီ"

"တီ"

"ဟင် ... မာမီရောက်လာပြီထင်တယ်နှင်း၊ တံခါးသွားဖွင့်

ဖိုးလပြည့်စာပေ



ပေးလိုက်ပါဦး"

မာမီက သူတို့ဇနီးမောင်နှံ တရင်းတနှီးနေတာ ... သဘောမကျပေ။

နှင်းကို ချွေးမအဖြစ် မာမီလက်မခံသေးပေ။

လူချင်းခွာလိုက်သည်။

မာမီသည် အကြာခဏရောက်လာပြီး စောင့်ကြည့်နေတတ်၏။

"မာမို့ကိုချစ်ရင် ဒီမိန်းမနဲ့တရင်းတနှီးမနေပါနဲ့ သားကြီး"

မာမို့စကားတွေကို သူအမြဲတမ်း မြေဝယ်မကျနားထောင်တတ်သည်။

သူ ...

အိပ်ရာမှာ လှဲနေလိုက်သည်။

ဆေးသောက်ထား၍ ခေါင်းကိုက်သက်သာသွား၏။

ခဏကြာတော့ ...

မာမီ ဝင်လာသည်။

ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝမှုတဲ့ပညာတတ်မျိုးရိုးအဆင်းသက်လာသောမာမီသည် မာန်မာနတွေနှင့် တင်းမာခက်ထန်နေတတ်လေ့ရှိ၏။

မာမို့ကိုသားသမီးတွေက လေးစားရိုကျိုးကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"မာမိုကိုဝင်ဒီက ပြောတာ၊ သားညက အရက်တွေအရမ်းသောက်တယ်ဆို သားဘာတွေဖြစ်နေလဲ၊ မာမိုကိုပြောစမ်း။ မင်းအိမ် ထောင်ရေးက စိတ်ညစ်စရာကောင်းနေပြီလား၊ သားဘာဖြစ်နေ လဲ"

မာမိကတော့ သူလိုရာဆွဲပြီး ပြောနေသည်။

သူ ...

စိတ်ပျက်မိသည်။

ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းတဲ့ အိမ်ထောင်ရေးတစ်ခုကို မာမိက ပျက်စီးစေချင်နေတာပဲ မဟုတ်လား။

"သား"

"ဗျာ"

"မင်းဘာတွေဖြစ်နေလဲ၊ နှင်းသီရိဟာညှို့ဖျင်းပြီး ဘာမှအသုံး





မကျတဲ့မိန်းမတစ်ယောက်ဆိုတာ မင်းသိလာပြီမဟုတ်လား"

မာမိက လမ်းကြောင်းပေးနေသည်။

တစ်ချိန်က ...

မိခင်စိတ်ချမ်းသာဖို့နှင့် မိခင်ဆန္ဒတွေက သူ့ဆန္ဒတွေသာဖြစ်ခဲ့သည်။

အခုတော့ ...

နှင်းကို သူချစ်သည်။

မခွဲနိုင်။

မာမိုကို ဘယ်လိုပြောရမလဲ။

မြန်မာပြည်မှာ ဒက်ဒီလည်းမရှိပေ။

အသက်အရွယ်ကြီးရင့်လာပြီဖြစ်တဲ့ မာမိုကို စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်ချင်တဲ့ဆန္ဒတွေမရှိပေ။

"ဝင်ဒီဟာ အစွမ်းအစထက်မြက်တဲ့မိန်းကလေး ... သားနဲ့ ဘယ်လောက်လိုက်ဖက်တင့်တယ်လဲ ... နှင်းသီရိလိုမိန်းမကိုသာ ဘတ်ထပ်လိုက်ရတာ အခြေအနေအရဆိုတာ မာမိသိတယ်"

မာမိသူပြောချင်တာတွေပြောနေသည်။

သူ ...

ငြိမ်နေမိသည်။

မာမိုကို ဘာမှပြောလို့ရမှာမဟုတ်။

"သားစိတ်အညစ်မခံနဲ့နော်၊ နှင်းသီရိကိုနည်းနည်းပါးပါးပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကွာရှင်းပြတ်စဲလိုက်ရင်လည်း ရတာပဲ၊ ဒင်းဘာမှ မနစ်နာပါဘူး"

နှင်းကိုသားအရမ်းချစ်မိပြီမာမီဟု ပြောချင်သည်။

ပြောမထွက်။

ဆွံ့အနေသည်။

"မာမီ"

"ပြောလေသား"

"နှင်းသီရိကိုတော့ သားလောလောဆယ်ကွာရှင်းပြတ်စဲတာတွေ မလုပ်ချင်သေးဘူး"

"ဘာဖြစ်လို့လဲ သားရဲ့၊ မင်းစိတ်ညစ်ခံပြီး ဘာလို့ပေါင်းနေမှာလဲ"

"မကောင်းဘူးမာမီ၊ သူ့မှာလည်း ဘာအပြစ်မှမရှိဘူး၊ သားထားရာနေ စေရာသွား နေတာပဲဟာ"

ဒေါ်ရွှေထိပ်ထားအကြည့်က သားဆီရောက်သွားသည်။

သားကိုယ်တိုင်က ဒီမိန်းကလေးကို ချစ်မြတ်နိုးနေကြောင်း သိ၏။

မိမိက ကွဲစေချင်သည်။

သားက မပြတ်နိုင်။

နှင်းသီရိလို မိန်းကလေးတစ်ယောက်ကို ... ဘယ်နည်းနဲ့ ချွေးမတစ်ယောက်အဖြစ် လက်မခံနိုင်ခဲ့။

အဆင့်အတန်းချင်းမှ မတူတာပဲ။





မဖြစ်နိုင်ဘူး။

သားဘဝကို အနစ်မွန်းမခံနိုင်ဘူး။

ကွဲအောင်လုပ်ရမယ်။

ဝေးစေရမယ်။

သားကို အတင်းအကျပ်ချုပ်ကိုင်ထားဖို့အတွက် ... မိမိအစွမ်းကုန်ကြိုးစားမယ်။

ရင်ထဲမှာ ...

မွန်းကျပ်နေသည်။

ချွေးမကို ဘယ်လိုနည်းနဲ့မှ အခွင့်အရေးမပေးချင်ဘဲ ဖြစ်နေ၏။

သားကိုမြှူဆွယ်တာ။

ဟန်ဆောင်နေတာ။

ရိုးသားတာ မဟုတ်ဘူး။

"နှင်းအဖေ အဆုတ်ကင်ဆာ ဖြစ်နေတယ်တဲ့မာမီ"

"အမယ်လေး အော့နှလုံးနာလိုက်တာ ... အဆုတ်ကင်ဆာရောဂါက ဘယ်လေးကျက်ကြောက်စရာကောင်းလဲ၊ မင်းမိန်းမ လုံးဝမသွားစေနဲ့နော်၊ ရှုပ်ရှုပ်ယှက်ယှက် မာမီလုံးဝသဘောမကျဘူး၊ ဒင်းတို့ကိုလည်း မာမီအဆင့်အတန်း အတူတူထားပြီး မဆက်ဆံနိုင်ဘူးနော် သားကြီး"

"မသွားပါဘူးမာမီ၊ နှင်းက သားစကားတစ်ခွန်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားတွေကို မာမီဘယ်လိုတယုတယထိန်းကျောင်းခဲ့တယ်ဆိုတာ သားအသိပဲနော်၊ အခုတောင် မာမီဘယ်လောက်ထိစိတ်သောကတွေရောက်နေရလဲ"

မာမီ့ကိုဆက်မပြောတော့။

"မင်းမိန်းမ တောင်းဆိုတာလား"

"မဟုတ်ပါဘူးမာမီ၊ သားကိုညီပြောတာပါ၊ သားသိတာ နှင်းတောင်မသိသေးဘူး"

"ဘာ ... သားငယ်ပြောတာ ဟုတ်လား၊ နှင်းသီရိမှာ ညီမတစ်ယောက်ရှိသေးတယ်တဲ့၊ သားငယ် ဒင်းတို့နဲ့ သွားပြီးပတ်သက်နေပြီလား"

ဒေါ်ရွှေထိပ်ထားစိတ်ထဲမှာ ပူလောင်ထိတ်လန့်သွားရသည်။

နှင်းသီရိမှာ ညီမရှိသေး၏။

"သားကြီးပြောစမ်း၊ သားငယ် ဘယ်ကဝင်လာလဲ"

"သတင်းကြားတာပါမာမီ၊ စိတ်မပူပါနဲ့"

ညီ ...

ရပ်ကွက်ဆေးခန်းလေးမှာထိုင်တာ မာမီသိလို့မဖြစ်ဘူး

ပြဿနာ တက်သွားနိုင်သည်။

မာမီက အဆင့်အတန်းအလွန်ခွဲခြားတတ်၏။

ညီက မာမီနှင့် ဆန့်ကျင်ဘက်။

"သားငယ်လည်း ဒင်းတို့နဲ့ဆက်သွယ်နေပြီလားဟင်၊ မာမီ





စိတ်ပူလိုက်တာ၊ သားတွေတစ်ယောက်ပြီးတစ်ယောက် မာမီအဆုံးမခံနိုင်ဘူး"

ပြောမိတာတောင် မှားပြီ။

မာမီထိတ်ထိတ်ပြာပြာနှင့် ဖြစ်နေသည်။

နှင်းကိုပင် အားနာမိ၏။

မာမီက လုံးဝသဘောမတူ။

မုန်းတီးနေသည်။

နှင်းကိုလည်း ချွေးမအဖြစ် လက်မခံဘဲဖြစ်နေ၏။

"သားကြီး မင်းဒီနေ့ မာမီ့အိမ်လိုက်ခဲ့၊ ရုံးကိုမသွားနိုင်တော့ဘူးမဟုတ်လား"

သားကြီးအပေါ် နှင်းသီရိစိတ်ပျက်သွားအောင် လုပ်ဆောင်ရသည်ဖြစ်သည်။

ဒီမိန်းမနဲ့နေတာ သိပ်သဘောမကျမိပေ။

"မာမီနဲ့ လိုက်ခဲ့"

"သား ဒီမှာခဏအနားယူဦးမယ်၊ မာမီ"

"မရဘူးမင်းလိုက်ခဲ့၊ နေကောင်းတဲ့အထိ တစ်ပတ်လောက်လောက်နေရမယ်"

"နှင်းကရော"

"နှင်းသီရိအတွက် အိမ်ကကောင်မလေးတစ်ယောက် လွှတ်ပေးမယ်လေ၊ မင်း ... ဘာမှစိတ်ပူစရာမလိုပါဘူး ... မင်းမိန်းမအတ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ခံနိုင်မလဲ စမ်းကြည့်တာ”

နှင်းကို ပညာရှိနှိပ်စက်နေသလိုဖြစ်နေသည်။

သူသိ၏။

မတတ်နိုင်။

မာမီ့စကားတွေကို သူနာခံတတ်တဲ့အကျင့်က ရှိနေသည်

မတွန်းလှန်နိုင်။

“သားကြီး မင်းမာမီ့စကားကို နားထောင်ရမယ်၊ မင်းက ကျင်နေရင် သားငယ်ကပါ မာမီ့အပေါ် မလေးမစားလုပ်တာ မာမီမခံနိုင်ဘူး”

နှင်းဟာမာမီ့ကို သိပ်ပြီးရိုသေလေးစားတဲ့ချွေးမ ယောက်ပါ။

“မင်းမိန်းမကို ဒီလောက်ထိအရေးအရာထားနေစရာ မလို ဘူး၊ သားမာမီ့အိမ်မှာ လာနေ”

သူ ...

မငြင်းနိုင်။

မာမီ့ကိုသူ့ရင်ထဲမှာ ရှိတာတွေမပြောရဲ။

ညီ့လိုမဟုတ်။

“နှင်းရေ”

“ရှင် မာမီ”

“လာစမ်း သားအဝတ်အစားတွေထည့်၊ သားကိုမာမီ





သွားမယ်၊ ညည်းအတွက်တော့ အစောင့်လာပို့ထားမယ်၊ တစ်ပတ်လောက်တော့ သားကိုခေါ်ထားရမယ်”

နှင်းမျက်ဝန်းတွေက မောင့်ထံရောက်သွားသည်။

ကျွန်မကိုထားခဲ့မလို့လား ...

မာမီ့ကိုမပြောရဲ။

မောင်ကဘာမှမပြော လိုက်သွားဖို့ပြင်နေသည်။

တစ်ပတ်တောင်တဲ့။

မောင်က ငြင်းသင့်တယ်။

ကျွန်မကို တစ်ပတ်အထိတောင် ခွဲသွားဦးမလားမောင်ရယ်။ မောင့် အဝတ်အစားတွေကို အိတ်ထဲထည့်ပေးနေမိသည်။

“သားကြီးသွားမယ်၊ ညည်းအတွက်တော့ အိမ်ဖော်ကောင်မလေးတစ်ယောက် အစောင့်နေပေးရမယ်”

“ဟုတ်ကဲ့”

မောင့်ကိုမာမီက ခေါ်သွားသည်။

နှင်းတစ်ယောက်တည်း ကျန်ခဲ့၏။

မောင့်အတွက်ပြင်ဆင်ထားတဲ့ စားသောက်စရာတွေ ဒီတိုင်းပဲ ကျန်ခဲ့သည်။

နှင်း မစားချင်တော့။

မောင် ရက်စက်တယ်။

ကျွန်မကိုဘာလို့များ အကြင်နာကင်းမဲ့နေရတာလဲ။

www.burmeseclassic.com



သူက ...

ဝင်ဒီနှင့် ...

ဆက်မတွေးရဲတော့။

သူမမျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ရုတ်ခြည်းပြည့်ဝိုင်းလာရသည်။

တစ်ယောက်တည်း အထီးကျန်နေရ၏။

မောင် ...

နှင်းကိုလက်ထပ်လိုက်တာ နောင်တတွေရနေပြီလား။

ရင်ထဲမှာ ...

နာကျင်နေသည်။

မောင့်ကိုစွန့်ခွာသွားဖို့ ... သူမဝန်လေးတွန့်ဆုတ်နေမိတာတော့ အမှန်ပဲဖြစ်၏။

အဖေ နေမကောင်းဘူး။

နှင်းသွားတွေ့သင့်တယ်။

ဆေးကျောင်းလည်း ဆက်မတက်ရတော့တာ အဖေသိလျှင် ...

"အား"

အားတွေနည်းနေသည်။

ခေါင်းတွေမူးဝေလာသဖြင့် အိမ်ရာထဲမှာလှဲနေ၏။

ဖွေးသီရိ အလုပ်တွေလုပ်နေပြီလား။





"ဖွေးသီရိရယ် မမ ဘဝကိုရင်ဆိုင်မယ်၊ မောင်နဲ့အတူနေဖို့ မမှာ အင်အားတွေရှိနေတယ်၊ မောင့်ကိုချစ်လို့ မမဘယ်လိုမှ အိမ်ပြန်မလာနိုင်ဘူး"

တစ်ယောက်တည်း အထီးကျန်စွာ တွေးနေမိသည်။

ခဏကြာတော့ ...

အိမ်ဖော်ကောင်မလေးတယ်ယောက်ကိုခေါ်ပြီး ... မာမီဆောက်လာသည်။

"နှင်းသီရိ ညည်းကြောင့် သားအရမ်းစိတ်ဆင်းရဲနေတယ်၊ အဲဒါရော ညည်းသိလား"

"ကျွန်မသိပါတယ် မာမီ"

"သိရင်"

မာမီ့အကြည့်တွေကို သူမ သဘောပေါက်နားလည်မိသည်။

မောင့်ကို ကျွန်မဘက်က စွန့်ခွာစေချင်တဲ့အဓိပ္ပာယ်တွေ ပြောက်များစွာ ပါဝင်နေခဲ့၏။

"ကျုပ်သားက ညည်းကို လက်ထပ်ယူပြီးမှ မှားမှန်းသိနေတယ် နှင်းသီရိ"

မောင် စိတ်သောကတွေရောက်နေပြီလားဟု တွေးမိသည်။

ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာ၏။ ခေါင်းထဲမှာ မူးဝေလာသည်။

ဘုရားရေ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘာဖြစ်တာလဲ။

"အား"

"နှင်းသီရိ ဘာဖြစ်တာလဲ"

"ဟင့်အင်း ... ကျွန်မ ဘာမှမဖြစ်ပါဘူး မာမီ၊ နေကောင်းပါတယ်"

"ဝေ့"

"ဝေ့"

ရင်ထဲမှာ အန်ချင်စိတ်တွေက လိပ်တက်လာသည်။

"ဝေ့"

"ဝေ့"

"နှင်းသီရိ ညည်းမှာ ကျုပ်သားနဲ့ ... "

ဒေါ်ရွှေထိပ်ထား စိတ်လှုပ်ရှားစွာဖြင့် မေးမိသည်။

ဒုက္ခပါပဲ ...

ဘာတွေဖြစ်ကုန်ပြီလဲ။

"သားကြီးနှင့် ကိုယ်ဝန်တွေ ဘာတွေရနေပြီလား"

မဖြစ်သင့်ဘူး ...

မိမိတို့အတွက် နှင်းသီရိလို မိန်းမမျိုးနှင့် မရစေရဘူး။

"နှင်းသီရိ"

"ရှင် ... မာမီ"

"တကယ်လို့ ညည်းမှာ ကိုယ်ဝန်ရှိလာရင်လည်း သား





ပြောနဲ့"

"ရှင်"

"ပြောလည်း ကျုပ်သားက ညည်းကို အလေးအနက်ထားမှာ မဟုတ်ဘူး"

"ညည်းကြောင့် သားစိတ်ညစ်နေတာလေ ... ငါ့သားကြီး အိမ်ထောင်ရေးက လုံးဝသာယာချမ်းမြေ့မှု မရှိဘူး"

ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ မောင်ရယ်။

မာမီက နှင်းရဲ့ရင်သွေးလေးကို ဖျက်ဆီးပစ်ဖို့ ကြံတော့မယ်။

"ဒီကိုယ်ဝန်ကို ကျုပ်တို့ မလိုချင်ဘူး"

"ရှင်"

"နုသေးတဲ့ အချိန်မှာပဲ ... "

"မာမီ"

"ကျုပ်တို့က ညည်းရဲ့သွေးကို မြေးအဖြစ် အသိအမှတ်မပြုဘူး"

"ကျွန်မ ... "

"အခုချိန်မှာ နုသေးတာပဲ ကျုပ်စီစဉ်တာကို ညည်းလက်ခံမယ်"

"ဟင့်အင်း ... မဖြစ်နိုင်ဘူး မာမီ၊ လုံးဝ မဖြစ်နိုင်တာပါ၊ လုံးဝလက်မခံနိုင်ဘူး"

ကျွန်မ ဒီတစ်ခါတော့ သတ္တိရှိစွာဖြင့် ငြင်းဆန်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာအေ့ ... ညည်းက လက်မခံဘူး ဟုတ်လား၊ ကျုပ်ကို အားခံတာလား နှင်းသီရိ"

"အားခံတာ မဟုတ်ပါဘူးမာမီရယ် ... ကျွန်မ လုံးဝလက်မခံနိုင်လို့ပါ။ ကျွန်မ တောင်းပန်ပါတယ်နော် ... ကျွန်မမှာ ရင်သွေးလေးရှိလာရင်လည်း ... "

"တော်စမ်း ... နင့်လိုမိန်းမတစ်ယောက်က မွေးတဲ့မြေးကို ငါလက်မခံနိုင်ဘူး။ နင် ငါစီမံတာကို နာခံရမယ်၊ ငါ့သားကို ဘာမှ မပြောရဘူး ... ဘာပဲဖြစ်ဖြစ် ငါ့သားစိတ်ဆင်းရဲရမှာပဲ နှင်းသီရိ နင့်ကို မချစ်ဘဲ လက်ထပ်ခဲ့ရတာလေ ... "

( ၁၁ )

ခန့်လင်းအနေနှင့်ကလည်း အဖေနှင့်ညီမလေးကို ပစ်ပယ်ထား နေရသည်။

စိတ်မကောင်းတော့ ဖြစ်ရ၏။

ဒါပေမဲ့ ...

မတတ်နိုင်ဘူးလေ။

သူ့မှာက ငွေအရင်းအနှီးမှ မရှိတာ။

မိဘငွေကြေးတွေပဲ။

သိရိတော့ ဒုက္ခရောက်နေပြီလား။

အဖေ့ကို ဆေးကုဖို့ငွေနှင့် ပညာဆက်သင်ဖို့ငွေ ဘယ်ကရှာ လဲ။

ခန့်လင်း သွားပေးရင်ကောင်းမလား။

မိန်းဘက်က ငွေရင်းငွေနှီးတွေဖြစ်၍ မလုပ်ချင်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က ...

သူတို့အတွက် အဖေ ငွေရှာခဲ့ရသည်။

အခု ...

အဖေ မရှာရတော့

ငြိမ်းတာပဲ။

မိန်းမကို ကြောက်ရသည်။

ငွေကြေးကို သူ့လက်ထဲမှာမထားဘဲ မိန်းမက ကိုင်ထား၏။

စာရင်း အတိအကျ။

အဖေနှင့်ညီမလေး ဘယ်လိုနေလဲ။

မတတ်နိုင်ဘူး ...

သူမှ မတတ်နိုင်တာ။

"ကို"

"ဟင်"

"ရှင် ... ဘာတွေတွေးနေတာလဲ"

"မတွေးပါဘူး မြ"

"တွေးပါတယ် ... ကိုယ့်ကိုမြကြည့်နေတာ ကြာပြီ၊ ရှင် တစ်ခုခုကို သေသေချာချာတွေးနေတာပဲ ... ဘာလဲ ရှင့်မယားငယ် အကြောင်း တွေးနေတာလား"

"မြ"

မြက ကြမ်းသည်။





သူ့အပေါ် လွှမ်းမိုးလွန်း၏။

စီးပွားရေးရော လူမှုရေးရော မြကို မလွန်ဆန်နိုင်။

"ပြောလေ ... ရှင်ဘာအကြောင်းတွေ တွေးနေတာလဲ"

"အဖေ့အကြောင်းပါ"

"အဖေ"

"အင်း"

"ကိုယ့်အဖေက ကိုယ့်အတွက် တာဝန်ငြိမ်းသွားတာပဲဟာ ဘာတွေးစရာရှိလဲ"

"အဖေ နေမကောင်းဘူး"

"အလုပ်ရှုပ်လိုက်တာ"

မြက ဖြေသည်။

"ကိုယ့်ညီမက တမင်အကြောင်းပြပြီး လာတောင်းတာနေမှာ၊ အစ်ကိုချမ်းသာတယ်ဆိုပြီး ရှုပ်ချင်ကြတယ်"

မြနှင့်ယှဉ်ပြိုင် မပြောလိုတော့။

ကိုယ်ရှာထားတဲ့ငွေကြေး မဟုတ်တော့လည်း မပြောသာ

"ကိုနော် ... ရှင်ခိုးပေးဖို့ မကြိုးစားနဲ့၊ မြသိရင်တော့ မလွယ်"

"ကိုယ်ဘယ်တော့မှ မြမသိအောင် မလုပ်ပါဘူး ... ကိုယ့်ကို ယုံကြည်ပါမြရယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားကို ငြိမ်းချမ်းအောင် ပြောလိုက်မိသည်။

မြန်နှင့်ရန်မဖြစ်လိုပေ။

ကိုယ်ဝန်ဆောင်ထားရသောမြကို စိတ်အနှောက်အယှက် မဖြစ်လို။

သူက အင်ဂျင်နီယာတစ်ယောက် ဖြစ်ပေမယ့် ကြီးပွားအောင်လုပ်ဖို့တော့ အခက်အခဲ ဖြစ်ရသည်။

မြမိဘတွေပိုင်သော ဆောက်လုပ်ရေးလုပ်ငန်းတွေကြောင့် ကြီးပွားတိုးတက်လာခြင်းသာ ဖြစ်၏။

မြကို လွန်ဆန်ဖို့ခက်နေသည်။

မတတ်နိုင်ဘူး ...

အဖေ ...

ကျွန်တော် ဘာမှမတတ်နိုင်ဘူး။

"ရှင် ငွေကြေးတွေကို တိကျအောင်လုပ်ပါ၊ အဖေနဲ့ညီမကို နိုးပေးဖို့တော့ မစဉ်းစားနဲ့နော်"

သူ ...

မြကို သည်းခံခဲ့သည်။

အစထဲက ...

ငွေကြေးချမ်းသာမှုကို မက်မောပြီး လက်ထပ်ခဲ့တာပဲ။

"ကိုယ် သွားတော့မယ်"

"ဒီမှာ"





"ပြော"

"ရှင့်အဖေနဲ့ရှင့်ညီမကို"

"ကိုယ် သိပါတယ်"

"မြ လိုက်လာမှာနော်"

"မင်းမှာ ကိုယ်ဝန်ကြီးနဲ့ အနားယူလိုက်ပါ မြရယ်"

"ဟင့်အင်း ... လိုက်မှာပဲ"

မြက သူ့ကိုမယုံကြည်တော့ နောက်က လိုက်ဖို့ပြင်နေသည်။

"ရှင့်အဖေနဲ့ညီမကို ဘာမှထောက်ပံ့စရာ မလိုဘူးနော်၊ နိုမ လုံးဝလက်မခံဘူး"

"စိတ်ချပါမြရယ် ... ကိုယ်ဘယ်တော့မှ မြမသိအောင် မလုပ်ဘူး"

သူ ...

အလုပ်ကို ထွက်လာခဲ့သည်။

ဘယ်သောအခါမှ မမျှော်မှန်းနိုင်ခဲ့သော ကားနှင့်တိုက်နှင့် တဲ့ဘဝ။

အလုပ်ကိုရောက်တော့ အဖေနှင့်ညီမလေးသတင်း ကြားရ

သူငယ်ချင်း ကျော်မျိုးဟိန်းက ပြောသည်။

"မင်းအဖေကို မင်းညီမရဲ့အလုပ်ရှင်က တာဝန်ယူပြီး ဆေး ဆေးနေတာတဲ့ ခန့်လင်း"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးပြောတဲ့စကားတွေက တစ်မျိုးဖြစ်နေသည်။

"ဦးရဲလင်းထက်ဆိုတဲ့ လူကြီးက မိန်းမရှုပ်လို့ အိမ်ထောင်နဲ့ ကွဲနေတာတဲ့"

"ဟင် ... သီရိ မသိဘူးလား"

"မသိဘူး"

ဖွေးသီရိအတွက် ပူသွားမိသည်။

အဖေ့ကို ဆေးကုဖို့အတွက် သီရိရဲ့ ရွေးချယ်မှုလား။

ဘာပဲဖြစ်ဖြစ် ...

နည်းလမ်းမမှန်တဲ့ ငွေရှာနည်းမျိုးနဲ့ အဖေက လက်ခံမှာ မဟုတ်။

"သီရိကို ပတ်ဝန်းကျင်က ပြောနေကြတယ်ကွာ၊ မကောင်းဘူး"

"ဟင်"

သူ ...

ဘယ်လိုတားဆီးရမလဲ။

မတတ်နိုင် ...

အဖေနှင့်ညီမကို သူဘာအကူအညီမှ မပေးနိုင်ခဲ့ပေ။

စိတ်တော့ ပူနေမိသည်။

"မင်း မေးကြည့်ဦး ... မင်းမိန်းမအနားပဲနေပြီး အဖေနဲ့ညီကို ပစ်မထားနဲ့ဦး"





"ဟုတ်တယ် ကျော်ကြီး ... သီရိကို ပြောပေးပါကွာ၊ သတိနဲ့ နေပါလို့"

"မင်း သွားပြောပါလားကွ"

သူ ...

သွားလို့မဖြစ်ဘူး။

မြက သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

သူ ...

စိတ်ပူနေမိသည်။

သူငယ်ချင်းတစ်ယောက် ရောက်လာတာပင် မယုံသင်္ကာ ဖြစ်နေသည်။

"သူက ဘယ်သူလဲ"

"ကိုယ့်သူငယ်ချင်းပါ"

"ဘာလာလုပ်တာလဲ"

"ကိုယ့်ကိုတွေ့ချင်လို့ လာတာလေ"

"ဘာလာရှုပ်တာလဲ"

"ဘာမှလာမပြောပါဘူး မြ ... "

"ရှင့်အဖေနဲ့ရှင့်ညီမအကြောင်းကို ဘာတွေလာပြောတာလဲ"

"မပြောပါဘူးမြ ... အမေနဲ့သီရိကို ကိုယ်ဘာမှမကူညီနိုင်ဘူး"

"အိမ်ထောင်ကျသွားတော့ ဘာကူညီနိုင်မှာလဲ ကို ... "



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးသီရိရဲ့ ကိုယ်ကျင့်တရားကိုတော့ သူ ယုံကြည်သည်။

မာနကြီး၏။

"ငွေကြေးတွေကို ရှင် စာရင်းအတိအကျ တွက်ပြနော်၊ မြက တိကျမှ သဘောကျတာ"

မြကတော့ သူ့အပေါ် လွှမ်းမိုးနေသည်။

တစ်ခါတစ်ရံ ...

စိတ်ညစ်ရသည်။

မြက လွန်၏။

သူ့အပေါ် အနိုင်ကျင့်လွန်းသည်ဟု ထင်မိသည်။

"ရှင့်အဖေနဲ့ရှင့်ညီမက အခုမှလာပြီး မှီခိုနေဟာမျိုးတော့ ကျွန်မ လုံးဝလက်မခံနိုင်ဘူးနော်"

"အေးပါကွာ"

မြက စာရင်းတွေကို အသေအချာစစ်နေသည်။ အငွေ ပိုဖို့နေနေသာသာ သူ့အတွက် အသုံးစရိတ်ပင် မြ ကျေနပ်မှသုံးရ

စိတ်ရှုပ်ရသည်။

မတတ်နိုင်။

သူ ...

လက်ထပ်ခဲ့ပြီးပြီပဲ။

မြကတော့ ယောက်ျားကို အနိုင်ကျင့်နေမိသည်။





ယောက်ျားကို ချုပ်ကိုင်ထားရမယ်။

ဖွေးသီရိဆိုတဲ့ ကိုယ့်ညီမက မိန်းမချောလေးတစ်ယောက်ဟု သိရသည်။

မထောက်ပံ့နိုင်ပါဘူး။

ဘာလို့ထောက်ပံ့ရမှာလဲ။

ယောက်ျားဖြစ်သူကို တင်းကျပ်တဲ့စည်းကမ်းတွေနှင့်ထားသည်။

မလှုပ်ရ။

မိန်းကလေးတွေနှင့် လုံးဝမပတ်သက်ရ။

မြကို မလွန်ဆန်နိုင်အောင် တမင်လုပ်ထားခြင်းဖြစ်သည်။

"ကို"

"ဟင်"

"ဒီစာရင်းတွေက ... "

မသင်္ကာဖြစ်လျှင် အထပ်ထပ်စစ်ဆေးနေတတ်သည်။

မြတို့ မိသားစုစဉ်ဆက်ပဲ စာရင်းတိကျကြ၏။

အလုပ်မှာ မိန်းကလေးမရှိ။

ယောက်ျားလေးတွေကိုပဲ ဦးစားပေး ခန့်ထားခဲ့သည်။

ကိုခန့် လုံးဝမပတ်သက်ရ။

အရက်မသောက်ရ။

ဆေးလိပ်တော့ ကိုခန့် အစောကြီးထဲက မသောက်ရှာဟန်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားသည်။

ကိုခန့်က လုပ်ငန်းခွင်မှာလည်း အောင်မြင်အောင် လုပ်ဆောင်ခဲ့၏။

ပြီးတော့ ...

လူချောလူခန့်တစ်ဦး။

မြအတွက် ယောကျ်ားကောင်းတစ်ဦး ဖြစ်နေခဲ့သည်။

"ခန့်လင်း"

"ဟင်"

ငယ်သူငယ်ချင်း မြင့်နိုင်က မထင်မှတ်ဘဲ ရောက်လာသည်။

မြင့်နိုင်က လူရှုပ်လူပွေ။

ကျောင်းမှာထဲက နာမည်ကြီး။

"မင်းကို ငါ ညှော်ခံချင်တယ်"

မြင့်နိုင်က မြကိုနိုင်သော ငယ်နိုင်တစ်ယောက်ဖြစ်နေသည်။

မြ မိဘတွေကိုယ်တိုင် မလွန်ဆန်နိုင်သောသူ ဖြစ်နေရ၏။

"မြ ငါ ခန့်လင်းကို ခေါ်သွားမယ်နော်"

"မြပါ လိုက်မယ် ... "

"နေခဲ့ပါ ... နင့်မှာ ကိုယ်ဝန်ကြီးနဲ့ပဲဟာ နေခဲ့ ... "

မြ မတတ်နိုင်။

"ကို"

"ဟင်"





"ရှင် ကဲဒို့မကြီးစည်နဲ့နော် ... မြင့်နိုင်က ခပ်ကဲကဲရယ်"

မြက ကြိတ်မှာသည်။

သူ ...

နည်းနည်းတော့ စိတ်သက်သာရာရမိသည်။

"မင်းကို ကျေးဇူးပဲ"

"မင်း ယောကျ်ားပဲ ... ဘာလို့ မိန်းမကို ဒီလောက်အထိ ကြောက်နေရတာလဲ"

"မိန်းမငွေကြေးတွေ၊ လုပ်ငန်းတွေဆိုတော့ ကိုယ်က တမင် အလျှော့ပေးလိုက်တာပါကွာ"

"လွန်တယ်ကွာ၊ မင်းဟာက ... မင်းမိဘကိုတောင် ပစ်ပယ်ထားရတယ်ဆိုတော့ မလွန်ဘူးလား ခန့်လင်း ... "

အဖေ့ကို သတိရနေမိသည်။

ညီမလေး သီရိအတွက် သူစိတ်ပူနေမိ၏။

စားသောက်ဆိုင် ရောက်လာသည်။

"မင်း ဘာမှအားမနာနဲ့နော်၊ ကြိုက်သလောက်မှာစား၊ ကြိုက်သလောက်သောက်"

"ငါ မသောက်တော့ဘူး မြင့်နိုင် ... "

"ဘာလဲကွ ... မင်းမိန်းမကြောင့်လား"

"အေး ... ဟုတ်တယ်"

"ဘာမှမကြောက်နဲ့၊ ယောကျ်ားပဲ ဒီလောက်တော့ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သောက်ပါကွာ ... မြင့်နိုင်က ဇွတ်ပင် အရက်သောက်ဖို့ပြောနေသည်။

အရက်တွေ မှာနေ၏။

"သောက်စမ်းပါကွာ"

မထူးတော့။

သူ ...

အရက်သောက်မိသည်။

စိတ်ညစ်နေ၏။

အဖေ့ကြောင့် ...

အဖေ အဆုတ်ကင်ဆာဖြစ်နေတာ သွားပြီး မကြည့်နိုင်ခဲ့ပေ။

"ခန့်လင်း"

"ဟင်"

"မင်း ဘာတွေဖြစ်နေလဲကွာ ... မြတို့အားလုံး ယောကျ်ား ကိုနိုင်ကြတာ ငါအသိဆုံးပဲ ... မင်းလည်း အနိုင်ကျင့်ခံနေရတယ် မဟုတ်လား"

"ငါ့အဖေ အဆုတ်ကင်ဆာဖြစ်နေတယ်၊ အဲဒါ ငါသွားမကြည့် နိုင်ဘူး မြင့်နိုင် ... "

ခန့်လင်း ရင်ဖွင့်မိသည်။

မိန်းမငွေကြေးကို သူသုံးစွဲလိုတဲ့ဆန္ဒလည်း မရှိ။

"မင်း ညံ့တယ် ... ဘာဖြစ်လဲ ကိုယ်မဟုတ်သာ 'လုပ်တာ





မဟုတ်တာဘဲ ... သွားကြည့်သင့်တယ်၊ ထောက်ပံ့သင့်တယ်"

"ကိုယ့်ငွေတွေမှ မဟုတ်တာကွာ"

"ဘယ်သူ့ပိုက်ဆံပဲဖြစ်ဖြစ် မိဘပဲ ... မြအနေနဲ့ ထောက်ပံ့ ရမှာပေါ့"

"စိတ်ညစ်တယ်ကွာ"

"လာ ... ငါတို့သွားမယ်၊ မင်းအဖေကိုသွားကြည့်ကြမယ်၊ မင်းယောကျ်ားမဟုတ်ဘူးလား ခန့်လင်း"

မြင့်နိုင် အတင်းခေါ်သွား၍ အဖေ့အိမ်လေးကို ရောက်သွား သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၂ )

အဖေ့အိမ်ရှေ့မှာ ကားတစ်စီး ရပ်ထားသည်။ ခန့်လင်း စိတ်ပူသွားမိ၏။

ဦးရဲလင်းထက်လား ...

ဆင်းရဲနွမ်းပါးတဲ့ အိမ်တစ်အိမ်ရှေ့မှာ ကားတစ်စီးရပ်ထားတာ မသင့်တော်ဘူးဟု ထင်မိနေသည်။

ဒေါသဖြစ်ရ၏။

သူ ...

မုန်းနေသည်။

"မသွားတော့ဘူးကွာ ... ဒီကားရပ်ထားတာ ဘယ်လောက် သိက္ခာကျလဲ၊ တောက် ... သီရိ ဘာတွေလုပ်နေလဲ၊ ဘယ်လိုနည်းတွေနဲ့ငွေရှာနေလဲ ... "

သူ ...





မသွားချင်တော့။

အဖေ့ကို ဆေးကုပေးမယ့်သူတွေ ရှိနေပြီပဲ။

မြနှင့်ပြဿနာ မတက်ချင်ပေ။

"မင်းမှ အစ်ကိုကြီးဖြစ်ပြီး တာဝန်ယူနိုင်တာမှ မဟုတ်တာ အဲ ခဏနေရင် မင်းအဖေအိမ် ဝင်မယ်"

ခန့်လင်း သတ္တိကြောင်နေမိသည်။

ဓနီးနှင့် ပြဿနာတက်ရမှာတော့ မလိုလားပေ။

"ဒီလူက ရှုပ်ပွေတယ်လို့ ပြောသံကြားတယ် မြင့်နိုင် ... သီရိ ဘာတွေလုပ်နေလဲ၊ ဒီကောင်မလေး အရမ်းဟာနကြီးတယ်"

ညီမဖြစ်သူ သီရိကို ခန့်လင်း နားမလည်နိုင်အောင် ဖြစ်ရသည်။

"ပြန်မလား"

"သောက်ဦးမယ်"

"မြက ကျိုင်ရှာနေဦးမယ်"

"ငါ မပြန်ချင်သေးဘူးကွာ၊ ငါ့စိတ်တွေ အမြဲတမ်းညစ်နေရတယ် ... တစ်ခါတလေ တစ်ဝကြီး ပျော်ပစ်လိုက်ချင်တယ်"

"ကောင်းတယ် ခန့်လင်း ... ယောကျ်ားဆိုတာ အဲဒီလိုသတ္တိ ရှိရတယ် ... ချကွာ ... "

သူ ...

စိတ်ညစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ အချိန်ကြာကြီး နေမိ၏။

တကယ်တော့ ...

အဖေ့ဆီ သွားမတွေ့ရဲတာလည်း ပါတယ်။

မြကြောင့် ...

ရင်ထဲမှာ မကျေနပ်ချက်တွေနှင့် ဒေါသတွေပေါက်ကွဲနေမိသည်။

ညဥ့်နက်အောင်နေပြီးမှ အိမ်ပြန်လာခဲ့၏။

"မြ နှင့်ယောက်ျား အရမ်းမူးနေတယ် ... ငါတိုက်ထားတာ ပြဿနာ မရှာနဲ့နော်"

မြင့်နိုင်ကပြောပြီး ပြန်သွားသည်။

မြ ဒေါသဖြစ်နေ၏။

ပေါက်ကွဲနေသည်။

"ရှင် သက်သက် ကျွန်မကို ဂရုမစိုက်လို့ သောက်လာတာ မဟုတ်လား"

"ဝုန်း"

"ဒိုင်း"

သူ ...

ဘာမှမပြော။

မိန်းမ ဘယ်လောက်အထိ ဒေါသထွက်မလဲ ထွက်ပါစေ

မြင့်နိုင်က ဂရုမစိုက်နဲ့တဲ့။





ကိုယ်က ယောက်ျားပဲတဲ့။

"ဝုန်း"

ပစ္စည်းတွေ ပေါက်ကွဲပစ်နေတော့သည်။

သူ လုံးဝမထနိုင်။

ဇက်ကြိုးနေသည်။

မြ ငြိမ်သက်သွား၏။

မနက် မိုးလင်းတော့ နေအတော်မြင့်မှ နိုးသည်။

မြသည် လုံးဝ စကားမပြော။

ပြဿနာ ရှာနေသည်။

"ကိုယ့်ကို မြင့်နိုင်က အရမ်းတိုက်လို့ပါ မြရယ်"

သူ ...

ပျော့ညံ့သည်။

မိန်းမနှင့်ယှဉ်ပြိုင်တုဖက်ပြီး ပြဿနာ မဖြစ်ရဲပေ။

"ရှင် သက်သက် မြင့်နိုင်ကို အကြောင်းပြပြီး အရက်သောက်တာပဲ ... ရှင် ငြင်းပါလား၊ ဘာလို့မငြင်းတာလဲ ... ရှင်ကိုယ်က ကျော်စီးချင်တာ အသုံးမကျတဲ့ယောက်ျား၊ ရှင့်အစွမ်းအစတွေ ဘယ်ရောက်လို့လဲ"

မြက အော်ဟစ်သောင်းကြမ်းနေတော့သည်။

သူ ...

ဘာမှမပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



မြပြောသမျှ ငုံပြီး နာခံနေမိသည်။

"မြ"

"ရှင် ဘာမှမပြောနဲ့တော့၊ မကြားချင်ဘူး ... ရှင် နောက်တစ်ခါ အရက်သောက်ရင် အိမ်ပေါ်ကဆင်း"

အဖေ့ဆီသွားတာသိရင် ပိုပြီးဆိုးတော့မည်။

မပြောရဲ။

နောက်နေ့ မြင့်နိုင်လာခေါ်တော့ သူ လုံးဝမလိုက်ရဲ။

"မင်း သတ္တိမရှိဘူးလား ... လိုက်ခဲ့စမ်းပါ ... "

"မလိုက်တော့ပါဘူးကွာ"

"ခန့်လင်း ... မင်းဘာကြောင့် မိန်းမတစ်ယောက်အပေါ် ဘာလို့ကြောက်နေရတာလဲ၊ မင်းညံ့တယ်"

"နေပါစေတော့ကွာ ... ငါက မိန်းမနဲ့ယှဉ်နိုင်လောက်တဲ့ အင်အားတွေမရှိဘူး"

"ခန့်လင်း"

"မြကို ငါအတိုက်အခံ မလုပ်ချင်ဘူး"

သူ ...

အလျှော့ပေးတာပါ။

အဖေလည်း အဆင်ပြေနေပြီ။

"မြ နင်က လူမှုရေးနားမလည်တဲ့မိန်းမပဲ ... ခန့်လင်းကို ဘာဖြစ်လို့ ချုပ်ချယ်ထားရတာလဲ၊ နင်တစ်နေ့ကျရင် ဒုက္ခရောက်





မယ်နော်"

မြက မမှု။

ယောကျ်ားကို ထိန်းချုပ်ဖို့ပဲ အရေးကြီးသည်။

သူ့ကို လွှတ်မပေးနိုင်ဘူး။

"မိန်းမကို အနိုင်ကျင့်တဲ့ယောကျ်ားတွေကို ကျွန်မ မုန်းတယ်"

မြင့်နိုင် ပြန်သွားသည်။

သိရိအတွက်တော့ ပူမိ၏။

နင်းရော ...

အစ်ကိုတစ်ယောက်အနေနဲ့ တာဝန်မကျေဘဲ ဖြစ်နေသည်။

စိတ်မကောင်းဖြစ်နေ၏။

ဘာမှ မတတ်နိုင်ပေ။

မြသည် သူ့ကိုပြဿနာရှာလို့မဆုံးအောင် ဖြစ်နေသည်။

စိတ်ပိုညစ်ရ၏။

"ရှင် မဟုတ်တာတွေလုပ်နေပြီ မဟုတ်လား ... မိန်းမကို ...ည်းနည်းမှ မညှာတာဘူး"

မြက အပြစ်တင်နေသည်။

သူ ...

အရက်သောက်ရတာ ပျော်သည်။

အရာအားလုံးကို မေ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com

မြ ...

ငါ စိတ်ညစ်တယ်။

ဘဝမှာ မျှော်လင့်ချက်မဲ့နေတဲ့ဘဝ။

မိန်းမတစ်ယောက်ရဲ့ လက်ဝေခံဘဝ။

ဘာတတ်နိုင်မှာလဲ။

ငြိမ်ခံနေရုံပဲပေါ့။

“ရှင် ကုမ္ပဏီကိစ္စတွေ ဘာမှဝင်လုပ်ပေးစရာ မရှိတော့ဘူး”

မြသည် သူ့ကိုအပြင်းအထန် အရေးယူနေတော့သည်။

ပြစ်မှုက မကြီး။

အရက်သောက်လို့တဲ့။

“မင်း ထပ်ပြီးသောင်းကျန်းပြလိုက်စမ်းဝါ ... မင်း ဂရုမစိုက်နဲ့”

မြင့်နိုင်က သင်ပေးသည်။

သူ ...

သတ္တိကြောင်နေသည်။

မလုပ်ချင်။

မြလို မိန်းမတစ်ယောက်ကို ဆုံးရှုံးမှာ ကြောက်နေသည်။

ငွေကြေးကြောင့်ပါပဲ။

အစထဲက ချစ်လို့ လက်ထပ်တာမှ မဟုတ်တာဘဲ။

“နေပါစေတော့ကွာ”

ဗိုးလမြည့်တာပေ



“ခန့်လင်း”

“မြဆိုတဲ့ မိန်းမတစ်ယောက်ကို ငါမလွန်ဆန်နိုင်တာတော့ မှန်ပဲ”

“မင်း ကြောက်နေလေ မြက သောင်းကျန်းလေပဲ ခန့်လင်း”

“ဟင်း”

သက်ပြင်းမောကြီးကို ပြင်းပြစွာ မှုတ်ထုတ်ပစ်သည်။

မလွယ်ဘူး။

မြင့်နိုင်စကားတွေကို သူဘာတစ်ခုမှ မပြောချင်ပေ။

တာဝန်မဲ့ခဲ့သည်။

အမှန်ပဲ။

အိမ်ထောင်မပြုသင့်သေးဘူး။

အကြီးတွေက အိမ်ထောင်တွေပြုပြီး အတွကြီးစွာနေထိုင်ကြသည်။

ညီမလေးသီရိ ဘယ်လိုဖန်တီးနေပြီလဲ။

ရင်ထဲမှာ ...

လေးလံ မှုန်းကျပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

"သီရိ"

"ရှင်"

"ကျုပ်ရဲ့ ကူညီထောက်ပံ့မှုတွေကို သံသယကင်းကင်းနဲ့ လက်ခံပါ"

ဦးရဲလင်းထက်ရဲ့ အကူအညီတွေကို မလွှဲမရှောင်သာ လက်ခံရသည်။

အဖေ့ကို ဆေးခန်းပြရင်း စားသောက်စရာတွေကို အလှူ့အမင်း ဝယ်ပေးခဲ့သည်။

"ကျွန်မတို့ကို လိုအပ်သလောက်ပဲ ..."

"ကိုယ့်မှာ ခံစားချက်တွေရှိနေတယ် သီရိ၊ ကျုပ်အဖေ အဆေးဆင်းရဲငတ်ပြတ်ပြီး သေဆုံးခဲ့ရတယ်"

သူ့အကြောင်းတွေကို သူမသိပ်ပြီး မသိပေ။





ကြင်နာတတ်တဲ့ လူကြီးတစ်ယောက်အဖြစ်တော့ ထင်မြင်ယူဆခဲ့သည်။

ဦးရဲလင်းထက်က ချမ်းသာတဲ့ လူကြီးတစ်ယောက်။

အိမ်ထောင်မရှိသူ။

ပတ်ဝန်းကျင်က ဘာပြောမလဲ။

သီရိ ဂရုမစိုက်ပါဘူး။

အဖေ့ကို ဆေးကုနိုင်ဖို့။

ပြီးတော့ ...

မသေခင် အဖေ အစားအသောက်ကောင်းကောင်းတွေစားဖို့

သီရိ ဘဝကို စတေးမယ်။

ဘာဖြစ်လဲ ...

အဖေ စားသောက်နေထိုင်သွားဖို့။

"အဖေ့အတွက် ဦးရဲလင်းထက်အနေနဲ့ ကူညီစောင့်ရှောက်တာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

ထိုစကားကိုဟော့ ရင်ထဲမှ လေးနက်စွာ ပြောမိသည်။

"သီရိ"

"ရှင်"

"ကျုပ်ကိုယုံပါ"

"ယုံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဆန္ဒတွေအတိုင်း ဦးကို စောင့်ရှောက်ပါရစေ"

"အင်း"

ကျွန်မအဖေပဲ။

အဖေ့အတွက် ကျွန်မ ဘာပဲလုပ်ရလုပ်ရ။

ဦးရဲလင်းထက်သည် လူလွတ်တစ်ယောက် ဖြစ်၍လည်း သူမ ရဲတင်းစွာ ပြောဆိုဆက်ဆံနေမိခြင်း ဖြစ်သည်။

"သီရိရော ဘာလိုအပ်လဲ"

"ဟင့်အင်း"

"ကျုပ်ကို အားမနာနဲ့နော်"

သီရိအတွက် ဘာမှမလိုအပ်ပါဘူး။

အဖေ့အတွက်ပဲ။

ဘဝတစ်လျှောက်လုံး ဆင်းရဲနွမ်းပါးနေတဲ့ အဖေ့ကို [illegible] တလင်ကြီး ကျွေးမွေးစောင့်ရှောက်လိုမိသည်။

အဖေက သေလူ။

ဆေးဝါးကုသနိုင်မှ။

"ကျုပ် ပြန်မယ်"

"ဟုတ်"

"သီရိ ငွေနည်းနည်း ယူထားပါလား"

"ဟင့်အင်း ... ကျွန်မ ဘာမှမယူချင်ဘူး၊ ကျွန်မအတွက် ဘာမှမလိုအပ်ပါဘူး၊ အဖေ့အတွက်ပဲ ..."





"သီရိရယ် ..."

မင်းဟာ ဘာဖြစ်လို့ ဒီလောက်အထိ ရိုးသားနေရတာလဲ။

ဦးရဲလင်းထက် မြင်တွေ့ဖူးတဲ့လူတိုင်း ငွေကြေးမက်မောကြသည်။

သူ့ကို ဖျားယောင်းသွေးဆောင်တတ်ကြ၏။

သီရိက မဟုတ်။

ချောမောလှပ အိစက်နေတဲ့ မိန်းမချောလေး။

မင်းဘဝအတွက် ကျုပ်ဖြည့်စွမ်းပေးချင်တယ် သီရိ။

လက်ထပ်ယူမယ်။

ကျုပ်ဘဝမှာ မင်းကိုချစ်မြတ်နိုးဆုံးပဲ။

ဦးရဲလင်းထက်ဘဝတွင် အိမ်ထောင်ရေး ဘယ်တော့မှ ကံကောင်းခဲ့။

ချမ်းသာကြွယ်ဝတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့ပြီး ထိုမိန်းမရဲ့ နှိပ်စက်မှုတွေ ပြင်းထန်စွာ ခံစားခဲ့ရသည်။

သူ ...

အသက်ပျောက်မတတ်ပင်။

မိန်းကလေးတွေနှင့်အပျော်တွဲရင်း နာမည်ဆိုးတွေ ရရှိသွားသည်။

နောက်ဆုံး ...

မိန်းမနှင့်ကွဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာမှ မရှောင်တော့။

မိန်းမတွေကို အထင်သေးတတ်သော အကျင့်စရိုက်တွေ ဖြစ်လာရသည်။

ထင်တိုင်းနေခဲ့၏။

အခုတော့ ...

ဖွေးသီရိ ...

မင်းကို ချစ်တယ်။

ကျုပ် လက်ထပ်ယူချင်တယ်။

သီရိဆိုတဲ့ မိန်းကလေးကို အချစ်ကြီးချစ်မြတ်နိုးသွားရသည်။

သူ့ဆီကို ဖုန်းဝင်လာ၏။

“ကိုကိုလား”

ရွှေရည်။

မပတ်သက်ချင်တော့။

စိတ်ပျက်နေမိသည်။

မိန်းကလေးတွေနှင့် အကင်းရှင်းဆုံးနေတော့မည်။

အခုက ...

သီရိပဲ။

ဒီမိန်းကလေးကို သူ့အထင်ကြီးလေးစားနေမိသည်။

“ကိုကို”

“ရွှေရည်”





“အေးစက်လိုက်တာ စကားပြောတာကြီးက ...”

“ကိုယ် အလုပ်မအားဘူး”

“ကိုကိုနဲ့ တွေ့ချင်တယ်”

သူ ...

သီရိတို့အိမ်က ပြန်လာပြီး လမ်းမှာရောက်နေသည်။

“ရွှေရည် လမ်းမှာရောက်နေပြီ”

“ဟင်”

“ကိုကိုကို စောင့်နေတာ ... ကိုကို ဘယ်သွားလဲဆိုတာ ရွှေရည်သိတယ်နော် ... ရွှေရည့်ကိုစိမ်းဖို့တော့ ဘယ်တော့မှ မကြိုးစားနဲ့နော်”

ရွှေရည် ချိန်းထားတာ သီရိတို့အိမ်နားမှာ ဖြစ်သည်။

သူ ...

လန့်သွားသည်။

“ကောင်းပြီ ... ရွှေရည် ကိုယ်လာခဲ့မယ်”

ရွှေရည့်ထံ ကမျာကယာ ထွက်ခဲ့ရသည်။

“ကိုကို လာသားပဲ”

“ကိုယ် ...”

“ရွှေရည့်ကို စိမ်းဖို့ကြိုးစားတော့မယ် မဟုတ်လား ကိုကို”

“ရွှေရည် ... မင်း ...”

“သီရိဆိုတဲ့ မိန်းမလောက် ရွှေရည်က စိတ်ဝင်စားစရာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား”

ရွှေရည်နှင့် ဒီရပ်ကွက်မှာ မတွဲချင်။

သူ့အကြီးအကျယ် ပတ်သက်ခဲ့သော ရွှေရည်ကို ရုတ်တရက် ခွာပစ်ဖို့ မဖြစ်နိုင်မှန်း သူသိနေသည်။

ရွှေရည် ကားပေါ်တက်၏။

ထိုအချိန်တွင် ...

တီမိတဆကလည်း ဆေးခန်းပိတ်ပြီး ထွက်လာခဲ့သည်။

“ဟင်”

ဦးရဲလင်းထက်ကို မိန်းမတစ်ယောက်နှင့် အချိန်မတော် တွေ့လိုက်ရသည်။

တော်တော်ဆိုးတဲ့လူပဲ။

လမ်းမှာတွေ့တဲ့ မိန်းကလေးတစ်ယောက်ကို ကားပေါ် တင်ခေါ်သွားခဲ့သည်။

“တောက်”

ဒေါသဖြစ်နေသည်။

သီရိတို့ရပ်ကွက်ထဲမှာ ဒီလောက်ထိ မျက်နှာပြောင်တိုက် ရန် မသင့်ပေ။

ဒီလူ ...

သီရိဆီလာတာပဲ ဖြစ်မည်။

သူ့ကို သီရိက မုန်းနေသည်။





မမနှင်းကြောင့်ပါ။

ဦးရဲလင်းထက်ကိုတွေ့လိုက်ရတာ ဒေါသတွေဖြစ်ရသည်။

သီရိကို ဘယ်လိုပြောရမလဲ။

ဒီလူကြီးအကြောင်းမသိဘဲနှင့် သီရိက အားကိုးနေသည်။

ဒုက္ခပါပဲ ...

စိတ်မသက်မသာ ဖြစ်နေသည်။

အိမ်ရောက်တော့ ဝိုင်ပြီးစိတ်ရှုပ်ထွေးစရာတွေနှင့် တွေ့နေရသည်။

ကိုကို ရောက်နေသည်။

ခေါင်းလေးကိုက်တာကို အကြောင်းပြပြီး ခေါ်လာတာပဲဖြစ်၏။

“ကိုကို ဘာလို့လိုက်လာရတာလဲ”

“မာမီက ဖုတ်အတင်းခေါ်လာတော့ ကိုကိုမလိုက်လို့ရလား ညီ”

“ကိုကိုရက်စက်တယ် ... တာဝန်မဲ့တယ်၊ မိန်းမတစ်ယောက်ကို မချစ်မနှစ်သက်ဘဲနဲ့ ဘာဖြစ်လို့ ကိုကို နှိပ်စက်နေရတာလဲ”

သူ ...

ဒေါသတကြီး ပြောမိသည်။

သီရိ နာကြည်းမယ်ဆိုရင်လည်း နာကြည်းစရာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို လွန်တယ်။

မမနှင်းမှာ ဘာအပြစ်ရှိလို့လဲ။

"ကိုကို"

"ဟင်"

"မမနှင်းကို ကွာလိုက်ပါ"

"ဘာပြောတယ် ညီ ... "

"ကိုကို ယောက်ျားပဲ၊ ပြတ်ပြတ်သားသားပြောပြီး ကွာရှင်းသင့်တယ်၊ အခုတော့ မမနှင်း ဘယ်လောက်ထိ ကြေကွဲနေမလဲ"

"မာမီက ... "

"ကိုကို ယောက်ျားပဲ ... မိန်းမတစ်ယောက်ကို လက်ထပ်ထားပြီးပြီ၊ ကိုကို့မှာ နှမမှမရှိတာဘဲ ... ဘယ်မှာကိုယ်ချင်းစာတတ်မှာလဲ ... "

"ညီ"

သူ ...

မကြားချင်။

သူ့စိတ်တွေက ချစ်ဇနီးဆီမှာရှိနေတာ သူ အသိဆုံးပင်။

"မာမီ ခေါ်လည်း ကိုကိုငြင်းသင့်တယ်"

ဟုတ်တယ်။

ကိုကို ငြင်းသင့်တယ်။

မာမီ့ကြောင့် ...





ကိုကိုဟာ မာမီ့ကို ဘယ်တော့မှ မငြင်းဆန်ခဲ့ဘူး။

"မမနှင်းကို မာမီ့ဆန္ဒတွေနဲ့ ဆန့်ကျင်ပြီး ကိုကိုလက်ထပ်ခဲ့တာ မဟုတ်လား"

နှင်းလို မိန်းကလေးကို လက်ထပ်ခဲ့သဖြင့် မာမီက နှင်းအပေါ်ပဲ အပြစ်တင်နေတော့သည်။

သူ့ကို ဖျားယောင်းမြူဆွယ်တာတဲ့။

မဟုတ်ဘူး။

သူက နှင်းကို အတင်းအကျပ် လက်ထပ်ခဲ့တာပဲ ဖြစ်သည်။

နှင်း ဘဝပျက်ရ၏။

ပညာရေး ဆုံးရှုံးရ၏။

ညီပြောတာ မမှားဘူး။

ဒါပေမယ့် ဒေါ်ရွှေထိပ်ထားက နှင်းနှင့်ကိုကို့ကို ကွာစေချင်နေသည်။

သားကြီးဘဝအတွက် ဂုဏ်သိက္ခာမဲ့စေတဲ့ မိန်းကလေးတစ်ယောက်ဟု ထင်မိ၏။

မဖြစ်စေချင်ဘူး။

နှင်းသိရှိ စိတ်ဓာတ်ကျပြီး မိဘထံပြန်သွားအောင် ဖန်တီးစေသည်။

အခု ...

ကိုယ်ဝန်ရှိနေပြီ။

ဘယ်လိုလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မိမိစိတ်ထဲမှာ သားကို အသိမပေးချင်။

လက်လည်း မခံနိုင်ပေ။

သားကြီးက မိခင်စကားကို ငယ်စဉ်လေးထဲက နာခံသူဖြစ်သည်။

ဘယ်တော့မှ မဆန့်ကျင်ခဲ့။

နှင်းသီရိ ...

ခင်းကြောင့်။

မိခင်ရဲ့ဆန္ဒတွေကို ဆန့်ကျင်ခဲ့တာ နှင်းသီရိမြူဆွယ်လို့ ရုပ်ကလေး... ချောသည်။

ပညာတတ်၏။

ကျန်တာ ...

ဘာမှ အသုံးမကျဘူး။

ဒေါ်ရွှေထိပ်ထားက သူတို့ပြောနေတဲ့စကားတွေကို မကြားလိုက်။

သူ ရောက်လာပြီး ဝင်ပြောသည်။

"သားငယ်"

"ဗျာ"

"သားကြီး အတွေ့အကြုံကို မင်းကြည့်ထားနော်၊ မာမီ စိတ်သောကရောက်ရမယ့်ကိစ္စမှန်သမျှ မင်းလုပ်လာဖို့ မကြိုးစားနဲ့"

"မာမီ"

"ပြော"

ဝိုးလပြည့်တစပေ



"ကိုကို့ကိစ္စဖြစ်ပြီးပြီ၊ မာမီလက်ခံပါ ... မမနှင်းကို မနှိပ်စက်ပါနဲ့လား"

"အဲဒါ ... မင်းကိစ္စမဟုတ်ဘူးနော် သားငယ်၊ မာမီ ဒီလိုချွေးမမျိုးကို ဘယ်တော့မှ လက်မခံဘူး"

"မာမီ မတရားတာဘဲ"

"သားငယ် ... မင်းက မာမီ့ကို ဝေဖန်တာလား"

မာမီက စိတ်ကြီးသည်။

ကိုကိုကိုယ်တိုင်က ငြိမ်သက်နေတော့ ခက်နေရ၏။

"မာမီ ဆေးခန်းဖွင့်မယ် ... မင်းဦးဆောင်ပါ၊ စေတနာတွေ ...တွေ မာမီဘာမှလက်မခံဘူး ... ပြီးတော့ မာမီရှာပေးတဲ့ မိန်းမ... လက်ထပ်ရမယ်"

"မဖြစ်နိုင်ဘူးမာမီ ... သားအတွက် မိန်းမရှာဖို့ မာမီမစဉ်းစားပါနဲ့ သားကိုယ်တိုင် ရွေးချယ်တဲ့ ... "

"မင်းရွေးချယ်တဲ့မိန်းမက မာမီလက်ခံတဲ့မိန်းမပဲ ဖြစ်ရမယ်၊ ...သီရိ ဘယ်လိုခံစားနေရလဲဆိုတာ မင်းကြည့်ထား ... "

"မာမီ"

မာမီသည် ခြေသံခပ်ပြင်းပြင်းနှင့်ပြီး သူ့အနားမှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ရှိတာပေါ့ ... မင်းနဲ့ကိုယ်က ဆွေမျိုးတွေပဲ"

"ဘာရှင့် ... "

ရန်စွာနေတဲ့ ကောင်မလေးကို သူငေးကြောင်စွာကြည့်မိနေ ည်။

ကောင်မလေးရဲ့ ညို့မျက်ဝန်းလေးတွေထဲမှာ မာန်မာန ဆွက ပြည့်ဝစွာ ခက်ထန်တင်းမာနေ၏။

တိမ်တဆ သဘောကျစွာ ပြုံးမိသည်။

မင်း သိပ်ချစ်စရာကောင်းတာပဲ။

မင်းကို တစ်သက်လုံး ပိုင်ဆိုင်ချင်မိတယ်။

"ရှင် ဘာပြုံးစိ ပြုံးစိလုပ်နေတာလဲ ... ကျွန်မကို အရှက်ရ ခင် တမင်လုပ်နေတာ မဟုတ်လား"

"မဟုတ်ပါဘူး သီရိရယ် ... ကိုယ်မင်းကို အရေးကြီးတဲ့ ား‌တွေပြောစရာရှိလို့ပါ ... ခဏလေးပါ သီရိရယ်၊ မင်းကိုယ်နဲ့ ဲ့ခဲ့နော် ... "

"မလိုက်ဘူး"

"မင်း ကားပေါ်မတက်ရင် ကိုယ်နောက်ကနေ လိုက်နေမှာ

"ပတ်ဝန်းကျင်က ကျွန်မကို ဘာပြောမလဲ"

ကောင်လေးနဲ့ကောင်မလေးက အရမ်းလိုက်တာပဲလို့ ပြော ့ သီရိရယ်။



အခန်း ( ၁၄ )

"တီ ... တီ"

"တီ"

"ဟင်"

တိမ်တဆ ...

သူမ ...

ဒေါသဖြစ်ရသည်။

လမ်းမလယ်မှာ ဟွန်းတီးပြီး ကားနှင့်လိုက်နေသဖြင့် လှမ်း နေတဲ့ခြေလှမ်းတွေကို ရပ်ပစ်လိုက်ရ၏။

"ကားပေါ်တက်လေ သီရိ ... စကားနည်းနည်းလောက် ပြောစရာရှိလို့ ... "

"ဘာရှင့် ... ဘာမှပြောစရာအကြောင်းမရှိဘူး၊ ရှင်နဲ့ဆက် သက်စရာလည်း ဘာအကြောင်းမှမရှိဘူး ... ရှင် သွားနော်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက ပြောမိသည်။

သူမ ...

ဦးရဲလင်းထက် ကားနှင့်လည်း လိုက်ခဲ့ဖူးသည်။

အခု ...

သူ့ကားနဲ့လိုက်ရမလား။

ဟွန်း ...

ဝေးသေးတယ်။

သူမ ...

ခြေလှမ်းကို ဆက်ဖို့ပြင်သည်။

သူ့ကားက ဆက်လိုက်နေ၏။

"တီ ... တီ"

"တိ"

"ရှင် ဘာလို့ပြောမရဖြစ်နေတာလဲ"

"ဒါဆိုရင် ကားပေါ်တက်လေ"

"ရှင် ကျွန်မကို သက်သက်နှောက်ယှက်နေတာ"

"မဟုတ်ဘူးလို့ မင်းကိုပြောပြီးပြီပဲ ... သီရိကားပေါ်တက်လိုက်ပါ ကိုယ်စကားနည်းနည်းလောက်ပဲ ပြောမှာပါ"

မထူးတော့ ...

သူ့ကားပေါ် တက်လိုက်သည်။

"ကဲ ... ဘာပြောမှာလဲ ပြော"





"အေးအေးဆေးဆေးမှပဲ ပြောမယ်"

"ရှင် သက်သက် ကျွန်မကို နှောက်ယှက်နေတာပဲ ... မမကို နှိပ်စက်ထားတာ အားမရသေးလို့ ကျွန်မကိုပါ နှိပ်စက်ဖို့ ရှင်ကြံစားနေတာလား"

သူမ နာကြည်းမုန်းတီးစွာဖြင့် ပြောပစ်လိုက်မိသည်။

မမကို ရှင်တို့မိသားစုက နှိမ်ချဆက်ဆံပြီး နှိပ်စက်နေတာပဲ။

ဘာအခွင့်အရေးမှမပေးဘဲ မတရားဆက်ဆံနေကြတာ။

သူမရင်ထဲမှာ မုန်းတီးနေမိသည်။

ပတ်ဝန်းကျင်မှာ ရှက်၍သာ သူမ ကားပေါ်တက်လိုက်ခြင်းဖြစ်၏။

"ပြောလေ"

အေးဆေးတိတ်ဆိတ်သော Coffee Shop တစ်ခုသို့ ခေါ်ဆောင်လာခဲ့သည်။

"ဆင်းပါဦး သီရိ"

"ဒုက္ခပါပဲ"

"မင်း ဂုဏ်သိက္ခာကို မထိပါဘူး၊ ကိုယ်က မင်းအတွက် အမြဲတမ်း အကာအကွယ်ပေးမယ့် လူတစ်ယောက်ပါ"

"ရှင့်ကို ကျွန်မ ယုံမှာမဟုတ်ဘူးနော် တိမ်တောဆ ... မလွဲသာ မရှောင်သာလို့သာ လိုက်ခဲ့တာ ပြောစရာရှိရင်ပြော"

"ဒီမှာ ကော်ဖီလေးသောက်ပြီးမှ ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... လွန်နေပြီနော်"

"လိုက်လာပြီးတော့မှ ပြောမနေပါနဲ့တော့ ... ခဏလေး ဖွေးသီရိ"

"ကျွန်မ အလုပ်သွားရဦးမယ် ... အလုပ်က သိပ်နောက်ကျလို့ မကောင်းဘူး"

သီရိ ဘာမှမပြောတော့ဘဲ သူ့ဆန္ဒတွေအတိုင်း လိုက်လျောလိုက်သည်။

မမက ရှိသေး၏။

ပြီးတော့ ...

သီရိကို ဘာပြောမှာလဲ။

"ပြောလေ"

"ခဏ"

"ရှင်"

"တစ်ခုခု မှာပါဦး"

သီရိနှင့်အကြာကြီး စကားပြောချင်၍ သူတမင်အေးဆေး လုပ်နေမိသည်။

ဒီမိန်းကလေး ပါလာဖို့ မလွယ်ပေ။

သူကလည်း သီရိ အနှောက်အယှက်ဖြစ်အောင် မလုပ်ချင်တော့ပေ။

ကော်ဖီနှစ်ခွက် မှာလိုက်သည်။





"သောက်လေ သီရိ"

"ဒီမှာ"

"ဟင်"

"ရှင်ပြောစရာရှိတယ်ဆိုတာ ဘာပြောမှာလဲ"

"သီရိ"

"ပြော"

"မင်းပတ်သက်နေတဲ့ ဦးရဲလင်းထက်က လူရှုပ်လူပွေတစ်ယောက်၊ ညကတောင် ကောင်မလေးတစ်ယောက်ကို ကားပေါ်တင်သွားသေးတယ်"

"ဟင်"

ရှင်အဲ့ဒိုတွေ ပြောနေတာလား။

မဖြစ်နိုင်ပေ။

ဦးရဲလင်းထက်က လူကြီးလူကောင်းတစ်ယောက်ပါ။

"ရှင် ဘာတွေလာပြောနေတာလဲ ... ဦးရဲလင်းထက် ပတ်သက်တာ ကျွန်မ Personal ပါ ... ရှင်ဝင်မပါနဲ့"

ရှင့်ကို မယုံဘူး။

ကျွန်မအပေါ် ရှင်တမင်သက်သက် လိုက်ပြီးနှောက်ယှက်တာ မဟုတ်လား။

"ကျွန်မ ပြန်တော့မယ်"

"သီရိ ကိုယ်ပြောတာ ယုံပါ ... မင်းအတွက် ကိုယ်သိ



www.burmeseclassic.com

www.burmeseclassic.com



လောက်စိတ်ပူနေလဲဆိုတာ မင်းသိသင့်တယ်"

"ကျွန်မကိစ္စတွေမှာ ရှင်ဝင်မပါဖို့တော့ ပြောပါရစေ"

"ဦးရဲလင်းထက်ဟာ ... "

"ရှင့်ကိုမပြောနဲ့လို့ ပြောပြီးပြီနော်"

"သီရိ"

"ရှင် ဘာပဲပြောပြော ကျွန်မလိုက်နာချင်မှ လိုက်နာမယ်"

"မင်း ဒုက္ခရောက်မှာစိုးလို့ပါ သီရိရယ်"

သူ့ကို သီရိ မယုံကြည်တာလဲ သီရိအပြစ်မဟုတ်ပေ။

ကိုကိုကြောင့် ...

မမနှင်းတစ်ယောက်ထဲ သောကတွေ ပင်လယ်ဝေနေ သည်။

သနားစရာကောင်းနေ၏။

ကိုကိုက သတ္တိကြောင်သည်။

မာမီ့ကို မလွန်ဆန်နိုင်။

သူဆိုရင်ရော ...

ဘဝကို တည်ဆောက်တဲ့နေရာမှာ သတ္တိရှိဖို့ လိုအပ်သည် သတ္တိမရှိရင်တော့ ... မိန်းမတစ်ယောက်ကို လက်မထပ်ဘ အကောင်းဆုံးပဲ။

"သီရိရယ် ဦးရဲလင်းထက်က တကယ့်ကို မိန်းမတွေနဲ့ ... မွေ့တဲ့လူတစ်ယောက်ပါ၊ မင်းဘဝပျက်မှာ ဂုဏ်သိက္ခာတွေပျက်...





...ိုယ်စိတ်ပူတယ်"

သူမ ငြိမ်သက်နေမိသည်။

"ကျွန်မ သွားတော့မယ် ... ရှင်ပြောချင်တာပြီးပြီမဟုတ် ...ား၊ နောက်တစ်ခါ လိုက်နှောက်ယှက်ရင်တော့ ကျွန်မအပြစ် ...ုံးဝမရှိဘူးနော်"

"ကိုယ့်စေတနာတွေကို သီရိ နားလည်ပေးပါ"

"ကျေးဇူးတင်ပါတယ် ... အခုလိုပြောပြတာ၊ ဒါပေမယ့် ... ...ျွန်မကိုထပ်ပြီး မပတ်သက်ပါနဲ့တော့"

"သီရိ"

သူမ ထသည်။

"ကိုယ်"

"ကျွန်မ အလုပ်သွားရတော့မယ်၊ လိုက်ပို့ပေးပါ"

"ဦးရဲလင်းထက်ကို မယုံကြည်ဖို့ ပြောပါရစေ"

သူမ ...

ဘာမှမပြောတော့။

ဦးရဲလင်းထက်ဆီက ငွေကြေးအကူအညီတွေ ယူခဲ့ပြီးပြီ။

ကျွန်မ ရိုးသားစွာပတ်သက်ခဲ့ခြင်း ဖြစ်သည်။

သူ ကားနှင့်လိုက်ပို့၏။

ဦးရဲလင်းထက်သည် သူမအား ဖော်ရွေစွာ ဆီးကြိုနေ၏။

လူကြီးလူကောင်းပီသစွာဖြင့် နေထိုင်တတ်သော ဦးရဲလင်း



www.burmeseclassic.com

www.burmeseclassic.com



ထက်ပါ။

တိမ်တဆက ဘာတွေပြောနေတာလဲ။

"သီရိ"

"ရှင်"

"ကိုယ့်ကိုအားမနာပါနဲ့နော် ... လိုအပ်တာတွေအားလုံး
ပါ"

"ကျေးဇူးတင်ပါတယ်"

"သီရိ"

"ရှင်"

"ကိုယ် တစ်ခုလောက် သီရိဆီမှာ တောင်းဆိုပါရစေ"

"ပြောပါ"

"သီရိကို လက်ထပ်ပါရစေ"

"ရှင်"

ဦးရဲလင်းထက်ရဲ့ မျက်နှာကို ဆတ်ခနဲမော့ကြည့်မိသည်

ရှင် ... ဒါကြောင့် ကျွန်မကို အကူအညီတွေ ပေးနေ
လား။

"သီရိ"

သူမ ...

မျက်နှာလေးက တင်းမာသွားရသည်။

"မဖြစ်နိုင်ပါဘူး"





"သီရိ"

"ကျွန်မ အလုပ်ကနေ ထွက်တော့မယ်"

တိမ်တဆရဲ့ စကားတွေကို ကြားယောင်လာမိသည်။

"ဦးရဲလင်းထက်က လူရှုပ်လူပွေတစ်ယောက်"

သူမ အလုပ်ထွက်ဖို့ ဆုံးဖြတ်လိုက်သည်။

"ကျွန်မ ... "

"မင်းအလုပ်ထွက်ရင် မင်းအဖေ ဘယ်လိုလုပ်ပြီးဆေးကု
လဲ ... မင်းအဖေရဲ့ စားသောက်စရိတ်တွေအတွက် ... "

"ဦးရဲလင်းထက်က ကျွန်မကို အကျပ်ကိုင်နေတာလား"

"မဟုတ်ပါဘူး သီရိရယ် ... မင်းဆန္ဒအတိုင်းပဲ ဆုံးဖြတ်ပါ"

သူမ ...

စိတ်တွေက တိမ်တဆဆိုတဲ့လူဆီ ရောက်နေသည်။

ဒီလူက မုန်းစရာကောင်းတဲ့လူပဲ။

မမလတ် ဒုက္ခရောက်နေခဲ့ရသည်။

"ဦးရဲလင်းထက်ကို မင်းမယုံကြည်ပါနဲ့"

သူမ ...

ဘာဆက်လုပ်ရမလဲ။

အဖေ့အတွက် ရှိနေသည်။

ဦးရဲလင်းထက်က မိန်းမတွေနဲ့ ရှုပ်ပွေတတ်တဲ့ လူတစ်
ယောက်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တိမ်တဆရဲ့စကားတွေကို ယုံကြည်လိုက်ရမှာလား။

ထိုကိစ္စကို ဆုံးဖြတ်ရန်အတွက် ဝန်လေးတွန့်ဆုတ်နေမိသည်။

## အခန်း ( ၁၅ )

"အဖေ"

"သမီး"

"နေကောင်းလားဟင်"

"နေကောင်းတယ် သမီး ... မောင်ရဲလင်းထက် ကျေးဇူးပဲကွယ် ... အဖေ နေရထိုင်ရတာ အတော်လေး ကောင်းနေတယ်"

ဆေးဝါးကုသမှုရော အစားအသောက်အတွက် မပူရ။

ဦးရဲလင်းထက်က လိုလေသေးမရှိ ထောက်ပံ့ကူညီထားခဲ့သည်။

အားနာနေရ၏။

ကျွန်မ ...

ဘယ်လိုလုပ်ရမလဲ။

ဦးရဲလင်းထက်ကို လက်ထပ်ဖို့ သူမ တွန့်ဆုတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်မှာ မိဘမရှိဘူး၊ ဆွေမျိုးညီအစ်ကို မောင်နှမလည်း မရှိဘူး … အရာအားလုံး သီရိဆန္ဒပါပဲ”

သီရိ ရင်ပူနေမိသည်။

ဦးရဲလင်းထက်နဲ့ တောင်းဆိုမှုတွေကို မလိုက်လျောနိုင်ပေ။

ငြင်းဆန်လိုက်လျှင် …

အဖေ …

“သီရိ … ”

“ရှင်”

“အဖေ့အတွက် ဘာမှထည့်မတွက်ပါနဲ့ကွယ်၊ အဓိက သမီးလေးအဆင်ပြေဖို့ပါပဲ … အလုပ်လုပ်ရတာ သမီးလေးအဆင်ပြေ လားကွယ်”

“ပြေပါတယ်အဖေ … ဦးရဲလင်းထက်က အစစအရာရာ ဖြည့်စွမ်းပေးနေတာပဲဟာ”

“အေးကွယ် … ဖခင်တစ်ယောက်လို ပြုစုစောင့်ရှောက်နေ တယ်၊ အဖေတော့ အားနာလာပြီ”

ဆေးဝါးတွေ စားသောက်စရာတွေ စုံနေသည်။

အဖေ့ရောဂါက အားရှိမှ။

ဆေးတွေကပြင်းတော့ အင်အားရှိဖို့က အဓိကဖြစ်နေသည်။

အဖေ အတော်လေး နလံထူနေ၏။

“အဖေ အနားယူနော် … အဆုတ်ဆေးတွေက ပြင်းတယ်





အားရှိမှ … ”

“အဖေ အတော်လေးသက်သာနေတယ်သမီး … မောင်ရဲ သင်းထက် တော်တော်စိတ်ထားဖြူစင်တဲ့ လူတစ်ယောက်ပဲ”

ဦးရဲလင်းထက်က သူမထံတွင် လက်ထပ်ခွင့်တောင်းထားတာကို အဖေ လုံးဝမသိပေ။

သိလျှင် …

သူမကရော …

ဦးရဲလင်းထက်ရဲ့ တောင်းဆိုမှုတွေကို ဘယ်လိုစဉ်းစားရမလဲ။

“အဖေ အနားယူတော့ … ”

“အင်း … ”

အဖေ့ကို ဆေးတိုက်ပြီး သူမအပြင်ထွက်လာခဲ့သည်။

အလုပ်ကထွက်လို့ မဖြစ်သေးပါ။

အဖေ့အတွက် ရှိနေသည်။

ဦးရဲလင်းထက်က လက်ထပ်ခွင့်တောင်းတာလည်း အပြစ် [illegible]ပေ။

လူလွတ်တစ်ယောက်ပဲ။

အဖက်ဖက်ကနေ ပြည့်စုံသောယောကျ်ားတစ်ယောက်။

ဟိုလူ …

တိမ်တဆ …



www.burmeseclassic.com

www.burmeseclassic.com



မုန်းစရာကောင်းလိုက်တာ။

သူ့အကြောင်းတွေကို သူမ ဘာလို့တွေးနေရတာလဲ။

မတွေးဘူး။

မုန်းတယ် ...

သူတို့အသိုင်းအဝိုင်းတွေက အဆင့်အတန်းခွဲခြားလွန်းသူတွေဖြစ်သည်။

မမကိုပဲကြည့် ...

ယောက္ခမတွေရဲ့ အရာမသွင်းမှုကို ခါးသည်းစွာခံစားနေသည်။

ဘဝမှာ အနှိမ်ခံနေရ၏။

ကျွန်မ ...

ကြိုးစားမယ်။

ချမ်းသာတဲ့ယောကျ်ားတစ်ယောက်ကိုပဲ လက်ထပ်ပြီး ဘဝကိုထူထောင်မယ်။

“ဦးရဲလင်းထက်ကြောင့် မင်းဂုဏ်သိက္ခာတွေ ကျဆင်းမှာကို မလိုလားဆုံးပဲ”

ရှင်နဲ့ဘာဆိုင်လဲ ...

ကျွန်မကိစ္စပဲဟာ

သူ ...

မနာလိုတာပါ။





လူလွတ်တစ်ယောက်ဖြစ်သော ဦးရဲလင်းထက်က တစ်ကောင်ကြွက်ဘဝ။

ကြောက်ရွံ့ရမည့်သူလည်း မရှိ။

ဟန့်တားနှောက်ယှက်မည့်သူလည်း တစ်ယောက်တစ်လေသင်မရှိ။

သီရိ စဉ်းစားသင့်လား။

“သီရိအတွက်ပါ ... ဦးရဲလင်းထက်နဲ့ သီရိ ကင်းရှင်းအောင်နေပါ၊ သီရိဆန္ဒတွေ ကိုယ်ဖြည့်စွမ်းပေးနိုင်ပါတယ်၊ ကိုယ် ရှာဖွေထားတဲ့ငွေတွေနဲ့ ဦးကိုဆေးကုပေးပါရစေ ... မမနှင်းကိုယ်စားကိုယ်က စောင့်ရှောက်ပေးချင်တာပါ သီရိ”

မဖြစ်နိုင်ပါဘူး။

ရှင့်မာမီက အဆင့်အတန်းခွဲခြားလွန်းတဲ့ မိန်းမကြီး။

မမကိုပဲ ကြည့်လေ ...

ကိုယ်ချင်းစာတရားကင်းမဲ့ပြီး အကြင်နာမရှိတဲ့ ရှင်တို့ရဲ့အသိုင်းအဝိုင်းမှ ဘဝနစ်မွန်းနေရပြီ။

အရမ်းနာကြည်းတယ်။

သူမ ...

ဘယ်တော့မှ မကျေဘူး။

ကျွန်မ ချမ်းသာရမယ်။

ဦးရဲလင်းထက်သည် ချမ်းသာကြွယ်ဝသော လုပ်ငန်းရှင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်သည်။

သူနှင့်လက်ထပ်သင့်တယ်။

သီရိရဲ့ဆန္ဒတွေအတိုင်း အားလုံးဖြစ်စေရပါမယ်။ ကျုပ် သီရိကို အရမ်းချစ်မြတ်နိုးလွန်းမိခဲ့တာပါ။ သံယောဇဉ်ကြီးမားခဲ့ရတာပါ။

သူမ ...

ယုံမိသည်။

ဦးရဲလင်းထက်ရဲ့ မျက်ဝန်းတွေထဲမှာ ကောက်ကျစ်စဉ်းလဲမှုမရှိ။

သီရိကို ချစ်နေတယ်။

သံယောဇဉ် တွယ်နေတယ်။

"ဦးရဲလင်းထက်က လူရှုပ်လူပွေတစ်ယောက်၊ ညကတောင် ကောင်မလေးတစ်ယောက်ကို ကားပေါ်တင်သွားတယ်"

သူ ...

ပြောခဲ့သည်။

မဖြစ်နိုင်တာ ...

သူတို့ရပ်ကွက်ထဲမှာလာပြီး ရှုပ်ပွေပုံမလား။

ဦးရဲလင်းထက်သည် ဆင်းရဲတဲ့ဘဝကနေ ချမ်းသာလာ အောက်သက်ကျေသူတစ်ယောက် ဖြစ်သည်။

ဘဝကို နားလည်၏။

သူမကို အထင်သေးမှာ မဟုတ်ပေ။





တိမ်တဆကလည်း ပညာတတ်တစ်ယောက်ဖြစ်စေချင့် အသိင်းအဝိုင်းကို ကျွန်မမုန်းတယ်။

မမကြောင့်ပါ။

ရှင့်အကြောင်းတွေကို ကျွန်မ ဘာဖြစ်လို့များ တွေးနေရတာ ...။

မတွေးဘူး။

ဘာဖြစ်လဲ ...

ကျွန်မသဘောနဲ့ကျွန်မ ယောကျ်ားတစ်ယောက်ကို လက် ...ပ်ခွင့်ရှိတာပဲ။

ဦးရဲလင်းထက်ကို ကျွန်မ ရွေးချယ်မယ်။

အဖေ့အတွက်ပါ။

လူ့လောကကြီးထဲကနေ ထွက်ခွာသွားဖို့ သေချာနေပြီဖြစ် ...ည့်အဖေ။

ချမ်းချမ်းသာသာ နေထိုင်စားသောက်သွားစေချင်နေမိ ...ည်။

"အဟွတ် ... ဟွတ် ... "

"အဟွတ်"

အဖေ့ချောင်းဆိုသံကြား၍ အဖေ့အခန်းလေးဆီ ကျွန်မ ဝင် ...ခဲ့သည်။

အိမ်စုတ်လေးရဲ့ အခန်းကျဉ်းလေးထဲမှ အဖေ့အတွက် သက်



www.burmeseclassic.com

www.burmeseclassic.com

တောင့်သက်သာ မရှိဘူးဟု ထင်မိ၏။

"အဖေ"

"အဟွတ် ... ဟွတ် ... အဖေ ဘာမှမဖြစ်ပါဘူး၊ ချောင်းက တော့ ဒီလိုပဲဆိုးနေမှာပဲ သမီးရဲ့"

"ညနေ ဆေးခန်းကိုသွားရမယ်နော် အဖေ ... "

"အင်း"

"ခဏနေရင် သမီးတို့ဆေးခန်းသွားမယ်၊ သမီးပြင်ဆင်လိုက် ဦးမယ်နော်"

"အေး ... အေး ... အဖေလည်း အဝတ်အစား 'ပဲလိုက်မယ်"

"သမီး လဲပေးပါ့မယ်၊ မသွားခင် အဖေ အိုဗာတင်းလေးတစ် ခွက် သောက်သွားလိုက်ဦးနော်"

"အဖေ လုပ်နိုင်ပါတယ်၊ လူမမာကြီးလို အိပ်ရာထဲ လဲနေ တာမှ မဟုတ်တာဘဲ သမီးရယ်"

အဖေ့ကို ဆေးခန်းပြဖို့အတွက် သူမ ရေမိုးချိုးပြင်ဆင်နေမိ သည်။

"တီ ... တီ"

"တီ"

"ဟင်"

မထင်မှတ်ဘဲ ဦးရဲလင်းထက်ရဲ့ကား ရောက်လာသည်။

ဒရိုင်ဘာနှင့် ဖြစ်၏။





"ဦးလေး ဆေးခန်းပြဖို့ ဆရာ ကားလွှတ်လိုက်တာပါ"

ဦးရဲလင်းထက်သည် သူမအပေါ် တာဝန်ကျေလွန်းသည်။

အားနာစရာ ကောင်းနေ၏။

သူမ ...

ဘာအကူအညီမှ မတောင်း။

အဖေ့အတွက် သက်သက်သာသာဖြစ်စေရန် ကူညီနေ

"အားမနာပါနဲ့တဲ့ ... ဦးလေးဆေးခန်းပြဖို့ ပိုက်ဆံလည်း ပေးလိုက်တယ်"

သူမစိတ်ထဲတွင် လေးလေးလံလံကြီးဖြစ်မိသွားတော့သည်။

ဦးရဲလင်းထက်ရဲ့ တောင်းဆိုမှုတွေကို လိုက်လျောဖို့ ဝန် နေမိ၏။

လက်ထပ်ဖို့အတွက် ဘယ်တုန်းကမှ မစဉ်းစားထားခဲ့ပေ။

ယောကျာ်းတစ်ယောက်က မိန်းကလေးတစ်ယောက်ကို အညီပေးတယ်ဆိုထဲက တစ်စုံတစ်ခု တောင်းဆိုလာနိုင်သည်။

သိရဲ့ သိသားပဲ။

အဖေ့အတွက် တခြားရွေးချယ်စရာ နည်းလမ်းမှမရှိတော့

ရှင်နဲ့တော့ ကင်းအောင်နေရမယ်။

မမလိုအဖြစ်မျိုးကို ကျွန်မ ဘယ်တော့မှ ရင်မဆိုင်စေရဘူး။



www.burmeseclassic.com

www.burmeseclassic.com

ရှင် … အလကားလုပ်ပဲ။

မုန်းလိုက်တာ။

ရှင်နဲ့အကင်းရှင်းဆုံးနေမယ်။

ဒုက္ခပါပဲ …

တိမ်တဆ အကြောင်းတွေကို ကျွန်မ ဘာဖြစ်လို့တွေးနေမိတာလဲ။

မတွေးဘူး။

သူ့အကြောင်းတွေ တွေးရတာ အချိန်ကုန်လိုက်တာ။

အဖေ့ကို ဆေးခန်းပြဖို့ ထွက်လာခဲ့သည်။

အလှည့်နှင့်ကျသော ဆရာဝန်ထံ ဝင်ပြ၏။

"ဟင်"

သူ …

ဆရာဝန်ကြီးကို ကူညီနေတဲ့ လက်ထောက်ဆရာဝန်ဖြစ်နေသည်။

သူနှင့်ဂွတ်ကင်းသည်မရှိ။

"သိရီ"

"ဟင်"

"ဘယ်ဆိုးလို့လဲ … ကိုယ်ပိုင်ကားတွေ ဘာတွေနဲ့ လာပြနိုင်သားပဲ … ဦးရဲလင်းထက်က တော်တော်လေးလုပ်ပေးသားပဲ"

"ရှင်"





သူက ပြုံးစိစိ ကပ်ပြောသည်။

ဒေါသတွေ ထွက်ရ၏။

"မင်းက ဒါမျိုးမှ အထင်ကြီးတာလား"

သူမ …

ဘာမှမပြောတော့။

ဆရာဝန်ကြီး မှာကြားတာတွေ သူကဆောင်ရွက်ပေးနေသည်။

"ဖွေးသိရီ လူနာကို တစ်လဆေးထိုးပေးရမယ်၊ ဦးရဲလင်းထက်က လူနာကိုပြုစုဖို့ အနီးကပ်ဆရာဝန်တစ်ယောက် ရှာခိုင်းတာနဲ့ ဒေါက်တာတိမ်တဆကို ရှာလိုက်တာ … အရမ်းတော်တယ်၊ သူလာပြီး စောင့်ရှောက်ပြုစုလိမ့်မယ်"

"ရှင်"

အဖေ့ကိုပြသော သမားတော်ကြီးက ဦးရဲလင်းထက်ရဲ့ မိတ်ဆွေဖြစ်သည်။

သူမ ဘာမှမသိ။

"နှစ် ဗွားရှင် … "

"နှစ်ရော ဒေါက်တာရော စောင့်ရှောက်မှာ … ကိုရဲလင်းထက် စီစဉ်တာလေ၊ ဒေါက်တာတိမ်တဆက အရမ်းတော်တယ်၊ စေတနာလည်းပါတယ်"

သူမ …

ဘာမှမတတ်နိုင်။


www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီး စီစဉ်တာဆိုတော့ စာဒကတက်၍

"တစ်နေ့ နှစ်ကြိမ်လောက် မင်းသွားကြည့်ရမယ် တိမ်

နှာစ်လည်း ခေါ်သွားရမယ်"

ဦးရဲလင်းထက်က သူမအား ကူညီလွန်းနေသည်။

သူမ အားနာမိ၏။

လိုလေသေးမရှိအောင် အဖေ့အတွက် စီစဉ်ပေးနေ

"ခွင့်ပြုပါဦး ..."

"ကောင်းပါပြီ"

ဆရာဝန်ကြီးကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

နှာစ်ပါ ပါလာ၏။

ဦးရဲလင်းထက်ကို အဖေကလည်း အားနာနေသည်။

"မောင်ရဲလင်းထက်ရဲ့ ကူညီမှုတွေက အားနာစရာ

နေပြီသမီးရယ် ... ကျေးဇူးတင်လိုက်တာ"

အဖေ့ကို စိတ်ချမ်းသာစေချင်မိသည်။

"သီရိ"

"ဟင်"

"ညကျမှ ကိုယ်လာခဲ့မယ်"

"သမီးနဲ့ ဒေါက်တာနဲ့က သိထားတာလား"

"ဟုတ်ကဲ့ ဦး ... မိတ်ဆွေတွေပါ"

ညဘက် ဆေးခန်းထိုင်ပြီးတော့ သူရောက်လာသည်





"ကိုယ်တမင်လာတာ မဟုတ်ဘူးနော် ... ဆရာဝန်ကြီးက တာဝန်ပေးထားတာ ကိုယ်ကတော်လို့တဲ့ ... "

"ဟွန်း"

"အတော်ပဲဖြစ်သွားတာပေါ့ သီရိ ... ကိုယ်လာကြည့်နေတာ မမနှင်းသိရင် ဝမ်းသာမှာပဲ"

"ကျွန်မကတော့ စိတ်ညစ်နေတာသိလား"

"ဘာလဲ ... ဦးရဲလင်းထက်လောက် ကိုယ်က အထင်ကြီးစရာမရှိလို့လား"

"ရှင်နော် ... "

"အင်းလေ ... မင်းသဘောကျရင် ပြီးတာပဲ၊ ဦးရဲလင်းထက်က တကယ့်ကိုစားနေကျ ကြောင်ဖားကြီးပဲ သီရိ ... "

"ရှင်"

သူ ...

ပခုံးကို တွန့်သည်။

အဖေ့အတွက် ဆရာဝန်ကြီးကပို့တဲ့ လူတစ်ယောက်ဖြစ်နေ၍ မပြောသာပေ။

ဆေးထိုးသည်။ သူပြုသမျှ သူမ စာဒက မတက်ရဲ။

www.burmeseclassic.com



သစ္စာမဲ့သော မိန်းမတစ်ယောက်ကိုနာကြည်းပြီး မိန်းမတွေ တော်တော်များများနှင့် အပျော်တွဲနေမိ၏။

အရက်သောက်တတ်လာသည်။

နိုက်ကလပ်တွေ တက်၏။

ရွှေရည်နဲ့ အတွဲအများဆုံး။

"ရှင့် ... ကျွန်မကို ထားခဲ့မယ်လို့ လုံးဝမထင်ခဲ့ဘူး ကိုရဲလင်းထက်"

ကိုကိုကနေ ဒေါသတကြီးနှင့် ကိုရဲလင်းထက်ဟု ခေါ်နေသည်။

ရွှေရည်ဒေါသက မသေးဘူး။

တင်းမာခက်ထန်နေသည်။

"ရှင် မိန်းကလေးတွေကို ဖျက်ဆီးခဲ့ပြီးမှ ရှင်ကြောက်နေပြီလား"

"ရွှေရည် ... "

"ဘာလဲ ... ရှင် အခုမှ ချစ်ရတဲ့ချစ်သူကို တွေ့နေပြီလို့ ပြောမလို့လား"

ရွှေရည် ရင်ထဲမှာမျှော်လင့်ချက်တွေ ပြိုကျပျက်စီးသွားရပြီဖြစ်၍ ဒေါသတွေနှင့် ခံပြင်းနေမိသည်။

မရဘူး။

ရွှေရည်ပဲ ...

ရဲလင်းထက်ကို အရယူဖို့ ဆုံးဖြတ်ထားပြီး ဖြစ်နေသည်။



အခန်း ( ၁၆ )

"ရွှေရည် ... ကိုယ်တောင်းပန်ပါတယ်၊ ကိုယ် သီရိကို လက်ထပ်တော့မယ်၊ ကိုယ်အတည်တကျ အိမ်ထောင်တစ်ခုကို တည်ထောင်တော့မယ် ... မင်း မနှောက်ယှက်ဖို့ ကိုယ်တောင်းပန်ပါတယ်"

သူ ...

ခက်နေသည်။

အမိက ...

ရွှေရည်ပဲ။

အစွဲမြဲဆုံး တွဲရတဲ့သူက ရွှေရည်တစ်ယောက်ထဲ ရှိနေသည်။

သူ နှောင်တရနေမိ၏။

အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် စိတ်ညစ်ပြီး အပျော်လွန်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သီရိ ...

ဘယ်က မိန်းမလဲ။

"ဘာမဟုတ် မိန်းမတစ်ယောက်ကို ရှင်လက်ထပ်တော့မှာ လား"

"သီရိက ... "

"ဘာမက်စရာရှိလဲ"

ရိုးသားအေးချမ်းတဲ့ မိန်းကလေးဟု သူပြောဖို့ တွန့်နေ သည်။

ရွှေရည်က မလွယ်ဘူး။

ပြဿနာ ရှာတော့မည်။

"ရွှေရည် လက်မခံဘူး"

"ကိုယ် တောင်းပန်ပါတယ် ... ကိုယ် ဘယ်လိုပေးဆပ် မလဲ ... မင်းတောင်းဆိုပါ"

"ဘာမှမလိုချင်ဘူး ... ရှင် ကျွန်မကို လက်ထပ်ယူရမယ်"

"ကိုယ် ... "

"ရှင့်အကြောင်းတွေ သီရိဆိုတဲ့ ဟာမကိုသွားပြောမှာနော် ရှင်မလိုလားဘူး မဟုတ်လား"

"မင်း"

"အဟဲ ... "

"ရွှေရည်ရယ် ... ကိုယ်နဲ့မင်းက ... "

"ရှင်က ကျွန်မကို အထင်မကြီးဘူး မဟုတ်လား ... "





ဖြစ်ဖြစ် ရှင့်အပေါ်မှာတော့ သစ္စာရှိပါတယ်"

"ဒုက္ခပါပဲကွာ"

ရွှေရည်သည် ဆိုရှယ်ကျလွန်းသော မိန်းမချောလေး ဖြစ် သည်။

လမ်းပေါ်မှာနေတဲ့ မိန်းမ။

သူ ...

အတည်တကျ လက်ထပ်ဖို့တော့ တွန့်ဆုတ်နေမိသည်။

ဝန်လေးနေမိ၏။

သူ ...

အိမ်ထောင်ပြုဖို့ဆိုတာ ဘယ်တော့မှ မစဉ်းစားခဲ့ပေ။

သီရိကိုတွေ့မှ ... မိန်းကလေးပီသသော ဖွေးသီရိ။

ကိုယ်ကျင့်တရားကောင်းမွန်သည်။

သူ့လိုယောက်ျားတစ်ယောက်ကို သီရိ ဘယ်တော့မှ မမြူ ဆွယ်ခဲ့။

ရိုးသားဖြူစင်သည်။

သူ လက်ထပ်ခွင့်တောင်းတာပင် သီရိက လက်မခံခဲ့ပေ။

ငြင်းဆန်နေသည်။

ချောမောလှပသော သီရိကို သူ ချစ်မြတ်နိုးမိသည်။

သီရိနှင့်လက်ထပ်ပြီး ဘဝကို တည်ဆောက်လို၏။

"ရှင်ပြန်စဉ်းစားပါဦး ... ရွှေရည် ဘယ်လောက်ထိ ခံနစ်နာ ခံခဲ့လဲ ... ရွှေရည် ကိုကို့အပေါ် ဘယ်လောက်အထိ သစ္စာရှိခဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်သည် သူ့အကြောင်းတွေကို အသိဆုံးဖြစ်သည်။

သက်သေအထောက်အထားတွေ အပြည့်အစုံ ရှိ၏။

မလွယ်ဘူး။

သူ့ဂုဏ်သိက္ခာတွေ အကြီးအကျယ် မွဲရတော့မည်။

အရှက်နဲ့သိက္ခာတွေ ...

နောင်တရမိသည်။

"တစ်ခုတော့ရှိတယ်နော် ... ရွှေရည့်ကို မညှာရင်တော့ ရွှေရည်က ဘာမှငဲ့ညှာထောက်ထားမှာမဟုတ်ဘူး ... ဟင်း ... "

တကယ့်ကို စိတ်ပျက်စရာ။

သူ မှားခဲ့သည်။

"ကိုကို ... "

"ဟင် ... "

"ရွှေရည့်ကို မချစ်တော့ဘူးလား"

သီရိရယ် ...

ကျိုပ်ရင်ထဲမှာ နာကျင်နေသည်။

အမှားတွေအတွက်လည်း နောင်တကြီးစွာ ရနေမိသည်။

သီရိကိုတော့ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး။

ရွှေရည်သည် ထိန်းချုပ်ရန်ခက်ခဲသော မိန်းမတစ်ယောက်ဖြစ်နေတာတော့ သူသိနေပြီးသား ဖြစ်သည်။

## အခန်း ( ၁၇ )

"သီရိ"

"ရှင်"

"မင်းကို ထပ်သတိပေးချင်လို့"

"တော်ပြီ မပြောနဲ့တော့ ... ဦးရဲလင်းထက်က ကျွန်မရဲ့ ဘူးရှူးရှင်တစ်ယောက်လေ ... ကျွန်မကို လက်ထပ်ခွင့်တောင်း ားတယ်၊ ကျွန်မ စဉ်းစားနေဆဲပါပဲ"

"မင်း ဒီလောက်ပဲ ငွေမက်ရသလား"

"ဘာရှင့်"

"ဒီလူကြီးက ... "

"ရှင့်ကို ဆရာဝန်တစ်ယောက်ဖြစ်နေလို့ ကျွန်မ လက်ခံနေ နော် ... ရှင့်ကိုမုန်းတယ်၊ ကျွန်မအစ်မကို အနှိမ်ခံဘဝနဲ့ အထီး နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက မမနှင်းကို သိပ်ချစ်တယ်"

"မဖြစ်နိုင်ဘူး"

"ကိုယ်သိတယ်"

"ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို ဒီလောက်အထိ နှိမ်ချဆက်ဆံနေတာကို ရှင့်အစ်ကိုက ကြည့်နေရက်လား"

မာမိုစကားကိုတော့ ကိုကို နားထောင်တတ်သည်။

"မိဘသဘောမတူတဲ့ မိန်းမတစ်ယောက်ကိုချစ်လို့ ယူတာလို့ ရှင်ပြောမလား … အခု ကျွန်မအစ်မဘဝ ဘယ်လောက်အထိ နစ်နာဆုံးရှုံးနေရပြီလဲ … ပညာလည်း တစ်ပိုင်းတစ် မိဘနဲ့လည်း ဝေးရ …"

"မမကိုယ်တိုင်က …"

"ဒီကိစ္စတွေ ကျွန်မဆက်ပြီး မဆွေးနွေးချင်ပါဘူး၊ ရှင်လဲ ကျွန်မကိစ္စတွေကို လာပြီးမဆွေးနွေးနဲ့ …"

"မင်းကို ကိုယ် …"

သူ …

ဘာဆက်ပြောရမလဲ။

ချစ်တယ်ဆိုတဲ့စကားက ကိုယ့်လည်ချောင်းဝမှာ တစ်ဆို့နေသည်။

မင်းကိုချစ်တယ် …

ကိုယ်က ကိုကို့လိုတော့ သတ္တိမကြောင်ပါဘူး သီရိရယ်။





အမှန်တရားကို ရင်ဆိုင်ရဲတယ်။

မင်းယုံကြည်ပါ့မလား။

ကိုယ် သိတယ်။

"မင်းမမကို ကိုယ်စောင့်ရှောက်နေပါတယ်"

"ရှင့်ကိုပြောလိုက်မယ်နော် … ကျွန်မအဖေ့ကို ဆေးကုဖို့ ပဲ သက်သက်ပါ … တခြား ကိုယ်ရေးကိုယ်တာကိစ္စတွေ မဆွေးနွေးပါနဲ့"

သူ့အနားမှ သူမထွက်သွားတော့သည်။

အဘိုးကြီး အခြေအနေသည် သက်သာရုံရှိ့မစရန်ပဲ ဆေးဝါးကုသမှု ပြုလုပ်နေ၏။

အသက်ရှင်ဖို့ မရှိတော့။

သီရိ ကျေနပ်မှုကတော့ ဦးရဲလင်းထက်ကြောင့် သီရိဖခင် ဆေးဝါးကောင်းကောင်း ကုသရပြီး စားသောက်စရာတွေအပြည့် နေခဲ့ရသည်။

ဦးရဲလင်းထက်က လူရှုပ်လူပွေတစ်ယောက်။

သီရိ အထင်မကြီးစေချင်ဘူး။

မင်းရဲ့ ဂုဏ်သိက္ခာအတွက်ပါ သီရိရယ်။

သူ …

မမနှင်းဆီ ရောက်လာသည်။

ကိုကိုက အိမ်မှာရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမနှင်းတစ်ယောက်ထဲ ဘယ်လောက်ထိ ခံစားနေရမလဲ။

အိမ်ဖော်မလေးနှင့် နေရသည်။

မမဘ၀ ဘယ်လောက်အထိ အထီးကျန်နေရှာမလဲ။

"မမ"

"ဟင်"

"အိပ်ရာပေါ်မှာ လဲနေတာကြာပြီလား"

"အင်း"

"မမ ဘာဖြစ်နေတာလဲ ... တဆ ကြည့်ပေးမယ်နော်"

"နေပါစေ တဆ ... မမ ဘာမှမဖြစ်ပါဘူး"

သူမှာ ကိုယ်ဝန်ရှိနေတာကို မာမီက ဘယ်သူ့မှ မပြောရဘူးတဲ့။

အိမ်ဖော်ကောင်မလေးကိုလည်း တင်းကျပ်စွာ မှာထားသည်။

တဆက ဆရာဝန်။

သိမှာပဲ။

"မမ ဘာမှမဖြစ်ပါဘူးတဆ ... မင်းပြန်ပါ။ မမနှင်းတစ်ယောက်တည်း အေးအေးဆေးဆေး နေပါရစေ"

တဆ စစ်ဆေးလို့ မဖြစ်ပါဘူး။

မာမီကမှ မသိစေချင်တာ။

နှင်းအဖေ့ဆီ ပြန်သွားရင် ကောင်းမလားဟု တွေးနေမိ





သည်။

မောင်ကလည်း ပြန်မလာပေ။ နေမှကောင်းရဲ့လား။

"တဆ"

"ဗျာ"

"မမ နေတတ်ပါတယ်၊ မင်းပြန်ပါ ... မောင် နေကောင်းရဲ့လား"

"မမရယ် ဝိန်သွားလိုက်တာ ... တဆ ဘာကူညီပေးရမလဲ"

"ဟင့်အင်း"

"မမ"

"ဟင်"

"မမအဖေဆီ သွားမလား"

"မမစဉ်းစားနေတယ် ... အဖေ့ဆီပြန်ရင် ကောင်းမလားလို့"

"ကောင်းတယ် မမ"

မိဘအရိပ်မှာက မမဘ၀ ဘယ်လောက်အထိ အေးချမ်းမလဲ။

အဖေ ...

ငွေကြေး မချမ်းသာပေမယ့် ...

သူမဘ၀လေးကို အေးချမ်းစွာ ပညာသင်ကြားနိုင်ရန် တာဝန်ယူနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ...

နှင်းဘာဝ ပူလောင်သောကတွေနှင့် လောင်မြိုက်နေသည်။

အဖေ့ကို သတိရလိုက်တာ။

သိရဲ့ရော ...

ကိုကြီးလည်း သူမကဲ့သို့ပင် မိန်းမရဲ့ အမိန့်ညြဏကို မလွန်ဆန်နိုင်ပေ။

အဖေရော နေကောင်းရဲ့လား။

လူ့လောကကြီးထဲက ထွက်ခွာသွားရတော့မယ့် အဖေ့ကို သမီးကြီးတစ်ယောက်အနေနှင့် ဘာမှမထောက်ပံ့နိုင်ခဲ့။

နှင်း တာဝန်မကျေဘူး။

“မောင် ပြန်လာရင်တော့ မမအဖေ့ဆီ ပြန်တော့မယ်”

နှင်းမှာ ကိုယ်ဝန်ရှိနေပြီ။

မာမီ ဖျက်ဆီးဖို့ ကြံစည်နေသည်။

သူမ ကြောက်နေမိ၏။

သူမ ...

ဘယ်သူ့မှ အပြစ်မတင်လို။

ကံကြမ္မာပဲ။

မောင့်မိခင်လို ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝလာတဲ့ သူ့အတွက် သူမအား ချွေးမအဖြစ် ခံနိုင်မှာမဟုတ်။

“မမဘဝက နိမ့်ကျလွန်းတယ် တဆ ... တကယ်ဆို မောင်နဲ့





မတန်ပါဘူး တဆရယ်”

“မမအနားယူတော့ ... စိတ်သဘောထားဖြူစင်တဲ့ မမကို အရမ်းလေးစားမိတယ်ဗျာ”

“ကျေးဇူးပါပဲ တဆ”

“တဆ ပြန်မယ်”

တိမ်တဆ ပြန်သွားသည်။

နှင်း အော့အန်ထားသဖြင့် အင်အားချိနဲ့[illegible]ဖြင့် အိပ်ရာပေါ်ခွေကျသွား၏။

တဆရှေ့မှာ ဟန်ဆောင်နေရတာပါ။

“မမလေး”

“ဟင်”

“ကိုယ်ဝန်ရှိတာကို ဘာဖြစ်လို့ မပြောပြရတာလဲ”

အိမ်ဖော်မလေးက စိတ်မကောင်းစွာဖြင့် မေးသည်။

“မာမီကမှ မသိစေချင်တာပဲ မိပုံ့ရယ် ... ”

“မမလေးက ဘယ်သူမှအသိမပေးဘဲ နေတော့မလား”

နှင်း မဖြေနိုင်။

“မာမီကြီးက ဖျက်ဆီးပစ်မှာ”

“ဟင်”

သူမ ...

အထိတ်တလန့်နှင့် မိပုံ့အား မော့ကြည့်လိုက်သည်။

www.burmeseclassic.com



မာမီက ဖျက်ဆီးပစ်မှာတဲ့။

မဖြစ်နိုင်ဘူး။

မောင့်ရင်သွေးလေး ...

"မမ"

"ဟင်"

"အစ်ကိုကြီးကို ဖွင့်ပြောလိုက် ... "

"မမ ဘာလုပ်ရမလဲ မိပုံ ... "

အားကိုးစရာဆို၍ မိပုံကိုပဲ တိုင်ပင်နေရသည်။

"ကျွန်မ ပြောပေးရမလား"

"မိပုံ အလုပ်ပြုတ်မှာပေါ့"

"မမလေးနဲ့ လာနေမယ်လေ ... အမှန်တရားဘက်ပဲ မိပုံတော့ ရပ်တည်ချင်တယ်၊ မမကို မတရားနှိပ်စက်နေကြတယ်"

မိပုံ မခံနိုင်။

"အစ်ကိုကြီး ညံ့တာ ... ကိုယ့်မိန်းမပဲ ဘာလို့လက်ထပ်သေးလဲ"

"မိပုံရယ် ... "

"မိပုံ အလုပ်က ထွက်ချင်ထွက်ရပါစေ၊ ဒီလို မတရားလုပ်တာတော့ လုံးဝလက်မခံနိုင်ပါဘူး၊ မိပုံစိတ်ထဲမှာ မမကို အရမ်းသနားတာပဲ သိလား"

မိပုံသည် သူမအား လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်





သည်။

"မမ"

"ဟင်"

"မာမီကြီးက မမကလေးကို ဖျက်ဆီးပစ်ဖို့ ကြိုးစားမှာပဲ"

ကျွန်မ ...

ဘယ်ကို ပြေးရမလဲ။

အဖေ့ဆီသွားလို့လည်း မဖြစ်နိုင်ပါဘူး။

ကျန်းမာရေးမကောင်းတဲ့ အဖေ့ကို စိတ်အနှောက်အယှက် မပေးလိုတော့။

သီရိရော ...

ဘာတွေလုပ်နေလဲ။

ညီမလေးသီရိနှင့်တိုင်ပင်ပြီး သူမ ထွက်ပြေးရင် ကောင်းမလား။

"ကိုကြီးက သတ္တိကြောင်တာပဲ၊ မမအပေါ် ငဲ့ညှာထောက်ထားသင့်တယ်"

မောင်က ကျွန်မအပေါ် တစ်ခါတစ်ရံ ကြင်နာမှုတွေပေးတတ်သည်။

ချစ်ခင်မြတ်နိုး၏။

မိခင်ကြောင့်ပါ။

မောင် တာဝန်မဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



သတ္တိကြောင်ခဲ့တာလား။

သူမ လွယ်ထားရတဲ့ ကိုယ်ဝန်အတွက်ကတော့ သူမ ထိ...
သိမ်းစောင့်ရှောက်ရမည်။

"မမမှာ ကိုယ်ဝန်ရှိနေတာကို မိပုံ့ ကိုကြီးသိအောင် ပြော...
လိုက်မယ်"

"မဖြစ်ဘူး မိပုံ့"

မိပုံ့အပေါ် အပြစ်တွေ မကျရောက်စေချင်ပေ။

မောင် ...

နှင်း ဘာဆက်လုပ်ရမလဲ။

မောင့်မာမီရဲ့ ဆန္ဒအတိုင်းပဲ နှင်း ဒီကနေ ထွက်သွားပေး...
မယ်။

နှင်းကို မောင် စွန့်ပစ်ရက်ချင် ခက်နေမှာပါ။

ဟုတ်တယ် ...

နှင်း တစ်နေရာရာကို ထွက်သွားလိုက်တာ အကောင်းဆုံး...
ပါပဲ။

အင်အားမဲ့စွာဖြင့် အိပ်ရာပေါ်၌ လှဲအိပ်နေရသည်။

အခန်း ( ၁၈ )

"သီရိ"

"ဟင်"

"ကိုယ့်ရဲ့တောင်းဆိုမှုတွေကို စဉ်းစားပေးနိုင်မယ်လို့ ထင်ပါတယ်"

ဦးရဲလင်းထက်ရဲ့ တောင်းဆိုမှုတွေကို သူမ လိုက်လျောနိုင်တဲ့ အင်အားတွေ မရှိပေ။

မဖြစ်နိုင်တာဘဲ။

သူ ...

တိမ်တဆ။

ဒီလူ့ကြောင့် သူမ နှောင့်နှေးနေတာမျိုးလား။

"သီရိ ကိုယ့်ကိုငြင်းပိုင်ခွင့်ရှိပါတယ် ... ကိုယ်က မင်းကိုချစ်တဲ့ စိတ်လေးတစ်ခုတည်းနဲ့ တောင်းဆိုမိတာပါ။ ထာဝရပိုင်ဆိုင်ချင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ချစ်ခြင်းမေတ္တာမျိုးနဲ့ ချစ်ခဲ့တာပါ ... အဲဒီ ချစ်ခြင်းမေတ္တာလေးကို သီရိ ယုံကြည်စွာ လက်ခံပေးသင့်တယ်"

"မဖြစ်နိုင်ဘူး"

"ဟင်"

"သီရိ မစဉ်းစားပါရစေနဲ့၊ ငွေကြေးကြောင့် ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်ရတာမျိုး ... "

"သီရိ ကိုယ်က ... "

"အချစ်မပါဘဲနဲ့ ကျွန်မ ယောကျ်ားတစ်ယောက်ကို လက်မထပ်ချင်တာပါ"

"မင်းမှာ ချစ်သူ ရှိနေလို့လား သီရိ"

ချစ်သူတဲ့ ...

သီရိမှာ ...

သူ့ကြောင့် သီရိ ဘာဖြစ်လို့ ရင်ခုန်နေရတာလဲ။

ရင်ခုန်တယ်ဆိုတာ အချစ်လား။

မုန်းတယ် ...

ရှင်ဟာ မုန်းစရာကောင်းတဲ့ ယောကျ်ားတစ်ယောက်ပဲ။

မမကို မတရားနှိပ်စက်ထားတယ်။

ရင်ထဲမှာ ...

နာကျင်နေမိသည်။

"သီရိ"





"ရှင်"

"ကိုယ့်ကို မင်းတကယ်ပဲ လက်ထပ်ဖို့ဆန္ဒ မရှိတော့ဘူးလား"

"အင်း"

"ရက်စက်လိုက်တာ"

"မင်းမှာ ချစ်သူရှိနေလို့လား"

"မရှိပါဘူး"

"မရှိဘဲနဲ့များ ... "

"ကျွန်မမှာ ချစ်သူတော့ မရှိသေးပါဘူး ... ဦးရဲလင်းထက်ကိုလည်း ကျွန်မ လက်မထပ်ပါရစေနဲ့"

"ပတ်ဝန်းကျင်ကြောင့်လား သီရိ ... "

"ဘာပဲဖြစ်ဖြစ် ကျွန်မ ဦးရဲလင်းထက်နဲ့ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

သူမ ...

ငြင်းဆန်လိုက်သည်။

အဖေ့အတွက် ငွေကြေးထောက်ပံ့မှုတွေကို ဆက်ပြီးမယူဖို့ သူမ စဉ်းစားပါတော့မည်။

"အရေးကြီးတာက ကိုယ့်ဘဝတည်ဆောက်ရေးပါပဲ သီရိရယ် ... ကိုယ် မင်းကိုချစ်တာ ဘာပကာသနမှ မပါတဲ့ အဖြူရောင် သက်သက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သီရိကို ပိုင်ဆိုင်ဖို့အတွက် ဘယ်လိုနည်းကိုမဆို အသုံးပြု ဆုံးဖြတ်ထားပြီးသား ဖြစ်နေသည်။

"ကျွန်မ ဦးရဲလင်းထက်အပေါ် ရိုးသားစွာနဲ့ပဲ ခင်မင်ချင်ခဲ့ တယ် ... အဖေ့အတွက် ထောက်ပံ့မှုတွေလည်း ... "

"မဆိုင်ဘူး သီရိ ... ဦးကို စေတနာနဲ့ကူညီထောက်ပံ့တာပါ"

"ဟင်း"

စိတ်မောလိုက်တာ။

ငြင်းဆန်ရမှာ အားနာရသည်။

အဖေ့အတွက် လိုလေသေးမရှိအောင် ထောက်ပံ့ကူညီနေ ၏။

အိမ်သေးလေးမှာ အဖေ စိတ်ကျဉ်းကျပ်နေမည်စိုး၍ တိုက်ခန်းတစ်ခန်း ပေးထားခဲ့သည်။

သူမ ...

ငြင်းဆန်၍ မရ။

အဖေ့ကို ချမ်းသာစေချင်သည်။

အစားအသောက်တွေကို အဝအလင် စားသောက်သွားစေ ချင်ပါ၏။

သူမ မှားပြီလား။

ဦးရဲလင်းထက်ရဲ့ အကူအညီတွေကို ယူခဲ့မိသည်။

လွန်နေပြီ။





"သီရိရယ် ... ကိုယ်က မင်းကိုလက်ထပ်ဖို့ မင်းလက်ခံတဲ့ အထိ ကိုယ်စောင့်နေပါ့မယ်"

"ကျွန်မ ... "

"သီရိ ကိုယ့်ကို မချစ်နိုင်ဘူးလား"

"ရှင်"

အချစ် ...

ကျွန်မရင်ထဲမှာ ...

သူ ...

တိမ်တာဆ။

သူ့အကြောင်းတွေကို ဘာဖြစ်လို့ သီရိ တွေးနေမိတာလဲ။

"ဦးရဲလင်းထက်ဆီက အကူအညီတွေကို မယူပါနဲ့တော့ ကိုယ် ကူညီနိုင်ပါတယ်"

သူမကို ပြောခဲ့သည်။

မတွေးချင်ဘူး။

သူ့အကြောင်းတွေ မတွေးတာ အကောင်းဆုံးပဲ။

ဦးရဲလင်းထက်ကို သူမ ချစ်ခင်နှစ်သက်သွားမိဖို့ဆိုတာ မဖြစ်နိုင်ပေ။

"ကိုယ် သွားတော့မယ်"

"ဟုတ်ကဲ့ ... "

ဦးရဲလင်းထက် ပြန်ထွက်သွားတော့ အဖေ့အနားထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"အဖေ"

"သမီး"

"နေကောင်းရဲ့လားဟင်"

"ကောင်းပါတယ် သမီးရယ် ... ဆေးဝါးတွေ ကောင်းလို့ပေါ့။ မောတော့ မောနေသေးတယ် ..."

အဖေ့ဝေဒနာတွေက လူ့လောကကြီးထဲကနေ အမှန်တကယ် ထွက်ခွာသွားရတော့မည့် လူတစ်ယောက် ဖြစ်နေသည်။

"သမီး"

"ရှင်"

"အဖေ ပြောစရာရှိတယ်"

"ပြောပါ အဖေ ..."

အဖေ့မျက်ဝန်းတွေက တစ်စုံတစ်ခုအတွက် ရီဝေနေသည်။

"အဖေကတော့ လူ့လောကကြီးထဲမှာ ကြာကြာနေရတော့မယ် မထင်ဘူး သမီး ..."

"အဖေရယ်"

"အစစ သမီးအတွက် စိတ်အေးအောင် အဖေ စီစဉ်ခဲ့ချင်တယ်"

"အဖေ ဘာပြောချင်လို့လဲ ... ပြောပါ အဖေ"

"အဖေ့ဆီမှာ မောင်ရဲလင်းထက်က သမီးကို လက်ထပ်ခွင့်





တောင်းနေတယ်"

"ရှင်"

အဖေ့ဆီမှာ တောင်းဆိုခဲ့သည်။

"အဖေကတော့ လက်ခံလိုက်သင့်တယ်လို့ ထင်တာပဲ"

"အဖေ"

"အဖေ ငွေကြေးစည်းစိမ်တွေကို မက်မောလို့မဟုတ်ပါဘူး သမီးရယ် ... မောင်ရဲလင်းထက်က သမီးကိုချစ်ခင်မြတ်နိုးနေတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ အဖေ သိနေတယ်"

ဦးရဲလင်းထက်က မိမိထံ ရိုးသားစွာဖြင့် တောင်းခံခဲ့သည်။

အခွင့်အရေးတစ်ခုအနေနှင့် တောင်းဆိုတာမဟုတ်ပါဘူးတဲ့။

ချစ်ခင်မြတ်နိုးစွာနဲ့ပဲ လက်ထပ်ခွင့်တောင်းဆိုတာပါတဲ့။

"သမီး"

"ရှင်"

"သမီး လက်ခံပါ"

အဖေ့ရဲ့ မျက်ဝန်းတွေက လက်ခံစေချင်တဲ့ သဘောတွေ ဖြစ်နေသည်။

မျှော်လင့်နေမိ၏။

ငွေကြေးအတွက် အဖေ သဘောတူတာ မဟုတ်မှန်း သူမ သိနေသည်။

ဦးရဲလင်းထက်ကို ယုံကြည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရဲလင်းထက်ဟာ လူကောင်းတစ်ယောက်လို့ အဖေ ထင်တယ် ... အဖေ့ကို သမီး ယုံကြည်ပါ"

အဖေ ဖြစ်စေချင်တဲ့ကိစ္စ။

"အဖေ့ကို သမီး ပွင့်ပွင့်လင်းလင်းပြောပါ ... သမီးမှာ ချစ်သူရှိနေပြီလားကွယ်"

မရှိပါဘူး။

သမီးမှာ ချစ်သူမရှိပါဘူး။

ရှင့်ကို ကျွန်မ ဘာဖြစ်လို့ သတိရနေရတာလဲ။

"မရှိပါဘူး အဖေ"

"မောင်ရဲလင်းထက်ကို သမီး လက်ထပ်စေချင်တယ်"

"သမီး စဉ်းစားပါရစေဦး အဖေ ..."

"စဉ်းစားပါ ... အဖေကတော့ သမီးရဲ့ဆန္ဒအတိုင်းပဲ ဖြစ်စေချင်တာပါ"

"အဖေရယ် သမီးအတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

အဖေ့ကို စိတ်ချမ်းသာစေချင်မိသည်။

"ညနေ ဒေါက်တာ ဆေးလာထိုးတော့မယ် ... အဖေ ရေလေးချိုးလိုက်ဦးမယ်"

"အဖေ ထနိုင်လား"

"အင်း"

"ချောင်းတောင် သိပ်မဆိုးတော့ဘူးနော် အဖေ"





"ကျောထဲကတော့ မှျင်မှျင်လေးအောင့်နေတယ် သမီးရယ်၊ အနာရှိသေးတယ် ထင်တယ်"

"တဖြည်းဖြည်းတော့ သက်သာလာမှာပေါ့ အဖေ"

"သမီး"

"ရှင်"

"မောင်ရဲလင်းထက်က လူကြီးမိဘကို ရိုသေလေးစားတတ်တယ်"

ရဲလင်းထက်သည် မိန်းမတွေနှင့် ရှုပ်ပွေတတ်ကြောင်းကို တိမ်တဆက သတိပေးနေသည်။

တိမ်တဆ ရောက်လာမယ့်အချိန်ကို ရင်မောစွာ စောင့်နေမိ၏။

အဖေ စားသောက်ပြီး အနားယူနေသည်။

သီရိ ဧည့်ခန်းမှာ စာဖတ်ရင်း သူ့ကို စောင့်နေမိ၏။

တိမ်တဆ ရောက်မလာဘဲ ဦးရဲလင်းထက် ရောက်လာသည်။

"ဦးရော သီရိ ..."

"အိပ်နေတယ်လေ"

"သီရိအတွက်"

"ဟင်"

ဟန်းဖုန်းတစ်လုံးကို လာပေးနေသဖြင့် အထိတ်တလန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် သွားရသည်။

"သီရိ အရေးပေါ် သုံးစွဲချင်ရင် သုံးစွဲနိုင်အောင် ကိုယ်စီစဉ်ပေးတာပါ"

"ဟင့်အင်း ... ကျွန်မ လုံးဝလက်မခံပါရစေနဲ့ ဒီလောက်ထိ မလိုပါဘူး"

သူမ ...

ဖွတ်အတင်းပင် ငြင်းဆန်နေမိသည်။

"ဦး အရေးပေါ်ဖြစ်ရင် သီရိ အလွယ်တကူ ဆက်သွယ်ဖို့ပါ ယူပါ ..."

"ကျွန်မအတွက် ဒီလောက်အထိ မလိုအပ်ပါဘူး၊ လက်မခံပါရစေနဲ့"

ရှင် ...

ကျွန်မကို ငွေနဲ့ဖိနေတာလား ...

သီရိ နောင်တရနေမိသည်။

ဦးရဲလင်းထက်ကို သူမ နှလုံးသားတွေက လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေဆဲသည်။

အဖေရယ် ...

သမီး လက်မခံနိုင်ဘူး။

ပတ်ဝန်းကျင်က ဘာပြောမလဲ။

ပြီးတော့ ...





သမီး မချစ်ဘူး။

"သီရိ"

"ရှင်"

"ကျုပ်ကို ဒီလောက်အထိ မစိမ်းသင့်ပါဘူး"

ဒေါက်တာ တိမ်တဆ ရောက်လာတော့မည်ဖြစ်၍ ဦးရဲလင်းထက်ကို ပြန်စေချင်နေမိသည်။

ရှင့်ကို ကျွန်မ အလေးမထားသင့်ဘူး။

ရင်ခုန်တာမျိုးလည်း လုံးဝမဖြစ်စေချင်ပါဘူး။

မုန်းစရာကောင်းတဲ့လူ။

"မင်းအတွက် ကိုယ် ဘာပဲဖြစ်ဖြစ် ပေးဆပ်ဖို့ အဆင်သင့်ပါ သီရိရယ်"

သီရိ ...

မင်းကို လက်ထပ်ဖြစ်အောင် ကျုပ်အစွမ်းကုန် ကြိုးစားမယ်။

ဦးမျိုးသန့်ထံတွင်လည်း သူတောင်းဆိုထားပြီးပြီ။

ဦးမျိုးသန့်ကတော့ သဘောတူနေသည်။

သီရိပဲ ...

"ကိုယ့်နဲ့အတူ မနက်ဖြန်ညနေစာ လိုက်စားပါလားဟင်"

"ဟင်"

"မနက်ဖြန် နှစ်ရောက်ပြီပဲ ... ဦးအတွက် မပူတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



အဖေ့အတွက် ဦးရဲလင်းထက်ကို မလွှဲမရှောင်သာ လက်ထပ်ရတော့မည်။

ဟင့်အင်း ...

သိီရိ လက်မခံချင်ဘူး။

တိမ်တဆ ရောက်လာတော့မယ်။

ဦးရဲလင်းထက်ကလည်း အဖေ့ထံဝင်ပြီး နှုတ်ဆက်နေသည်။

မပြန်သေးပေ။

သူမထံတွင် ညဥ့်နက်အောင် မနေသင့်ဟုထင်မိသည်။

စိတ်ညစ်နေမိ၏။

ရင်ထဲမှာစိုးရိမ်ပူပန်မှုတွေနှင့် တထိတ်ထိတ်ခုန်နေတော့သည်။

အခန်း ( ၁၉ )

"ဦးရဲလင်းထက်ဟာ အကြောင်းမရှိဘဲ ဘာလို့ ညဥ့်နက်အောင် နေရတာလဲ သိီရိ ... "

ရှင့်အပူလား ...

သူမ ...

မျက်စောင်းထိုးပစ်ချင်မိသည်။

"ဦးရဲလင်းထက်က ကျွန်မတို့ မိသားစုအပေါ် အမိက ဆောက်ပံ့နေတာပါ"

"ခက်တာပဲ"

"ဒီမှာ"

"ပြော ... "

"ရှင် ဆေးကုဖို့တစ်ခုပဲ ပြောဆိုဆောင်ရွက်စေချင်တယ်"

"မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့် ..."

"ဦးရဲလင်းထက်က လူရှုပ်လူပွေကြီး"

"ရှင်နော်"

"မင်း မကြိုက်ဘူးလား ဖွေးသီရိ"

"ဟုတ်တယ် ... အဖေ့ရှေ့မှာ လုံးဝမပြောနဲ့နော်၊ ကျွန်မ အဖေက ဦးရဲလင်းထက်ကို အရမ်းလေးစားတယ်၊ ကျွန်မနဲ့လက်ထပ်ပေးဖို့ စီစဉ်နေတာ"

"ဟင်"

သူ အထိတ်တလန့် ဖြစ်သွားသည်။

ဦးရဲလင်းထက်ကို ဘာလို့အထင်ကြီးနေရတာလဲ။

လူရှုပ်လူပွေတစ်ယောက်။

"မင်းအဖေအတွက် ..."

"ရှင်ဆေးကုဖို့လာတာ မဟုတ်လား၊ တစ်ခုတော့ပြောထားမယ်နော် ... ရှင်နဲ့ပတ်သက်တာ မလွှဲသာ မရှောင်သာလို့ ..."

သူ ...

ပခုံးတွန့်ပစ်သည်။

မင်းတို့မှာ အပြစ်မရှိပါဘူး။

ကိုယ်က ကိုကိုရဲ့ညီ ဖြစ်နေတာပဲ။

"မမကို ပြောပေးပါ၊ ကျွန်မတို့ဆီ အချိန်မရွေးပြန်လာပါလို့"

မမနှင်းကိုယ်တိုင်ကပဲ ခင်ပွန်းဖြစ်သူကို တွယ်တာနေသည်။





တခြားကို ထွက်သွားဖို့ ဝန်လေးတွန့်ဆုတ်နေ၏။

"မမကို ကိုယ်စောင့်ရှောက်နေပါတယ်"

မမက သူ့ရဲ့ကူညီစောင့်ရှောက်မှုကိုပင် လက်မခံ။

ခေါင်းမာသည်။

ကိုကို့ကို ချစ်လွန်း၏။

"ကျွန်မကတော့ ရှင်တို့လို အဆင့်အတန်းခွဲခြားတတ်တဲ့ လူမျိုးတွေကို ဝေးဝေးက ရှောင်သင့်တယ်"

ပြောပြစ်လိုက်မိသည်။

ဟုတ်တယ်လေ ...

ရှင်တို့ကြောင့် ကျွန်မတို့မိသားစုတွေ တကွဲတပြားစီ ဖြစ်နေရတာ။

"ရှင့်ကို မုန်းတယ်"

"သီရိ"

"ဟင်"

"မင်းကို ကိုယ်ချစ်တယ်"

"ဟင်"

အဖေက အခန်းထဲမှာ။

ဒီနေ့ ...

နာ့စ်ကလည်း မရှိတော့ သူတစ်ယောက်ထဲ။

"သီရိကိုချစ်တယ်၊ ချစ်တယ်ဆိုတဲ့ ဝေါဟာရထက် ပေး



www.burmeseclassic.com

www.burmeseclassic.com



နက်တဲ့စကားလုံးမျိုးရှိရင် ကိုယ်ပြောပြချင်တယ်"

"ရှင်နော်"

အဖေ့ဆီသွားဖို့ပဲ သူမ ခြေလှမ်းတွေ ပြင်နေမိသည်။

"သီရိ"

"ရှင့်ကို ကျွန်မ မုန်းတယ်"

မမကြောင့် ...

ရှင်တို့ လူယုတ်မာတွေ။

"ရှင်တို့ အသိုင်းအဝိုင်းတွေက အကြင်နာတရားကင်းမဲ့တယ် လူယုတ်မာတွေပဲ"

"ကိုယ်က သီရိကိုချစ်တယ် ... မင်းဆန္ဒတွေအတိုင်းပဲ ဖြစ် စေရမယ်၊ ကိုကို့လို သတ္တိကြောင်တဲ့ ယောကျ်ားတစ်ယောက်လုံး မဟုတ်ဘူး သီရိ ... "

"သီရိ ပြောထားပြီးပြီနော် ... ဆရာဝန်တစ်ယောက်အနေနဲ့ ပဲ ဆက်ဆံမှာနော်"

ခပ်ပြတ်ပြတ် ပြောမိသည်။

သူ ...

အဖေ့ကို ဂရုတစိုက် ဆေးစစ် ဆေးကုသပေးနေ၏။

မုန်းတယ် ...

ဘယ်တော့မှ မပတ်သက်ချင်ဘူး။

"ကိုယ်ကတော့ မင်းကိုချစ်တယ် ကိုကို့လိုမဟုတ်ဘူး၊ ဘဝ





တစ်ခုကို မင်းနဲ့လက်တွဲပြီး ရင်ဆိုင်ချင်တယ် ... ကိုယ့်ရဲ့အနာဂတ် တွေကို မင်းနဲ့ပဲ ကုန်ဆုံးပစ်ချင်တာ"

"ကျွန်မ ရှင့်ကို မချစ်ဘူး ... ဘယ်တော့မှလည်း ချစ်မှာ မဟုတ်ဘူး"

"သီရိ မင်းကိုယ့်ကို ဆန့်ကျင်ဖို့ မကြိုးစားနဲ့နော် ... ဦးရဲ လင်းထက်နဲ့ လုံးဝ လက်မထပ်ရဘူး"

သူမ လက်ကလေးကို ဆတ်ခနဲ ဆုပ်ကိုင်ထားမိသည်။

"ရှင် လွှတ်နော် ... ကျွန်မ ရှင့်ကိုမချစ်ဘူလို့ ပြောနေပြီ၊ လွှတ် ... "

"သီရိ"

"ပြော"

"ကိုယ် ကတိပေးတယ်၊ ကိုယ် မင်းဆန္ဒတွေအတိုင်းပဲ ဘဝ ကို တည်ဆောက်မယ်၊ အရာအားလုံးကို ရင်ဆိုင်မယ်"

"ဟင့်အင်း ... ရှင့်ကို ကျွန်မ ဘယ်တော့မှ လက်မထပ်ဘူး၊ ချစ်လည်းမချစ်ဘူး ... ရှင့်ကိုမုန်းတယ်"

သူ ...

ပြန်သွားသည်။

သီရိ ရင်ထဲမှာ မွန်းကျပ်နေသည်။

သူ့အကြောင်းတွေကို စဉ်းစားနေမိသည်။

"သီရိနဲ့လက်တွဲပြီး ဘဝကို ရင်ဆိုင်မယ် ... တည်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



မယ် ...”

မတွေးချင်ပါဘူး။

ရှင်တို့က အဆင့်အတန်း ခွဲခြားတတ်တဲ့သူတွေ။

ကျွန်မ မုန်းတယ်။

မုန်းတယ် ...

အိပ်လို့မရ။

ဦးရဲလင်းထက်ကို သူမ လက်ထပ်ဖို့လည်း ဝန်လေးနေ သည်။

အဖေက ဆန္ဒရှိနေ၏။

မဖြစ်နိုင်ပါဘူး။

သီရိ ရုန်းထွက်နိုင်အောင် ဘယ်လိုကြိုးပမ်းရမှန်းတောင် မသိ ဘူး။

ကံကြမ္မာရယ် ...

ဘာဖြစ်လို့ ဒီလောက်အထိ ခက်ခဲပင်ပန်းနေရတာလဲ။

ငိုချင်လာမိ၏။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ စီးကျလာသည်။

သူမ ဘဝ မြင့်မားလာခဲ့ရသည်။

အဖေ စားကောင်းသောက်ကောင်းတွေ စားပြီး ကျန်းမာ ရေးလည်း ကုသနိုင်ခဲ့သည်။

ဦးရဲလင်းထက်ကြောင့် ...





ဒီကျေးဇူးတွေကို သူမ ဘယ်လိုပေးဆပ်ရမလဲ။

မိုးလင်းမှ နိုးလာသည်။

အဖေ့ဆီ ရောက်သွား၏။

“အဖွတ် ... အဖွတ်”

“အဖွတ် ... ”

“အဖေ”

“ရင်ဘတ် နည်းနည်းအောင့်နေတယ် သမီး ... ”

“ဟင်”

အဖေ့ရောဂါသည် နောက်ဆုတ်သွားမယ့် ရောဂါဝေဒနာ တစ်ခု မဟုတ်တော့ပေ။

လူ့လောကကြီးထဲကနေ တဖြည်းဖြည်း ထွက်ခွာသွားရ တော့မည် ဖြစ်သည်။

အဖေ့အတွက် သူမ ဘာလုပ်ပေးရမလဲ။

ညှိုးငယ်ပိန်ချုံးနေတဲ့ အဖေ့မျက်နှာကို ငေးစိုက်ကြည့်မိနေ သည်။

“သမီး”

“ရှင်”

“အဖေတော့ အသက်ရှင်ဖို့အချိန် သိပ်မရှိတော့ဘူး ထင် တယ်ကွယ်”

“ဆေးကုနိုင်တာပဲ ... အဖေ တစ်နှစ် နှစ်နှစ်ဆိုတဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအတာထက် အဖေ အသက်ရှင်နေနိုင်မှာပါ"

"သားကြီးနဲ့ သမီးလတ်ကို တွေ့ချင်လိုက်တာ"

ကိုကြီးနှင့်မမကို ဘယ်လိုလုပ် ခေါ်ပေးရမလဲ။

"နေပါစေလေ ... အဖေအတွက် ဘယ်သူ့မှ ဒုက္ခမရောက်စေရပါဘူး"

"အဖေ"

"ဟင်"

"နေကောင်းအောင်ပဲနေပါ ... အခြား ဘာမှမပြောပါနဲ့တော့"

မမလတ်ကိုတော့ အဖေနှင့်တွေ့ပေးချင်နေမိသည်။

အဖေ အချစ်ဆုံးသမီး။

ပညာတော်ပြီး တည်ငြိမ်သောမမကို အဖေ ပို၍ချစ်သည်။

အထင်ကြီး၏။

အဖေ တွေ့ချင်နေမှာပဲ။

သီရိလည်း မမလတ်ကို တွေ့ချင်နေမိသည်။

အိမ်ထဲဝင်ဖို့က မလွယ်ပေ။

မမယောက္ခမနှင့်ယောက်ျားက နှိမ်ချဆက်ဆံသည်။

အဖေ့အတွက် နာ့စ်ရောက်လာသဖြင့် သူ့အပြင်ထွက်ဖို့ ပြင်နေ၏။

"မောင်ရဲလင်းထက်ကိုလည်း စိတ်အနှောက်အယှက်ဖြစ်





အောင် မလုပ်ဖို့ အဖေ ပြောချင်တယ်"

"အဖေရယ်"

သမီး ...

သူ့ကို သတိရနေတယ်။

တိမ်တဆလေ ...

မမနှင့်ပတ်သက်တဲ့အသိုင်းအဝိုင်းတွေကို ကျွန်မ အမုန်းဆုံးပဲ။

"သမီး အလုပ်သွားတော့မယ် အဖေ"

"အင်း"

သူ့မ ...

ထွက်လာခဲ့မိသည်။

မမကို တွေ့ချင်တယ်။

ဘာတွေဖြစ်နေပြီလဲ ...

သီရိ အခြေအနေကို သွားကြည့်ဖို့ ဆုံးဖြတ်ထားမိသည်။

အိမ်ဖော်မလေးပဲ ရှိနေ၏။

"မမလေး ညီမလား ... "

"အင်း"

"အတော်ပဲ ... မမလေး အရမ်းနေမကောင်းဖြစ်နေတယ်၊ ကိုယ်ဝန်ရှိနေလို့လေ ... "

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မမမှာ ကိုယ်ဝန်ရှိနေပြီတဲ့။

"မမ တစ်ယောက်ထဲလား"

"အင်း"

သူမ ...

အခန်းထဲ ဝင်လာခဲ့သည်။

"မမ ... "

"ဟင် ... သီရိ"

နှင်း ဝမ်းသာအားတက်သွားမိသလို ဖြစ်သွားသည်။

ဒါပေမဲ့ ...

မောင်နှင့်ယောက္ခမကြီးက သီရိလာတာကို သဘောကျမှ မလား။

"မမ"

"သီရိ"

"ကိုယ်ဝန်ရှိနေပြီဆို"

"ဟင် ... သီရိကို ဘယ်သူပြောလဲ"

"နိုင်းတဲ့ ကောင်မလေးပြောတာ"

"မရှိပါဘူး"

"သူက သေချာပြောတာကို မမက ဘာလို့ငြင်းနေရတာလဲ"

မမမျက်နှာလေးသည်လည်း ဝိန်ချုံးကျနေသည်။

"ကလေးက ထင်တာပါ ... မမတောင် ဘာမှန်းမှမသိသေး





တာ"

မမ ဘာလို့ ဖုန်းကွယ်နေရတာလဲ။

"မမ"

"ဟင်"

"မမ ယောက်ျားရော ... "

"မောင် နေမကောင်းဘူး၊ မာမီ ခဏခေါ်သွားတယ် ... မမမှ နေမကောင်းတာဘဲ"

"ဆေးခန်းမပြဘူးလားဟင် မမ"

"ဆေးခန်း"

"အင်း ... "

"မမ ဘာမှဖြစ်တာမှမဟုတ်တာ သီရိ"

"မဖြစ်ဘူး ... မမပေနေတာ၊ လာ ... သီရိ ဆေးခန်းပြပေးမယ်၊ ဒေါက်တာ တိမ်တဆက မမကို ဆေးခန်းမပြပေးဘူးလား၊ မကြည့်ပေးဘူးလား"

ရပ်ကွက်ဆေးခန်းလေးမှာ စေတနာဆရာဝန် ယောင်ယောင် ဘာယောင်ယောင် လုပ်နေတဲ့လူ။

"တစ်ခါ ကြည့်ပေးပါတယ်၊ မမက လက်မခံတာ"

"သူတို့က အခြေအနေကြီးတွေ ဖြစ်နေကြလို့လား မမ"

"တိမ်တစကတော့ စိတ်ကောင်းရှိပါတယ် ... မမကိုလည်း ကူညီတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ကိုယ်ဝန်ရှိနေတာကို သူမကိုယ်တိုင် သတင်းမလွှင့်ချင်ပေ။

မာမိ ဖြိုးပြင့်မှာ ကြောက်မိသည်။

နှင်း ...

ခေါင်းထဲမှာ ရှုပ်ထွေးနေသည်။

တစ်နေရာရာကို ထွက်သွားဖို့ နှင်း ဆုံးဖြတ်ထားပြီးသားဖြစ်၏။

"သီရိ"

"ဟင်"

"အဖေရော ... "

"မမနဲ့ကိုကြီးကို အရမ်းတွေ့ချင်နေတယ်၊ အဖေကတော့ တဖြည်းဖြည်း လူ့လောကကြီးထဲက ထွက်သွားရတော့မှာပဲ"

အဖေ့ကို တွေ့ချင်လိုက်တာ။

ဆေးကုဖို့ကရော ...

သီရိကိုကြည့်ရတာ ငွေကြေးအဆင်ပြေနေပုံပဲ။

"သီရိ ဘာတွေလုပ်နေလဲ ... အဖေ့ကို ဆေးကုဖို့အတွက် နှင် ... "

မမနှင်းကို သူမ အခြေအနေတွေကို ပြောပြလိုက်သည်။

"မမ"

"ဟင်"





"ဦးရဲလင်းထက်ကို ငါ လက်ထပ်ရမလား"

"နှင်"

နှင်း ဘယ်လိုပြောရမလဲ။

အိမ်ထောင် တည်ဆောက်တယ်ဆိုတာလဲ ကောင်းကောင်း မဲနှိုက်ရသလိုပဲဟု နှင်း တွေးမိနေသည်။

နှင်းကရော ...

မောင်က နှင်းကိုချစ်မြတ်နိုးတယ်ဆိုတာ နှင်း အကြွင်းမဲ့ ယုံကြည်နေမိသည်။

မာမီကြောင့် ...

အဆင့်အတန်း ခွဲခြားတတ်သော မာမီသည် နှင်းကို ချွေးမအဖြစ် လက်မခံချင်၍ ဖြစ်နေရသည်။

"မမ"

"ဟင်"

"ငါ ဘာဆက်လုပ်ရမလဲ"

"အင်းလေ ... နှင့်ကို ငါနားလည်ပါတယ်၊ နှင်ပဲ ဆုံးဖြတ်ပါ၊ ငါ အကြံမပေးချင်ဘူး"

နှင်း ...

မှားယွင်းသွားခဲ့သည်။

"နှင် ကံကောင်းမှာပါ"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အဖေ့ကို ခဏလေးဖြစ်ဖြစ် လာတွေ့ပါ၊ မမယောက်ျား ဘက်က အဲဒီလောက်အထိ သဘောထား မသေးသိမ်သင့်ပါဘူး"

"မမ ... အဖေ့ကို လာတွေ့မှာပါ"

မောင့်အနားကနေ မဖြစ်မနေ ကျွန်မ ထွက်ခွာသွားဖို့ ဆုံးဖြတ်ထားပြီးသား ဖြစ်နေသည်။

အခန်း ( ၂၀ )

"သီရိ ... မင်း ဒီကိုလာတာလား"

"ဟုတ်တယ် ... "

သူ ...

ရောက်လာသည်။

မတွေ့ချင်ပါဘူးဆိုမှ ...

"ကျွန်မအစ်မကို လာခေါ်တာလေ"

"ကောင်းတယ်"

"ဘာရှင့် ... ဒီလောက်တောင် တာဝန်မဲ့ရလား၊ ကျွန်မအစ်မကို ရှင်တို့က စွန့်ပစ်ချင်နေတယ်ပေါ့လေ"

သူမ ...

ရန်တွေ့ပစ်လိုက်သည်။

"မဟုတ်ပါဘူး ... မမ သတ္တိရှိသွားအောင်လေ၊ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



မမကို သတ္တိရှိစေချင်တာ”

“ဒေါက်တာ”

“မင်း ... ”

“ကျွန်မ အစ်မ ဒီလောက်အထိ အိပ်ရာထဲလဲနေတာ ဘာလို့ မကြည့်တာလဲ”

“ဟင်”

မမ နေမကောင်းတာကို သူသိပ်ပြီး မသိလိုက်ပေ။

“မမ နေမကောင်းဘူးလား”

“ရှင်တို့ မမကို ဒီလောက်အထိပဲ စွန့်ပစ်ထားရလား”

“မမက ဘာမှမပြောဘူး”

“ရှင်တော့ လူမှုရေးတော့ သိတတ်သင့်တယ်”

တစ ဘာမှမပြောနိုင်တော့။

လောလောဆယ် ...

သီရိရဲ့ အမုန်းတွေကို မခံစားနိုင်ပေ။

“ကိုယ် တောင်းပန်ပါတယ် သီရိ ... ဘာပဲဖြစ်ဖြစ် ကိုကို[illegible] သတ္တိမရှိဘူး”

“ဟွန်း ... ”

မျက်စောင်းထိုးပစ်လိုက်သည်။

“မမ”

“ဟင်”





“သီရိ ပြန်တော့မယ်”

“ပြန်လေ”

“မမ လိုက်ခဲ့ပါ”

“ဟင့်အင်း ... ”

“ဘာဖြစ်လို့လဲ”

“မမ လိုက်လို့ မဖြစ်သေးဘူး”

“ဒီလောက် လူစိတ်မရှိတဲ့ လူတွေကြားထဲမှာ မမနေရတာ”

“သီရိ”

တစကို အားနာမိသည်။

မောင်တို့မိသားစုတွင် တစသည် စိတ်သဘောထားပြည့်ဝ[illegible]

“တစ”

“ဟွန်း”

“ပြောပါစေ မမ ... ကျွန်တော်က သူ့ကို စိတ်ဆိုးလို့မှ မရ[illegible]”

“သီရိနဲ့တစက ခင်မင်ရင်းနှီးကြတာပဲ”

“သူ့ကို ဒီအိမ်ကြီးထဲမှာ တစပဲ ကယ်တင်ခဲ့တာလေ”

တစနှင့်နေရတာ သီရိ ပျော်သလိုတော့ ရှိသည်။

တည်ကြည်သော ...

ခန့်ညားသော ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်သဘောထားဖြူစင်သော ...

တိမ်တစကိုတော့ အမြဲတမ်း သတိတရ တမ်းတတတ်ေ ရသည်။

မုန်းပါတယ်ဆိုမှ ...

"မမ"

"ဟင်"

"လိုက်ခဲ့ပါ"

"မမ လိုက်လို့မဖြစ်သေးဘူး သီရိ"

"ဘယ်သူ့ကို မမ သံယောဇဉ် တွယ်နေရတာလဲ"

"သီရိရယ် ... ညီမလေး ဘာမှမသိပါဘူး၊ မမရင်ထဲမှာ ေ ကို ဘယ်လိုမှ ဖွန့်ခွာမသွားနိုင်လောက်အောင် သံယောဇဉ်ေ ငြိတွယ်နေပြီ"

"ဟွန်း ... အဓိပ္ပာယ်မရှိတာဘဲ မမ၊ သူကတော့ မမအ အရမ်းရက်စက်တာပဲ"

မောင်က မရက်စက်ပါဘူး။

သူမကို ကြင်နာယုယသည်။

ချစ်ခင်မြတ်နိုး၏။

နှင်း သိနေသည်။

"ညီမလေး နားမလည်နိုင်တဲ့ အကြောင်းအရာတွေ ရှိ လို့ပါ"





"မမရယ် ... ဘာမှ ငဲ့ညှာထောက်ထားမနေပါနဲ့တော့"

"မမနောက်မှ လိုက်ခဲ့ပါ့မယ် သီရိရယ် ... အဖေ့ကိုတော့ ာပြီးတွေ့ပါ့မယ်"

တစ်နေရာရာကို မမထွက်သွားရမယ်။

ရင်သွေးလေးကို အဖျက်ဆီး မခံနိုင်ဘူး။

သီရိသာ သိရင် ...

သူမ နှလုံးသားတွေထဲမှာ မောင်ရှိနေသေး၍ ခွန့်ခွာ၍ မဖြစ် ိုင်သေးပေ။

"သီရိ ပြန်တော့ ... "

"ကိုယ် လိုက်ပို့ပေးမယ် သီရိ ... "

"မလိုပါဘူး"

"သီရိ သွားလိုက် ... တဆက ယုံကြည်စိတ်ချရတဲ့ လူတစ် ာက်ပါ"

သူ ...

မောင်းတဲ့ကားကို မစီးချင်ပါဘူး။

"သီရိဘာသာ ပြန်မယ်"

"မရဘူး"

"ရှင် လိုက်မနှောက်ယှက်ပါနဲ့"

သူမ ရန်တွေ့မိသည်။

"သီရိ လိုက်သွားပါ ... တဆကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံပါ"

"ဟွန်း"

သူမ ...

ထွက်လာခဲ့သည်။

နောက်ကနေ ...

တိမ်တဆက လိုက်လာတော့သည်။

"သီရိ"

"ကျွန်မ တစ်ယောက်ထဲပြန်မယ်၊ ရှင် နောက်ကလိုက် မနှောက်ယှက်ပါနဲ့"

"မရဘူးကွာ ... မင်းကို လိုက်ပို့ပေးမယ်၊ ပြီးတော့ စားစရာ တစ်ခုခုစားမယ်"

"သီရိ မစားဘူး"

"ကိုယ် အေးအေးဆေးဆေး မင်းနဲ့စကားပြောချင်လို့ပါ"

"ပြောစရာ မရှိဘူး"

"ရှိတယ်"

"ဒီမှာပဲ ပြော ... "

"မင်းကို ချစ်တယ်"

"ရှင်နော်"

"ဦးရဲလင်းထက်ကိုပဲ မင်းအထင်ကြီးနေတာတွေ မဖြစ်သင့် ဘူးထင်တယ်"



"ဘာဖြစ်လဲ ကျွန်မကို ကူညီနေတဲ့လူ ရှင်းပြီး [illegible] ပြောလိုက်မယ် ... ကျွန်မ ဦးရဲလင်းထက်ကို လက်ထပ်မှာ"

"ဘာ"

"ကျွန်မ အဖေရဲ့ ဆန္ဒတွေကို ကျွန်မ အတတ်နိုင်ဆုံး လိုက် လျောရမယ် ... ဦးရဲလင်းထက်နဲ့ လက်ထပ်ဖို့ ကျွန်မအဖေက စီစဉ် နေပြီ"

ပြောပြီးမှ သူမနောင်တတွေရသလို ဖြစ်နေသည်။

စိတ်ထဲမှာ မွန်းကျပ်နေ၏။

သူနှင့်မပတ်သက်တာ အကောင်းဆုံးဟု ထင်မိသည်။

ခြေလှမ်းတွေ နှေးကွေးသွားရသည်။

သူ ...

ကျန်ခဲ့သည်။

ရင်ထဲမှာ ဟာနေ၏။

မဖြစ်သင့်ဘူး။

သူ့ကို လုံးဝသတိမရသင့်ဘူး။

တမ်းတမနေသင့်ဘူး။

တစ်ယောက်တည်း အထီးကျန်သလို ခံစားနေရ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၁ )

မောင်ရယ် ... နှင်း ဒီကနေထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်ပါပြီ။ အဖေ့ကိုလည်း တွေ့ရမယ်။ အဖေ့အပေါ် နှင်းတာဝန်မဲ့ခဲ့သည်။ မောင့်ကို နှင်းချစ်ပါတယ်။ ဒါပေမယ့်လေ ... မောင့်ဘဝချမ်းသာရေး၊ ဂုဏ်ဒြပ်တွေ မြင့်မားရေးအတွက်ပဲ နှင်းအနစ်နာခံပြီး နောက်ဆုတ်ပေးပါတော့မယ်။ မောင့်ဆီကနေ သူထွက်လာခဲ့သည်။

"အဖေ ..."

"ဟင် ... သမီးကြီး"

"အဖေရယ်"

နှင်း အဖေ့ကိုတွေ့လိုက်သည်နှင့် ဝမ်းနည်းပြီး မျက်ရည်တွေ စီးကျလာပြီး ငိုမိသည်။

"မငိုပါနဲ့ သမီးကြီးရယ် ... ဘယ်တတ်နိုင်မလဲ၊ ကံကြမ္မာပဲ ပေါ့လေ ..."





အဖေ မျက်နှာက ချောင်ကျပြီး အရိုးပေါ်အရေတင်နေသည်။ ဖြစ်မှဖြစ်ရလေ အဖေရယ် ... နှင်း တာဝန်မဲ့လိုက်တာ။ ယောကျ်ားတစ်ယောက်အတွက် အဖေ့ကို ပြစ်ထားမိသည်။

"အဖေ့အတွက် စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ် ... အဖေ ဆေးကုရပါတယ် ... အဖေ့ကို စောင့်ရှောက်ထားတဲ့သူတွေ ရှိပါတယ်ကွယ်"

အဖေ့ကိုတွေ့လိုက်ရ၍ နှင်း စိတ်ဖြေနိုင်သေးသည်။ မောင်နှင့်ကွာရှင်းပေးတော့မယ်။ မောင့်ရင်သွေးလေးကိုလည်း နှင်းမွေးဖြစ်အောင်မွေးမယ်။ ယောက္ခမကြီး စိတ်ချမ်းသာပါစေတော့။ မောင်လည်း အဆင့်တူတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပါစေတော့။ နှင်းကြောင့် စိတ်အနှောက်အယှက်တွေ မဖြစ်စေချင်။ အဖေရဲ့ နောက်ဆုံးအချိန်လေးတွေကို နှင်း ပြုစုပေးရင်း နေထိုင်ဖို့ ဆုံးဖြတ်ထားသည်။

"သမီး ပြန်လေ ... အဖေ့အတွက် မပူပါနဲ့ကွယ်၊ အဖေ့မှာက ကျွေးမွေးစောင့်ရှောက်မယ့်သူတွေ များပါတယ် ... ပြန် ... ပြန်"

"သမီး မပြန်တော့ဘူး အဖေ ..."

"ဘာဖြစ်လို့လဲ ... အဖေ့ကြောင့်လား၊ အဖေက သေလူပါ။ ကျန်ခဲ့တဲ့သားသမီးတွေ ဒုက္ခမရောက်အောင် အဖေစီမံချင်တာ"

သမီးအငယ်ကိုလည်း မောင်ရဲလင်းထက်နှင့် လက်ထပ်ပေးတော့မယ်။ မောင်ရဲလင်းထက်မှာ အိမ်ထောင်မှ မရှိတော့တာပဲ။

www.burmeseclassic.com



သမီးကိုလည်း ချစ်ခင်နှစ်သက်သည်။

"အဖေ့ကို ပြုစုဖို့ စိတ်မကူးနဲ့နော် … အဖေ လက်မခံနိုင်ဘူး အရေးကြီးတာက သမီးတို့ဘဝပဲ"

"အဖေ"

"ပြော … "

"သမီးတို့ အိမ်ထောင်ရေးအဆင်မပြေဘူး၊ သမီးအိမ်ပေါ်က နေ ဆင်းလာပါပြီ … သမီး အဖေနဲ့ပဲ နေပါရစေ … "

"သမီးကြီး ဘာတွေဖြစ်လာရတာလဲ … အဖေ … အဖေ ရင်ပူလိုက်တာ"

သမီးကြီး မျက်နှာလေးလည်း ချောင်ကျနေကာ ကျန်းမာရေး ကောင်းပုံမရပေ။ အဖေနှင့်မဆက်သွယ်ရကတည်းက ဘယ်လောက်မောက်မာ ထောင်လွှားကြမလဲ။ သမီးကြီးကို အဖေ့ဆီမှာ မနေချင်ဘူး။

"အဖေ … သမီးကိုပြန်မခိုင်းပါနဲ့တော့၊ သမီးမှားပါတယ်၊ သမီးလေ ကိုယ်နဲ့အဆင့်အတန်း ကွာခြားတဲ့ယောက်ျားတစ်ယောက်ကို လက်ထပ်မိလို့ မိသားစုနဲ့လည်း ဝေးခဲ့ရတာပါ၊ မောင်ကတော့ သမီးကိုချစ်ပါတယ်လေ … ယောက္ခမကြီးက လက်မခံတာပါ"

"သမီးရယ် … "

"သမီး အဖေ့အနားမှာပဲနေရပါစေနော်၊ အဖေ့ကို ပြုစုစောင့်





ရှောက်ပေးပါရစေ … ဒါမှ သမီးစိတ်အေးရမှာပါ"

"အင်းလေ … သမီးဆန္ဒရှိမယ်ဆိုရင်လည်း အဖေ လက်ခံပါ တယ်၊ သူတို့နဲ့လုံးဝ မပတ်သက်ပါနဲ့တော့ … "

"ဟုတ်ကဲ့ပါ အဖေ … "

"ဟိုဆရာဝန်ကောင်လေးလည်း အဖေ့ကိုလာကြည့်စရာ မလိုတော့ဘူးသမီး … "

"တိမ်တစ်လား … အဖေ သူက စိတ်သဘောထားဖြူစင်သူပါ၊ အဆင့်အတန်းလည်း မခွဲခြားတတ်ပါဘူး အဖေ"

"အားလုံးနဲ့ ရှင်းရှင်းလင်းလင်းနေထိုင်တာ အကောင်းဆုံးပဲ … သမီးငယ်ကို မောင်ရဲလင်းထက်နဲ့ လက်ထပ်ပေးတော့မယ်"

"အဖေ … စဉ်းစားပါဦးနော်၊ အဖေ သဘောတူတဲ့လူက ရှင်းကင်းရဲ့လား … "

"သူက အိမ်ထောင်ကွဲလေ၊ ဘာဖြစ်လဲ … အဖေတို့ကျေနပ် ရင်ပဲ၊ သမီးငယ်ကိုလည်း ချစ်မြတ်နိုးတယ်၊ အဖေ့ဆီမှာတောင်းဆို တော့လေ အဖေမငြင်းနိုင်ဘူး၊ ညီမလေးကိုလည်း သမီးစောင့် ရှောက်ပါကွယ်"

အဖေ့ကို နှင်းအတင်းအကျပ် ဘာတစ်ခုမှ မတောင်းဆိုချင် ပေ။ နှင်းကိုယ်တိုင်က တာဝန်မကြေခဲ့။ ချစ်သူနောက်သို့ လိုက် သွားပြီး မိသားစုကို ဥပေက္ခာပြုထားမိသည်။ ညီမလေး [illegible] ရောက်လာ၏။ နှင်းကိုတွေ့လိုက်တော့ တအံ့တဩဖြစ်နေသည်။

www.burmeseclassic.com



"မမနှင်း ... မမ်အဖေ့ကိုလာကြည့်တာလားဟင်"

"မမနှင်း အဲဒီကနေအပြီးအပိုင် ထွက်လာတာလေ"

"ဟင် ... "

"မမအိမ်ထောင်ရေးအကြောင်းကို မပြောချင်တော့ပါဘူးကွယ် ... ထားလိုက်ပါ"

"မမ ... "

"သီရိရယ် ... "

"မမခင်ပွန်းက တော်တော်ရက်စက်တာပဲ၊ မမဘဝ နစ်မွန်းရပြီ ... သီရိ ဒေါသဖြစ်လိုက်တာ၊ ဘယ်လိုလုပ်ရမလဲ"

"ထားလိုက်ပါတော့ကွယ် ... မောင်ကတော့ မမအပေါ်ကောင်းပါတယ်၊ သူ့အမေကြောင့်ပါ ... အင်းလေ ... ချမ်းသာကြွယ်ဝကြတဲ့သူတွေက မမနဲ့သဘောဘယ်သူနိုင်ကြမလဲ၊ သဘောပဲလေ ... "

ညီမလေး သီရိကို မောင့်ရဲ့ညီလေး တိမ်တစက ချစ်နေတာလည်း နှင်းသိထားသည်။

"သီရိရယ် ... မောင်လေးတိမ်တစကတော့ စိတ်သဘောထား ပြည့်ဝရှာပါတယ်"

"မမယောက်ျားလည်း စိတ်သဘောထားပြည့်ဝတယ်လို့ မမပြောခဲ့တာပဲလေ ... သူ့အမေရဲ့ မောက်မာထောင်လွှားမှုကိုလည်း သီရိ လက်မခံနိုင်ဘူး ... မုန်းလိုက်တာ ... "





"မောင်လေး တိမ်တစက လူ့တော်လူကောင်းလေးပါ သီရိရယ် ... မမ အာမခံပါတယ်"

"တော်ပါပြီ ... မမလည်း လုံးဝမပတ်သက်နဲ့တော့၊ သီရိတို့နဲ့ပဲနေပါ၊ တစ်ခုတော့ရှိတယ်လေ ... မမယောက်ျားရော ယောက်ျားရဲ့အမေရော တောင်းပန်ပြီးလာခေါ်မှ မမပြန်လိုက်သွားရမယ်"

"အေးပါကွယ် ... မမဆုံးဖြတ်ပြီးပါပြီ၊ မမနဲ့သူတို့ဘဝနဲ့ကလည်း အလှမ်းဝေးပါတယ်၊ အသွင်မတူဘူးလေ ... "

"မမ ဘာမှမပူနဲ့၊ သီရိတို့အဆင်ပြေနေပါပြီ၊ သီရိတော့လေ အဖေနဲ့သီရိတို့ဘဝကို လက်ခံနှစ်သက်ပေးနိုင်တဲ့ သူနဲ့ပဲ လက်ထပ်မယ်"

"သီရိလေးရယ် ... အချစ်ဆိုတာလည်း ရှိပါသေးတယ်"

မောင်ကတော့ နှင်းကိုချစ်မြတ်နိုးတယ်ဆိုတာ နှင်းအကြွင်းမဲ့ယုံကြည်မိသည်။ မောင့်မာမီကြောင့်ပါ။ အဆင့်အတန်း ခွဲခြားလွန်းတဲ့ မောင့်မာမီက နှင်းကို ဘယ်လိုအကြောင်းနဲ့မှ လက်ထပ်မှာမဟုတ်။ မောင့်အတွက် စဉ်းစားပြီး နှင်းပြန်ထွက်လာခဲ့ခြင်းဖြစ်သည်။

"မောင့်မာမီ သဘောတူတဲ့ မိန်းကလေးတစ်ယောက်နဲ့ပဲ လက်ထပ်လိုက်ပါတော့ ... နှင်း ကျေနပ်ခွင့်လွှတ်ပါတယ်၊ မောင့်ကို ချစ်လို့ပါနော် ... "



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကိုတော့ လွမ်းမိသည်။ နှင်းမှာ ရင်သွေးလေးရှိနေတာလဲ နှင်း ဖွင့်မပြောခဲ့။ မောင့်မာမီကြောင့်ပါ။ နှင်း ရင်သွေးလေးကို မာမီလက်ခံမှာမဟုတ်။ ဖျက်စီးပစ်မှာ သေချာနေ၍ဖြစ်သည်။

"မမ"

"ဟင် ..."

"ပျော်ရွှင်အောင်နေပါ၊ သီရိမမက အရွယ်ရှိပါသေးတယ်"

"အေးပါကွယ် ... အဖေ မကွယ်လွန်ခင် မမလာပြီး ပြုစုခွင့်ရတာပဲ မမအပျော်ရွှင်ဆုံးပါ၊ မမ စိတ်အေးချမ်းရပါတယ်"

"မမရယ်"

"သီရိ ..."

"ရှင် ..."

"မမ သိရသလောက် ကိုရဲလင်းထက်က မိန်းကလေးတွေနဲ့ ရှုပ်တယ်"

"ဘာလဲ ... မမကို ဟိုဒေါက်တာတိမ်တစ ပြောတာလား။ သူက ဘာသိလို့လဲ ... သူများမကောင်းကြောင်း ပြောရအောင်"

သူမကတော့ မမအတွက် ဒေါက်တာတိမ်တစတို့ မိသားစုဝင်အားလုံးကို မုန်းတီးနာကြည်းနေမိသည်။

"မမ အနားယူပါ၊ သီရိလည်း မဖြစ်မနေ လက်ထပ်ရမယ့်သူ ဖြစ်နေတယ် ... အဖေ့ဆန္ဒကလည်း ရှိသေးတယ်လေ"

"မမကတော့ အိမ်ထောင်တစ်ခုကို အလွယ်တကူ တည်





ဆောက်ဖို့ မဆုံးဖြတ်စေချင်ပါဘူး ... အိမ်ထောင်ရေးဆိုတာ အဆင်ပြေတဲ့သူက နည်းပါတယ်"

အဖေက ကျေးဇူးတရားကို သိနေသည်။ ကိုရဲလင်းအထင်အပေါ် ပြစ်ပြစ်ခါခါ မပြင်းပယ်ရက်ဘဲဖြစ်နေ၏။ အမှန်အတိုင်း ဝန်ခံရရင်တော့ ဒေါက်တာတိမ်တစအပေါ် သီရိနှလုံးသားတွေထဲမှာ သံယောဇဉ်တွယ်တာနေမိသည်။ ဒါပေမယ့် သူ့အကြောင်းတွေကို သိရှိခဉ်းစားချင်ပေ။ မေ့ပစ်ချင်နေ၏။ သူမ မေ့လို့မရတာတော့ အမှန်ပဲဖြစ်သည်။

"အဖေ့အတွက်ပါ မမ ... အဖေက နောက်ဆုံးအချိန်တွေကို ဖြတ်သန်းနေရပြီလေ ... သီရိကို စိတ်အေးစေချင်တယ်"

နှင်း ဘာမှမပြောလိုတော့။ မောင့်တို့အသိုင်းအဝိုင်းနှင့်လည်း မပတ်သက်တာ အကောင်းဆုံးပဲ မဟုတ်လား။ နှင်းကိုယ်တိုင် မောင်လေးတိမ်တစကို မေ့ပစ်ရမယ်။ ညီမလေးသီရိနှင့် လုံးဝမပတ်သက်သင့်တော့ပါဘူး။ ကံကြမ္မာတွေအရပဲပေါ့။

"မမ အနားယူတော့ ... အစားကောင်းတွေ စား၊ အရင်ကလို လှပချောမောနေအောင် ပြန်နေပါနော်"

သီရိလေးက ချစ်စရာကောင်းပြီး ချောမောလှပသူဖြစ်သည်။ နှင်းလို မဖြစ်စေချင်ပေ။ အိမ်ထောင်ရေး ကံကောင်းစေချင်မိ၏။ ပျော်ရွှင်ချမ်းမြေ့ဖွယ် အိမ်ထောင်ရေးကို တည်ဆောက်စေလိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလိုအဖြစ်မျိုးတွေနဲ့တော့ ညီမလေးကို မကြုံတွေ့စေချင်ဘူး သိရိလေးရယ် ... စဉ်းစားချင့်ချိန်ပြီး ဆုံးဖြတ်ပါကွယ်"

နှင်း အပျိုစင်ဘဝက နေခဲ့တဲ့အိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။ မောင့်အိမ်က ဘာပစ္စည်းတစ်ခုမှ ယူဆောင်မလာခဲ့။ မောင် မာမီမသိအောင် မောင်က နှင်းနာမည်နှင့် ထားပေးခဲ့တဲ့ငွေစုစာအုပ်လည်း ထားပစ်ခဲ့၏။ နှင်း ရင်သွေးလေးကို မွေးမယ်၊ ပြုစုစောင့်ရှောက်မယ်။ မောင့်ကိုတော့ ဘယ်တော့မှ ရင်သွေးလေးရှိတယ်ဆိုတာ အသိမပေးဖို့ဘဲ ဆုံးဖြတ်ထားမိလေသည်။

အခန်း ( ၂၂ )

"အဖေ ... "

"ဟင် ... သားကြီး၊ မင်း ... မင်းရော အိမ်ထောင်ရေးပြိုကွဲပြီး အဖေ့ဆီ ရောက်လာတာလားကွာ"

"မဟုတ်ပါဘူး အဖေရဲ့ ... သားမိန်းမက အမြင်မှန်တွေရပြီး သူ့မှာလည်း ရင်သွေးလေးရတော့မယ်ဆိုတော့ ကိုယ်ချင်းစာတတ်လာတာပါ"

"ဟုတ်လား သား ... "

အဖေ့မျက်နှာကြီးက ဝင်းလက်တောက်ပသွား၍ ခန့်လင်းစိတ်အေးသွားရသည်။ အဖေ တော်တော်လေးဖြစ်နေတာပဲ။ သူ့အမှားတွေပါ။ သားကြီးဖြစ်ပြီး တာဝန်မကြေခဲ့ပေ။ နောက်ဆုံးတော့ အဖေ့ကို လုံးဝပြစ်မထားနိုင်တော့၍ မိန်းမနှင့် ကွဲဖို့စိစဉ်တော့မှ မိန်းမက စိတ်သဘောထား ပြောင်းသွား၍ အဖေ့ဆီလာခဲ့

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်။

"သား မိန်းမမှာ သားလေးကိုယ်ဝန်လွယ်ထားရတာလည်း သိရော ကိုယ်ချင်းစာတတ်လာတယ်လေ အဖေ ... သူဝင်ငွေလည်း ကြောက်လာတယ်၊ သားမိန်းမလည်း ကားပေါ်မှာပါလာတယ် အဖေ ... သူ့အပြစ်နဲ့သူမို့ မလာရဲတာပါ"

"သားရယ် ... အဖေကတော့ သားသမီးတွေရဲ့ အိမ်ထောင် ရေးတွေ **အဆင်ပြေ**တာဝမ်းသာပါတယ်၊ အဖေ့အတွက် ထည့်တွေး စားပေး**စရာ** မလိုပါဘူး ... အဖေက သေလူပါ"

"**အ**ဖေရယ် ... သားကြီးဖြစ်ပြီး တာဝန်မယူရဲတဲ့ သား တောင်းပန်ပါတယ် ... ခွင့်လွှတ်ပေးပါအဖေ၊ နောက်ဆို ညီမလေး တွေကိုလည်း သားစောင့်ရှောက်ပေးမှာပါ"

"သမီးကြီးလည်း ပြန်ရောက်နေတယ်၊ အိမ်ထောင်ရေး အဆင်မပြေဘူးထင်တယ် ... အဖေကတော့ ဘယ်သူ့ကိုမှ အပြစ် မတင်ရက်ပါဘူးလေ ... "

"နှင်း ပြန်ရောက်နေတာလား ... "

"အင်း"

ညီမအလတ် နှင်းလည်း ထွက်လာသည်။ အဖေက သမီး ယောင်းမကိုသွားခေါ်လိုက်ပါပြော၍ နှင်း အိမ်လေးပေါ်ကဆင်း သွား၏။ သူ့ကြောင့်ပါ ... အစ်ကိုကြီးဖြစ်ပြီး မိသားစုကို မစောင့် ရှောက်နိုင်ခဲ့ပေ။ မြ တက်လာသည်။





"သမီးရယ် ... ဘာမှ အားနာမနေပါနဲ့၊ အဖေက လူ့လောကကြီးရဲ့သဘာဝကို နားလည်ပါတယ်၊ အရေးကြီးတာက သမီးတို့ အိမ်ထောင်ရေးတွေ ပျော်ရွှင်သာယာရေးပါ"

"အဖေရယ် ... မြ တောင်းပန်ပါတယ်နော်၊ မြ မှားပါတယ်၊ ကိုယ့်ယောကျ်ားမိသားစုကလည်း ကိုယ့်မိသားစုပါပဲ၊ မြ အတွက်ကြိုက် မိတယ်၊ အဖေ့ကို စောင့်ရှောက်ချင်ပါတယ်၊ အဖေ မြတို့နဲ့လိုက်ခဲ့ ပါနော်"

"မလိုက်ပါဘူး သမီးရယ် ... အဖေက ဒီအိမ်လေးမှာပဲ ခေါင်းချချင်ပါတယ်၊ အဖေ စိတ်ချမ်းသာလိုက်တာ ... သားသမီး တွေ အဆင်ပြေရင် အဖေ အရမ်းပီတိဖြစ်ရပါတယ်ကွယ်"

မိမိသားသမီးတွေ အခုလို အဆင်ပြေတော့လည်း မိမိမျက်စိ မှိတ်လို့ ရသွားပြီဖြစ်သည်။ သမီးလတ်ပဲ ... မတတ်နိုင်ဘူးလေ။ ကံကြမ္မာအရ ဖြစ်ရတာပဲ။ မိမိလည်း တာဝန်မကြေဘဲ ဖြစ်ခဲ့ရသည်။ သမီးလေးပဲ မိမိက မောင်ရဲလင်းထက်နှင့်လက်ထပ်ပေးဖို့ပဲ ဆုံးဖြတ် ထားသည်။ မတတ်နိုင်ဘူးလေ။ ကျေးဇူးရှိနေ၏။ ပြီးတော့ ... သမီး လေးအပေါ်လည်း ချစ်ခင်မြတ်နိုးသည်။ သမီးလတ် ခင်ပွန်းအသိုင်း အဝိုင်းနှင့်တော့ မနီးစပ်စေလိုပေ။ ဒေါက်တာ တိမ်တစက စိတ် သဘောထားပြည့်ဝရှာပါတယ်။ မိမိလည်း နှစ်သက်ပေမယ့် သမီး လတ်တို့ အသိုင်းအဝိုင်းက ဖြစ်နေသည်။

"အဖေ ... နားချင်တယ်၊ အဖေ့အတွက် စိတ်မပူကြနဲ့ မင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ထောင်ရေးကိုပဲ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေ တည်ဆောက်ကြပါ ... အဖေ့ကို ကျေးဇူးဆပ်တာနဲ့အတူတူပဲလေ ... "

မြလည်း ကိုခန့်အဖေကို ဖြစ်ထားမိတာ နောင်တရမိသည်။ စိတ်သဘောထားပြည့်ဝကြသူတွေပါပဲ။ ကိုခန့် မိသားစုက မြတို့ကို လာပြီး အနှောက်အယှက်မပေးကြ။ မြ နောင်တရမိသည်။ မြလည်း သားမွေးရမှာပဲ။

"အဖေ မလိုက်ချင်လည်း မြတို့ ကျွေးမွေးစောင့်ရှောက်မှာကို လက်ခံပေးပါနော်"

အဖေ့ဆေးဖိုးကို ကျခံဖို့ တာဝန်ယူလိုက်သည်။ မြ မွေးလည်း ကန်တော့၏။ မြ စိတ်အေးချမ်းသွားရသည်။

"အဖေ သားလည်း မကြာခဏ လာပါ့မယ် ... နှင်းလည်းရှိနေတာပဲ၊ နှင်းလည်း အိမ်ထောင်ရေးအဆင်ပြေသွားမှာပါအဖေ"

"အင်းပါ"

သားကြီး ပြန်သွားသည်။ မိမိမသေခင် သားကြီးအတွက် စိတ်အေးချမ်းသွားရ၏။ သမီးလတ်ပဲ ...

"အဖေ အိပ်တော့မယ် ... သမီးကြီးလည်း ပျော်အောင်နေပါ၊ မတတ်နိုင်ဘူးလေ ... လူ့လောကကြီးက ဒီလိုပါပဲကွယ်၊ အားမငယ်ပါနဲ့ ... "

"ဟုတ်ကဲ့ အဖေ ... "





နှင်း အဖေ့ရှေ့မှာနေရတာ စိတ်မလုံတော့။ ကိုကြီးတို့ မိသားစုကတော့ အဆင်ပြေသွားပြီဖြစ်သည်။ စိတ်အေးရတာပဲ။ မောင်ကရော နှင်းအိမ်ပေါ်ကနေ ဆင်းလာတာ တစ်ပတ်ရှိပြီ။ မောင့်ဆီက ဆက်သွယ်လာတာမျိုးတွေ မရှိခဲ့။ ကောင်းပါတယ် မောင်ရယ် ... နှင်း ကျေနပ်ပါတယ်လေ။ မောင့်မာမီ စိတ်ချမ်းသာပါစေ။ နှင်းအဖေ့အနားကနေ ထွက်လာခဲ့သည်။ ညနေစောင်းတော့ သီရိလည်း ပြန်ရောက်လာ၏။ ကိုကြီးတို့ လင်မယား အဖေ့ကို လာကန်တော့တယ်ဆိုတော့ ဝမ်းသာနေသည်။

"အဖေ့အတွက် ကောင်းတယ် မမနှင်း ... အဖေက သားကြီးကို တွေ့ချင်နေတာလေ"

"ဟုတ်တယ် သီရိ ... အဖေပျော်နေတယ်၊ ကိုကြီးတို့က အဖေဆေးကုသစရိတ်ကိုလည်း တာဝန်ယူတယ် ... ပိုက်ဆံတွေလည်း ကန်တော့သွားတယ်လေ"

အဖေ့ကျန်းမာရေး ဆေးကုသစရိတ် ကိုကြီးအစောကြီးထဲကသာ တာဝန်ယူလျှင် ဦးရဲလင်းထက်နှင့်ပတ်သက် ငြိတွယ်စရာ ရှိမည်မဟုတ်ချေ... လိုပေ။ သီရိ စိတ်ထဲမှာ ဦးရဲလင်းထက်ကို လက်ထပ်ရမှာ တွန့်ဆုတ်ကြောက်ရွံ့နေမိသည်။ အဖေ့ကြောင့်ပါ ... အဖေက ကျေးဇူးရှင်ကြီးအဖြစ် သတ်မှတ်ထား၍ဖြစ်သည်။

"သီရိ ... "

"ဟင် ... "

"ဘာတွေစဉ်းစားနေတာလဲ ဦးရဲလင်းထက်နဲ့ လက်မထပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တာမဟုတ်လား ... မမဖြောင်းဖျပေးပါ့မယ်"

"နေပါစေမမရယ် ... အဖေ မကွယ်လွန်ခင် အရာရာအဖေ့ဆန္ဒတွေအတိုင်းပဲ ဖြစ်ပါစေတော့လေ ..."

သီရိကတော့ အဖေဆန္ဒအတိုင်း လုပ်ဆောင်ပေးဖို့ပဲ ဆုံးဖြတ်ထားသည်။ သားသမီးတွေအတွက် အဖေအမြဲတမ်း စိတ်ပူပင်သောကရောက်ရှာ၏။ ဒေါက်တာ တိမ်တစကို သီရိချစ်မိနေပြီလားတောင် မသိပေမယ့် မုန်းတီးနာကြည်းနေအောင်ပဲ တွေးနေမိသည်။

"သီရိ အဖေ့ဆီသွားဦးမယ် ..."

"သွားလေ"

သီရိ အဖေ့ဆီ ထွက်လာခဲ့သည်။ အဖေ ချောင်းတွေအရမ်းဆိုးနေ၏။ ဆေးခန်းသွားရဦးမယ် မဟုတ်လား။

"အဖေ"

"သမီးငယ် ... ပြန်လာပြီလား ... အဟွတ် ... ဟွတ် ..."

"အဖေ ချောင်းတွေအရမ်းဆိုးနေတယ်၊ ဆေးခန်းသွားရဦးမယ်လေ ..."

"မနက်ဖြန်တော့ သားကြီးက ဆေးရုံတင်မယ်လို့ ပြောသွားတယ်၊ အဖေကတော့ သေလူပဲ ငွေကုန်ကြေးကျ မခံစေချင်တော့ဘူးလေ ..."

"အဖေရယ် ... ကိုကြီးကုသိုလ်ပဲ လက်ခံပေးပါ"

"အင်းလေ"





"အဟွတ် ... ဟွတ် ..."

"သမီးလေး ..."

"ရှင် အဖေ ..."

"မောင်ရဲလင်းထက်နဲ့ လက်ထပ်ပါကွယ်၊ အဖေ့ဆန္ဒပါ၊ အဖေကတော့ မငြင်းစေချင်ဘူး ... ကျေးဇူးဆပ်ရမယ်လေ၊ သားကြီးလာထောက်ပံ့မှ စိတ်သဘောထားပြောင်းသွားတာမျိုး အဖေလက်မခံနိုင်ဘူး"

"စိတ်ချပါအဖေရယ် ... သီရိက အဖေ့ဆန္ဒပါပဲ ... သီရိ လက်ခံမှာပါ"

သမီးလေးက မောင်ရဲလင်းထက်ကို လက်မထပ်ချင်တာ မိမိသိနေသည်။ မိမိ ဘယ်လိုမှ ငြင်းဆန်၍မရဘဲ ဖြစ်သွားရ၏။ မောင်ရဲလင်းထက်ကပဲ စောင့်ရှောက်ထောက်ပံ့လာခဲ့တာပဲ ဖြစ်သည်။

"မနက်ဖြန်တော့ ကိုကြီးတို့ စီစဉ်တာ အဖေလက်ခံပြီး ဆေးရုံတက်ပါနော်"

"အင်းပါ ..."

အဖေက လက်ခံ၍ သီရိပျော်ရွှင်သွားရသည်။ အဖေ သေဆုံးမယ်ဆိုရင်တောင် သက်သက်သာသာနှင့် ဖြစ်စေချင်သည်။

"တီ ... တီ ..."

"တီ ..."

"အဖေ ကားတစ်စီးရပ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကားလဲ ... မောင်ရဲလင်းထက်ကား ထင်တယ်"

သီရိ ကြည့်လိုက်တော့ ကားပေါ်ကနေ မမနှင်းခင်ပွန်းနှင့် ယောက္ခမကြီး ဆင်းလာ၍ သီရိ အံ့သြသွားရသည်။

"အဖေ မမနှင်း ခင်ပွန်းနဲ့ယောက္ခမကြီးပဲ"

"ဟုတ်လား"

ကားပေါ်ကဆင်းလာပြီး အိမ်လေးပေါ် တက်လာသည်။ မမနှင်းက ဆီးကြိုပြီး အဖေ့အိပ်ခန်းထဲ ဝင်လာကြ၏။ ကားပေါ်မှာ ကျန်ခဲ့သူက ဒေါက်တာတိမ်တစ။

"ကျွန်မတို့ကို ခွင့်လွှတ်ပါ နှင်းအဖေရယ် ... ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့ လူမဆန်အောင် ယုတ်မာရက်စက်ခဲ့ကြလို့ပါ"

မမနှင်း ယောက္ခမကြီးက အဖေ့ကို တောင်းပန်သည်။

"သမီးနှင်းမှာ ကိုယ်ဝန်ရှိနေပြီလို့ သားငယ်တစက ပြောပြတာလေ၊ ကျွန်မကိုကြောက်ပြီး ကလေးဖျက်ချပစ်မှာကြောက်တယ်ထင်တယ် ... ထွက်သွားတယ်လေ"

နှင်းကတော့ ယောက္ခမကြီးရဲ့ ပြောင်းလဲမှုအတွက် ဝမ်းသာနေသည်။ သူမရင်သွေးလေးကို ဖျက်စီးပြစ်မှာ ကြောက်နေရတာပါ။ အခု လက်ခံမယ်ဆိုတော့ နှင်းအိပ်မက်မက်နေလားဟုပင် ထင်နေသည်။

"ကျွန်မ အတ္တကြီးတာပါ၊ လူမဆန်တာပါ၊ ကျွန်မ ရှက်လည်း ရှက်မိပါတယ် ... သားကြီးလည်း သမီးနှင်းကိုပဲ တမ်းတပြီးဘဝပျက် တော့မလို့ သားကြီးက သူ့ကိုယ်သူတောင် သတ်သေဖို့ ကြံစည်တဲ့





အထိပဲ ... ကျွန်မ နောင်တရပါပြီ"

မောင်ရယ် ... နှင်းထိတ်ထိတ်ပြာပြာနှင့် မောင့်ကိုကြည့်မိသည်။ မောင် ပိန်ချုံးသွားတာပဲ။

"ဒါက သမီးအငယ်လေးလား ... ချစ်စရာလေးပဲ၊ အားလုံးကို တောင်းပန်ပါတယ်ကွယ် ... နောက်ဆို မိသားစုဝင်တွေ ပျော်ပျော်ပါးပါး စုစုစည်းစည်း နေထိုင်ကြရအောင်ပါ"

မောင့်ယောက္ခမကြီးက အဖေ့လက်ကို ဆုပ်ကိုင်၍တောင်းပန်သည်။ နှင်းကိုလည်း တောင်းပန်နေ၏။ ရင်သွေးလေးအတွက် မာမီက တာဝန်ယူမည်ဟု ပြောနေသည်။

"သမီး ပြန်လိုက်ခဲ့နော် ... အဖေ့ဆီ မကြာခဏ လာပေါ့ကွယ်၊ ရင်သွေးလေးအတွက် စောင့်ရှောက်ရမယ်၊ မာမီ တောင်းပန်ပါတယ်၊ သမီးနှင်းက မာမီ့အပေါ် ရှိသေပြီး အနစ်နာခံခဲ့တဲ့ချွေးမပါ"

မိသားစုဝင်တွေအားလုံး အဆင်ပြေသွားပြီဆိုတော့လည်း သီရိအကြည့်တွေက ကားပေါ်မှာထိုင်နေတဲ့ ဒေါက်တာတိမ်တစထံ ရောက်သွားသည်။ သူမအား လက်ပြ၍ နှုတ်ဆက်နေသဖြင့် သူမ မျက်စောင်းတင်းတင်းလေးထိုး၍ မျက်နှာကို ချာခနဲ လှည့်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၃ )

"ကျွန်မက ဦးရဲလင်းထက်ရဲ့ ချစ်သူပါ။ ဦးရဲလင်းထက်ဆိုတဲ့ လူက သိပ်ပြီးရှုပ်ပွေတဲ့ လူတစ်ယောက်ပါ ... မိန်းကလေးတွေ အများစုကို အပျော်တွဲပြီး ထားခဲ့တတ်တယ်၊ သူ့မိန်းမက သူ့အပေါ် သစ္စာမရှိတော့ မိန်းမတွေကိုလည်း တန်ဖိုးမထားဘူး"

"ဟင်"

အဖေ အံ့သြနေသည်။

"မင်း ဘယ်သူလဲ ... "

"ဦးရဲလင်းထက်နဲ့ပတ်သက်ခဲ့ဖူးတဲ့ မိန်းကလေးပါ၊ အခု ... လောလောဆယ်တော့ ရွှေရည်ဆိုတာနဲ့ ရှုပ်နေတယ်"

ရွှေရည်နှင့်တွဲရိုက်ထားသော ဓာတ်ပုံတွေ အဖေ့ကိုပေးခဲ့သည်။

အဖေသည် စိတ်ထိခိုက် ကြေကွဲမှုတွေကို အတိုင်းအဆမရှိ





အောင် ဖြစ်ရသည်။

သူမအတွက် ယူကျုံးမရ ဖြစ်နေ၏။

"ဦးရဲလင်းထက်ဟာ အရှမ်းရှုပ်ပွေတယ်၊ ဦးသမီး ဘဝရှေ့ ရေးအတွက် ကျွန်မ လာအသိပေးတာပါ"

အဖေ ...

နောင်တ ရနေသည်။

"မောင်ရဲလင်းထက်ကို အဖေ အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ လက်ထပ်ဖို့ကိစ္စကိုတော့ မောင်ရဲလင်းထက်က ဆန္ဒရှိမယ်ဆိုရင် တော့ ... "

"အဖေ"

"သမီး လက်ခံလိုက်ပါ"

"သမီးဘဝ ... "

"အဖေတို့ကို သူဘယ်လောက် ကျေးဇူးပြုခဲ့လဲ၊ ပေးဆပ်မှု တစ်ခုပဲလို့ သမီးသဘောထားပါ ... အဖေ အခွင့်အရေး တစ်ခုပေး တာက သမီးနဲ့ မောင်ရဲလင်းထက် ဆွေးနွေးပါ ... သူ့ရဲ့ဆန္ဒပဲ အဖေ အဓိက ထားမယ်"

အဖေက သမီးဘဝကြီးတစ်ခုလုံးနဲ့ ပုံလဲပြီး ပေးဆပ်တော့ မှာလား။

"အဖေ့ဆန္ဒတွေအတိုင်းပဲ ဖြစ်စေရပါ့မယ်"

အဖေ စိတ်ချမ်းသာမလား။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက အရင်ကလောက် တောက်ပမနေတော့။

"ဒီလောက်အထိ ရှုပ်ပွေနေတဲ့ ယောကျာ်းတစ်ယောက်ကို မင်းလက်ထပ်ဦးမလို့လား သီရိ ... "

"ဟုတ်တယ်"

"မင်းက စည်းစိမ်ဥစ္စာ ငွေကြေးတွေကို မက်မောပြီး ... "

"ရှင် ဆက်မပြောနဲ့တော့နော် ... "

မမနှင်းကိုယ်တိုင်လည်း အဖေ့ကို နားချပြီးပြီ။

မရပေ။

ဦးရဲလင်းထက်ရဲ့ အကူအညီတွေ ယူပြီးပြီတဲ့။

အဖေက ကျေးဇူးတရားတွေကို သိတတ်လွန်းနေသည်။

အဖေ့ဆန္ဒပဲ။

အားနာတတ်သော အဖေသည် ဦးရဲလင်းထက်ရဲ့ ကိုယ်ကျင့်တရား ပျက်ပြားမှုတွေကို ဖွင့်ဟပြောမှာမဟုတ်။

ဘာဖြစ်လို့ ဒီလိုတွေဖြစ်ရတာလဲ။

အဖေ့အခြေနေက ပို၍ ဆိုးဝါးလာသလို ဖြစ်လာရသည်။

မောပန်းနွမ်းနယ်လာ၏။

ချောင်းတွေက တအားဆိုးလာသည်။

မမလတ်ရော ကိုကြီးပါ အဖေ့ကို ဂရုတစိုက် ကြည့်ရှုကြ၏။

သီရိ အစောကြီးကတည်းက ဖြစ်စေချင်တာ မဖြစ်ခဲ့ရဘူး။

"အဖေ့ဆန္ဒတွေဟာ သမီးဆန္ဒတွေပါပဲ"



BURMESE CLASSIC .com



နှုတ်ခမ်းလေးတွေက တဆတ်ဆတ်တုန်ရီနေသည်။

ဒေါက်တာ တိမ်တစကို သူမ တစ်ချိန်က အမုန်းကြီးမုန်းခဲ့၏။

ဘယ်လို အကူအညီမျိုးကိုမှ မတောင်းခံဘဲ နေနိုင်ခဲ့သည်။

ဦးရဲလင်းထက်နှင့် တွေ့၏။

ငွေငွေ ပြောတာတွေကို အဖေသည် လုံးဝမပြောခဲ့ပေ။

ကျွန်မ ရင်ဆိုင်လိုက်သည်။

"ကိုယ် ဘယ်လိုဖြေရမလဲ သီရိ ... ငွေငွေပြောတာတွေကို မင်းယုံလား"

"ရွှေရည်ဆိုတာက ... "

ငွေငွေအားလုံး ဖော်ကောင်လုပ်သွားပြီဟု သိလိုက်သည်။

ဦးရဲလင်းထက် အရှက်သိက္ခာတွေ ကျဆင်းသွားရ၏။

"သီရိ ဘာဖြစ်ချင်လဲ ... "

"ကျွန်မ ... "

"ကိုယ်ကတော့ ... "

"ကျွန်မတို့နှစ်ယောက် လမ်းခွဲသင့်နေပါပြီ ... အဖေက တော့ ရှင့်ဆန္ဒအတိုင်းပဲ ဖြစ်စေချင်တယ် ... ရှင် စဉ်းစားပါ"

"သီရိ ... "

"ပြောပါ"

"ကိုယ့်ကို အထင်သေးသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အထင်မသေးပါဘူး ... ဒါပေမယ့် ရှင့်ကို ကျွန်မ ချစ်လို့ရှ မှာမဟုတ်ဘူး ... အကောင်းဆုံးက ရှင့်ကို နားလည်မှုရှိတဲ့ ရွှေရည်နဲ့ပဲ လက်ထပ်သင့်တယ်လို့ ထင်တယ်"

သူမ ...

ပြတ်သားစွာ ပြောလိုက်သည်။

ဘဝမှာ အရှည်ကြာဆုံး လက်တွဲရမည့် ယောကျ်ားတစ်ယောက်ဖြစ်နေ၍ သူမ ပြတ်သားသင့်သည်ဟု ထင်မိ၏။

"သီရိ"

"ဟင်"

"မင်းပြောတာ မှန်တယ် ... ကိုယ်လေးစားတယ်၊ ကိုယ့်ကို လက်ထပ်သင့်တာ ရွှေရည်ပါပဲ ... "

ရွှေရည်က သူ့ဘဝကို နားလည်ဆုံးမိန်းမ။

သူ့ကို အချစ်ဆုံးမိန်းမ။

အချစ်နဲ့ပဲ အိမ်ထောင်တစ်ခုကို တည်ဆောက်သင့်သည်။

သီရိက သူ့ထက်ငယ်သူ။

အချစ်မရှိလျှင် ...

"အချစ်နဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်တာ အသင့်တော်ဆုံးပါပဲ သီရိ"

သူမအနားကနေ ဦးရဲလင်းထက် လှည့်ထွက်သွားတော့သည်။





"ဟင်း"

သက်ပြင်းမောကြီးကို ပြင်းပြစွာ မှုတ်ထုတ်ပစ်လိုက်မိသည်။

ဦးရဲလင်းထက်က နောက်ဆုတ်သွားကြောင်းသိတဲ့အချိန်တွင် အဖေ အနည်းငယ်တော့ စိတ်သက်သာသွားရပုံပင်။

"အဖေက သေလူပါ ... နောက်တော့ သမီးအိမ်ထောင်ရေးကို သမီးဆန္ဒတွေအတိုင်းပဲ ဆုံးဖြတ်ပါ"

သူမ စိတ်သက်သာရာရစွာဖြင့် အဖေ့ကို ကြည့်မိသည်။

သူ ရောက်လာ၏။

အဖေ့ကျန်းမာရေးအတွက် တဆပဲ တာဝန်ယူစောင့်ရှောက်နေသည်။

"သီရိ"

"ဟင်"

"ဦးရဲလင်းထက်က နောက်ဆုတ်သွားပြီဆို"

"အင်း"

"မင်း ပြတ်သားတာပဲ သီရိ"

သူမ မျက်ဝန်းတွေက ကျေနပ်စွာဖြင့် ပြုံးနေသည်။

"အချစ်မပါတဲ့ အိမ်ထောင်ရေးကို သီရိ မတည်ဆောက်ချင်လို့ပါ"

"ဒါဆို ... ကိုယ့်ကို ချစ်တယ်ပေါ့"

"ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



“အချစ်နဲ့ အိမ်ထောင်ရေးကို တည်ဆောက်ကြမယ်နော် သီရိ”

“ဟာကွာ ... ”

သီရိ ရှက်ရွံ့စွာဖြင့် ခေါင်းလေးကို ငုံ့ပစ်လိုက်သည်။

“အရင်က ရှင့်ကို ကျွန်မ အရမ်းမုန်းခဲ့တာ”

“အခုရော”

သီရိ မျက်ဝန်းလေးတွေထဲမှာ ရှင့်အတွက် အဖြေရှိနေ[illegible] တယ်။

မျက်ဝန်းအကြည့်တွေက နှစ်ယောက်လုံး အကြည့်ချင်း[illegible] တွေ့နေကြသည်။

“ကျွန်မ မျက်ဝန်းလေးတွေထဲမှာ အဖြေရှိတယ် ... ရှင် ရှာ ကြည့်လေ ... ”

သူမ မျက်ဝန်းတွေကို စူးစိုက်ကြည့်နေရင်းမှ သူ့မျက်ဝန်း[illegible] ဝင်းလက်တောက်ပသွားပြီး သူမ ကိုယ်လုံးလေးကို ရုတ်တ[illegible] တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်တော့သည်။

သ[illegible]

BURMESE CLASSIC .com

www.burmeseclassic.com